The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Jan 19 , 2015

## ကယားပြည်နယ်နေ့ပွဲတော်တွင် ကုန်သွယ်မှုမြှင့်တင်ရေးပြခန်းဖွင့်လှစ်ပြသ



| မောင်မောင်အေး - လှိုင်ကော် | ၁၄

၃၃ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၆) သင်တန်းဖွင့်လှစ်မည်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ အောက်တိုဘာလတွင် စတင်မည်

၁ မုံရွာခိုင်တွင် ပဲပုပ်နဲ့ ပဲစင်းငုံတို့ အဝင်လျှိုင်



# ၃နဲ့၄ ဖြစ်သွားတဲ့ ဖရဲသီးနဲ့ သခွားမွှေးဈေးကွက်

၂၀

| စိုင်းမြင့်ဗိုလ်-ရွှေကြိုင်၊ မူဆယ် |


JPM
CAR SALE CENTER
Website : www.jpmautocenter.com ,
www.facebook.com/JpmCarSaleCenter
Email : www.jpmautocenter@gmail.com
AYEYARWADY BANK နှင့် ချိတ်ဆက်၍ လည်း အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်ပြီဖြစ်ပါသည်
TOYOTA
LANDCRUISER PRADO
TOYOTA
RAV-4
TOYOTA
WISH
ခေတ်မီလှပပြီး မြန်မာနိုင်ငံသားများနှင့်အထူးသင့်လျော်သောဂျပန်နိုင်ငံမှတင်သွင်းလာသည့်
အရည်အသွေးမြင့် ကားကောင်းကားသန့်များကိုကျွန်တော်တို့
JPM Car Sale Center မှ စေတနာအပြည့်
အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ရောင်းချပေးနေပါသည်။
TOYOTA
COROLLA FIELDER
TOYOTA
CROWN
TOYOTA
PREMIO
အမှတ် ( 42 / A )၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
( 5 Movie ရုံးချုပ်အနီး ၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )
Hot Line : 09 25 300 8800






# Toyota Automotive-Myanmar Automotive Business Seminar ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Toyota Motor Asia Pacific Private Ltd. တို့ ပူးပေါင်းကျင်းပပြုလုပ်သော Toyota Automotive-Myanmar Automotive Business Seminar ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်က နေပြည်တော်တွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံ၏ Automotive Industry ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး Toyota Motor မှ အတွေ့အကြုံနှင့် လုပ်ငန်းစဉ်များကို မျှဝေခြင်း၊ မော်တော်ယာဉ်ထုတ်လုပ်/တင်သွင်းခြင်းနှင့်ပတ်သက်ပြီး ဌာနဆိုင်ရာအသီးသီးရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း၊ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုတိုးမြှင့်လာစေရေး အတွေ့အကြုံများ၊ အစဉ်အလာကောင်းများ ရရှိစေရန်အတွက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်စက်တင်ဘာလ ၁၁ ရက်နေ့မှစတင်ပြီး အိုမင်းဟောင်းနွမ်းသော ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များအား အစားထိုးလဲလှယ်ရေး အစီအစဉ်အရ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၇ သို့




## Thailand Week 2015 ကုန်စည်ပြပွဲကျင်းပ

Thailand Week 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ရှင်စောပုလမ်း၊ Myanmar Event Park (MEP)၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Mrs Apiradee Tantraporn, နှင့် Director General Mrs Nuntawan Sakuntanga မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr.Pisanu Suvanajata နှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသည်။ အဆိုပါ ကုန်စည်ပြပွဲသည် ထိုင်း-မြန်မာစီးပွားရေး အခွင့်အလမ်းများ ရေရှည်တည်တံ့စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံရှိ ကုမ္ပဏီပေါင်း ၇၁ ခုမှ ပြခန်းပေါင်း ၂၄၀ ကျော်ဖြင့် ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့ပါသည်။

၎င်းကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံမှ သစ်သီးဝလံများ၊ ထိုင်းရိုးရာ အစားအစာများ ချက်ပြုတ်နည်းပညာများပြသခြင်း၊ ကျွေးမွေးခြင်း၊ ကျန်းမာရေးနှင့် အလှအပ ထုတ်ကုန်များ၊ ဖက်ရှင်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဝန်ဆောင်မှုကဏ္ဍ/ဟိုတယ်၊ ဆောက်လုပ်ရေး၊ ပညာရေး၊ Spa၊ ကိုယ်စားလှယ်စက်မှုလုပ်ငန်းများ၊ ထိုင်းနိုင်ငံထုတ်ကုန်များနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍများ၊ PM Award ရရှိသည့် ပုံစံဒီဇိုင်းဆန်းများ၊ နှစ်နိုင်ငံစီးပွားရေးကွန်ရက် ချိတ်ဆက်မှု ရောင်းသူ/ဝယ်သူ စီးပွားရေးနီးနှောဖလှယ်ပွဲများ၊ ထိုင်းနှင့် မြန်မာအကြား ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်စပ်လျဉ်းသည့် စီးပွားရေးပညာပေး Seminars များအား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ရက် မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့ရာ စိတ်ပါဝင်စားသူများ လုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။ **KMT**

## ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍ(Working Group) တို့ တွေ့ဆုံဆွေးနွေး



ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍ(Working Group)တို့၏တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့်ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ နိုင်ငံတော်သမ္မတရုံး (၅) မှ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံစက်မှုကုန် ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကဏ္ဍ (Working Group) အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၇ သို့**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇော်ခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.3 Monday Jan 19 2015

# ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၁၅၀ ကျော် ပိုမိုတင်ပို့ထားတဲ့ မြန်မာ့ဆန်နဲ့ ဆန်ကွဲ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးနှုန်းမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၁၅ ရက် ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၂၉၅၀၀ ကျပ်၊ ထိပ်စ ၃၁၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းလတ်စ တစ်အိတ် ၃၁၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ တစ်အိတ် ၂၈၀၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်အတွင်း ဈေးဆက်တက်ခဲ့တာတွေ့ရပေမယ့် ယနေ့အရောင်းအဝယ်နဲ့ ဈေးပါအနည်းငယ်ပြန်တန့်သွားတယ်လို့ ဆိုပါတယ်။ ဆန်ချောက တောက်လျှောက်အနည်းငယ်စီ ဈေးတက်နေရာမှ အရောင်းအဝယ်နဲ့ ဈေးပါပြန်တန့်သွားတာဖြစ်ကြောင်း၊ ဧည့်မထအောက်စ တစ်အိတ်ကို ၁၄၀၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်ထက် ၂၀၀ ကျပ်ခန့် ဈေးအနည်းငယ်ပြန်တက်ခဲ့ပြီး ဝါးတန်းဒိုင်သို့ ဆန်အဝင်နဲ့ အထွက်မှာ မျှနေသော်လည်း ယခုရက်ပိုင်းအရောင်းအဝယ် အနည်းငယ်အေးသွားတယ်လို့ ကုန်စည်ဒိုင်ဆန်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၀၀၀ ကျပ်ခန့် ဈေးနှုန်းဖြစ်ပေါ်ပြီး၊ ဆန်ကြမ်းအနည်းငယ်အဝင်ပါးနေလို့ ဈေးတက်ရတာဖြစ်ကြောင်း၊ ရန်ကုန် FOB သင်္ဘောတင်အတွက် ပုံမှန်လေးဝယ်နေချိန်မှာ ဆန်ကြမ်းအဝင်နည်းနည်းပါးလို့ ဧည့်မထ ၂၅ မှတ် ပြည် တွင်းဆန်ဈေး အနည်းငယ်တက်ကာ ယခင်အပတ်ထက် တစ်အိတ်ကို ၂၀၀ ကျပ်ခန့် ဈေးတက်ရတာဖြစ်ကြောင်း၊ EMATA MYANMAR 25% FOB (Yangon) 310-320 USD / MT ဟု ဆိုသော်လည်း လက်တွေ့ရောင်းချရာတွင် 300 USD / MT ခန့်ထိ ဈေးချရောင်းချပေးရမှုများရှိနေပြီး ငွေလဲနှုန်းမှာ မြင့်နေသဖြင့်သာ အနည်းငယ်ခံသာတာဖြစ်တယ်လို့ ကြား သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ ရက်ထိ တန်ချိန် ၁၂၈၁၆၀၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၆၄ သန်း ကျော်ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၄၄၈၁၅၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော်ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ မြန်မာ့ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ရန်ကုန် FOB အတင်သမား ပုံမှန်ဝယ်နေသော်လည်း မူဆယ်မှာ တရုတ်နှစ်သစ်ကူးနီးလာချိန်ရောက်မှသာ အရောင်းအဝယ်ပါးမည်ဖြစ်၍ ဆန်ကြမ်းဈေးတွေ ဒီအတိုင်းခန့်သာ ဆက်သွားနိုင်ပြီး ဆန်ချောမှာလည်း တောက်လျှောက်တက်ဈေးဖြစ်ခဲ့လို့ ဈေးရောအရောင်းအဝယ်ပါ အီနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၇ | ၄၂၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၁၉ | △ | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၈၅ | △ | ၃၇၅ | ၃၇၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၉၈ | ၃၉၉ | △ | ၃၄၅ | ၃၄၀ | ▽ | ၃၅၀ | ၃၆၀ | △ | ၃၂၅ | ၃၂၅ | □ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၇၅ | ၃၇၅ | △ | ၄၀၅ | ၄၀၀ | ▽ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၁၀ | ၅၁၀ | □ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၉၅ | ၄၉၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၈၆၀ | △ | ၁၅၀၀၀ | □ | ၆၆၂၄ | △ | ၃၀၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၂၂၀ | □ | ၂၈၀၀၀ | □ |
| ပဲခူး | ၃၅၅၀ | □ | ၁၄၅၀၀ | △ | ၅၅၀၀ | □ | ၂၄၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၁၇၅၀၀ | □ | ၈၆၀၀ | △ | ၂၉၅၀၀ | □ |
| စစ်တွေ | ၃၈၀၀ | □ | ၁၄၅၀၀ | □ | ၅၇၅၀ | △ | ၂၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၅၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | △ | ၁၅၃၀၀ | □ | - | - | ၂၈၀၀၀ | △ |
| မန္တလေး | ၄၄၀၀ | □ | ၁၇၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၄၅၀၀ | □ | ၁၇၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၃၀၀၀ | □ | ၆၄၀၀ | □ | ၂၁၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | ▽ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၄၂၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၅၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဧရာဝတီ မိုးစပါးစိုက်တောင်သူများ ယခင်နှစ်ထက် ဈေးပိုရပြီး အရောင်းအဝယ်သွက်နေ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင်းရှိ မိုးစပါးစိုက်ပျိုးသော တောင်သူများမှာ ယခင်နှစ်ထက် ဈေးပို၍ ရရှိကြောင်း ယခင်နှစ်မိုးစပါးပေါ်ချိန် ဧည့်မထစပါး တင်း ၁၀၀ ဈေးနှုန်းမှာ ၃၈၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ကို ၁၄၀၀၀-၁၅၀၀၀ ကျပ်ဈေး၊ ယခုနှစ်မိုးစပါးလှိုင်လှိုင်ပေါ်ချိန် ဧည့်မထ စပါးဈေး ၄၁၀၀၀၀ ကျပ်မှ ယခု ၄၃၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ်ကို ၁၆၀၀၀ ကျပ်ဈေးဖြစ်ခဲ့သလို ယခင်နှစ်ပေါ်ဆန်းရင်စပါး တင်း ၁၀၀ ကို ၆၃၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ၂၂၀၀၀-၂၃၀၀၀ ကျပ်ဈေး၊ ယခုနှစ်ပေါ်ဆန်းရင် စပါးဈေးမှာ ၇၄၀၀၀၀-၇၅၀၀၀၀ ကျပ်ဖြင့် ဈေးမြင့်ရရှိပြီး ဆန်တစ်အိတ်ကို ၂၈၀၀၀-၂၉၀၀၀ ကျပ်ဈေးဖြစ်သွားကြောင်း၊ ထိုနည်းတူ ယခင်နှစ် ဧရာဝတီပေါ်ဆန်းစပါးဈေး ၇၄၀၀၀၀-၇၅၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ် ၂၅၀၀၀ ကျပ်-၂၆၀၀၀ ကျပ်ဈေးမှ ယခုနှစ် ဧရာဝတီပေါ်ဆန်းစပါးဈေးနှုန်းမှာ ၈၄၀၀၀၀-၈၅၀၀၀၀ ကျပ်ဈေးတွင် ဆန်တစ်အိတ်ဈေးမှာလည်း ၃၀၀၀၀-၃၁၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

ပုသိမ်မြို့တွင်းရှိ ဧည့်မထစပါးဈေးကွက်မှာ ယခုနှစ် စပါးသစ်စပေါ်ချိန် တစ်ပတ်၊ နှစ်ပတ်အတွင်း အရောင်းအဝယ်အေးချိန် စပါးဈေးနှုန်းမှာ လေးသိန်းကျပ်အောက်ခဏသာရောက်သွားပြီး၊ နောက်ပိုင်း လေးသိန်းကျပ်ကျော်ဈေးနှုန်းဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ပုသိမ်ဈေးကွက်မှ ရန်ကုန်သို့ ပေါ်ဆန်း၊ ဧည့်မထ၊ ကောက်ည င်း၊ နွေသီးထပ်ဆန်များ နေ့စဉ် ကားအစီးရေ ၁၅၊ ၂၀ စီးခန့် တင်ပို့၍ အထက်အညာ မန္တလေးသို့လည်း သင်္ဘောများနှင့် တင်ပို့လျက်ရှိကြောင်း ပုသိမ်မြို့ရှိ ဆန်ဈေးကွက်မှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# အာရှ၊ အာဖရိကနဲ့ ဥရောပသမဂ္ဂနိုင်ငံများသို့ ယခင်လကထက် မြန်မာ့ဆန်ပိုမိုတင်ပို့

မြန်မာ့ဆန်ဖြူနဲ့ ပေါင်းဆန်ကို အာရှ၊ အာဖရိကနဲ့ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ကန်ဒေါ်လာ ၁၄ဒသမ ၄၃၃သန်းတန်ဖိုးရှိတဲ့ ဆန်ဖြူ ၃၉၅၆၁ တန်နဲ့ ကန်ဒေါ်လာ ၂ ဒသမ ၇၈၀ သန်း တန်ဖိုးရှိ ပေါင်းဆန် ၆၃၉၆ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။

ပေါင်းဆန်ကို ဗြိတိန်နိုင်ငံကို တန်ချိန် ၁၂၀၀၊ ပိုလန်နိုင်ငံကို ၃၉၄၆ တန်၊ ပြင်သစ်ကို ၇၅ တန်၊ ဟန်ဂေရီနိုင်ငံကိုတန် ၅၀၊ လစ်သူယေးနီးယားကို ၂၅ တန်၊ စင်ကာပူကို တန် ၁၀၀၊ ရုရှားကို တန် ၁၀၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ အနီးစပ်ဆုံးနိုဝင်ဘာလကထက် ၃၀၇၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဆန်ဖြူတင်ပို့မှုကို ကြည့်ပါက ကန်ဒေါ်လာ ၇ ဒသမ ၃၇၅ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ် ဆန်ကို ၂၃၄၄၀ တန်တင်ပို့ခဲ့ပြီး၊ နိုင်ငံအလိုက် တင်ပို့မှုများမှာ စင်ကာပူနိုင်ငံကို ၂၂၂၅ တန်၊ ကိုရီးယားကို တန် ၅၀၀၊ သီရိလင်္ကာကို ၅၆၂၅ တန်၊ ရုရှားကို တန် ၇၅၀၊ ပိုလန်ကို တန် ၂၄၀၊ ဘူလ်ဂေးရီးယားကို တန် ၅၀၀၀ တင်ပို့ခဲ့ပြီး အာဖရိကနိုင်ငံများ ဖြစ်တဲ့ နိုင်ဂျာကို တန် ၁၀၀၀၊ ဂါနာကို တန် ၂၆၀၀၊ အိုင်ဗရီကို့စ်ကို တန် ၅၅၀၀ တင်ပို့ခဲ့ပါတယ်။

ကန်ဒေါ်လာ ၂ ဒသမ ၉၀၆ သန်းတန်ဖိုးရှိ ဧည့်မထ ၅ မှတ်ဆန်ကို ၇၂၂၉ တန်တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ စင်ကာပူနိုင်ငံကို တန် ၅၀၀၊ ရုရှားကို တန် ၂၀၀၀၊ ပိုလန်ကို ၁၂၆၄ တန်၊ ဘူဂေးရီးယားကို တန် ၃၀၀၀၊ ခရိုတီးယားကို ၂၂၅ တန်နဲ့ ဂါနာကို တန် ၂၄၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။

ကန်ဒေါ်လာ သုည ဒသမ ၁၄၆ သန်းတန်ဖိုးရှိဧည့်မထဆန် ၁၀ မှတ်ကို ၃၇၅ တန် တင်ပို့ခဲ့ပြီး ရုရှားကို တန် ၂၅၀ နဲ့ ဘူဂေးရီးယားကို ၁၂၅ တန်စီ တင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၄၀၅ သန်းတန်ဖိုးရှိဧည့်မထဆန် ၁၅မှတ်ကို ၁၀၈၀ တန် တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ စင်ကာပူနိုင်ငံကို ၃၈၇ တန်၊ ပိုလန်ကို ၁၆၈ တန်နဲ့ ရိုမေးနီးယားကို ၅၂၅ တန်တင်ပို့ခဲ့ပါတယ်။

ငစိန်ဆန် အမျိုးအစားတင်ပို့မှုတွေကတော့ ကန်ဒေါ်လာ ၁ ဒသမ ၂၈၀ သန်း တန်ဖိုးရှိ ငစိန် ၂၅ မှတ်ကို ၁၆၉၀ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံများမှာ သီရိလင်္ကာကို တန် ၂၄၀၊ ဘူလ်ဂေးရီးယားကို တန်၁၀၀၀၊ ဟောင်ကောင်ကို တန် ၂၅၀ နဲ့ စင်ကာပူကို တန် ၂၀၀ ဖြစ်ပါတယ်။

ကန်ဒေါ်လာ သုည ဒသမ ၀၉၃ သန်း တန်ဖိုးရှိ ငစိန် ၁၅မှတ်ကိုတော့ ရုရှားကို တန် ၂၅၀ တင်ပို့ခဲ့ပါတယ်။ ငစိန် ၁၀ မှတ်ဆန်ကို ကန်ဒေါ်လာ သုည ဒသမ ၅၇၆ သန်းဖိုးနဲ့ ၁၄၇၆ တန် တင်ပို့ပြီး ဂါနာတစ်နိုင်ငံတည်းကို တင်ပို့တာဖြစ်ပါတယ်။ ကန်ဒေါ်လာ ၁ ဒသမ ၆၂၉ သန်း တန်ဖိုးရှိငစိန် ၅ မှတ်ဆန်ကို ၃၉၇၃ တန် တင်ပို့ပြီး နိုင်ငံအလိုက် တင်ပို့မှုများမှာ ရုရှားကို တန် ၁၅၀၀၊ ရိုမေးနီးယားကို ၅၂၅ တန်၊ ဘူဂေးရီးယားကို တန် ၁၆၀၀၊ စပိန်နိုင်ငံကို ၂၉၈ တန်နဲ့ ပိုလန်ကို တန် ၅၀ အသီးသီးတင်ပို့ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး MIRT(DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၉/၁ | ၁၆/၁ | ပြောင်းလဲမှု | ၉/၁ | ၁၆/၁ | ပြောင်းလဲမှု | ၉/၁ | ၁၆/၁ | ပြောင်းလဲမှု | ၉/၁ | ၁၆/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၀၂ | ၁၄၄၅ | ▼ | ၁၄၃၃ | ၁၃၃၃ | ▼ | ၁၄၁၅ | ၁၃၅၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၃၄၁ | ၁၃၁၆ | ▼ | ၁၂၈၃ | ၁၂၆၇ | ▼ | ၁၂၈၅ | ၁၂၆၀ | ▼ | ၁၂၆၀ | ၁၂၇၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၈၆၅ | ၁၇၆၅ | ▼ | ၁၈၆၇ | ၁၇၆၀ | ▼ | - | ၁၆၃၂ | - | ၁၈၁၆ | ၁၇၉၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၅၀ | ၁၀၄၀ | ▼ | - | - | - | - | - | - | ၇၇၅ | ၇၆၃ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၉၈၀ | ▼ | ၁၀၀၀ | ၉၈၃ | ▼ | - | ၁၁၃၂ | - | ၇၄၀ | ၇၃၇ | ▼ |
| ၆ | ထောပတ်ပဲ | ၁၄၇၅ | ၁၄၇၅ | ■ | ၁၆၀၀ | ၁၆၀၀ | ■ | - | ၁၁၅၈ | - | ၁၃၁၆ | ၁၃၁၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွန်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု | ၈/၁ | ၁၁/၁ | ပြောင်းလဲမှု | ၈/၁ | ၁၅/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၈၅ | ၈၇၀ | ▼ | ၉၇၃ | ၉၂၃ | ▼ | ၉၂၀ | ၁၀၃၆ | ▲ |
| ၂ | ပဲစင်းငုံ | ၇၉၀ | ၇၉၀ | ■ | ၈၄၂ | ၈၃၀ | ▼ | ၈၅၀ | ၈၅၄ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၁၁၀ | ၁၁၁၀ | ■ | ၁၂၃၉ | ၁၂၄၇ | ▲ | ၁၂၈၇ | ၁၃၂၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၇၂ | ၅၇၅ | ▲ | ၅၃၂ | ၅၅၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၃.၁.၁၅)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၁၀.၁.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၁၀.၁.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၀၀၄၂ | ၁၁၀၈၇ | ၄၀၇၆၀၈ |
| ပဲတီစိမ်း | ၄၅၁၁ | ၄၄၉၄ | ၁၀၀၈၅၅ |
| ပဲစင်းငုံ | ၂၆၄၀ | ၂၄၁၀ | ၁၅၂၂၈၃ |
| ကုလားပဲ | ၇၄ | ၁၃၇ | ၈၅၄၆ |
| ပဲလွန်းဖြူ | ၇၉၇ | ၆၈၂ | ၂၆၄၉၅ |
| မြေထောက်ပဲ | ၂၈၇ | ၁၇၀ | ၇၅၆၃ |

## ပြည်ပဲလွန်းဖြူ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးမြင့်လာ

ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသစ်များ ယခုတစ်ပတ်အတွင်းမှာလည်း ပန်းတောင်း၊ ရွှေတောင်ဖက်မှ အိတ် ၅၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ပဲသစ်ပေါ်စ ဒီဇင်ဘာလကုန်က တစ်တင်း ၁၈၀၀၀ ကျပ်ဈေးစဖွင့်ပေမယ့် ဇန်နဝါရီလဆန်းမှာလည်း ပဲဝင်ရောက်မှုများလာပေမယ့် ဈေးကတော့ ငြိမ်နေခဲ့ပါတယ်။

ယခုလလယ်မှာ တော့ ပဲအဝင်နည်းသွားသလို လက်ကျန်လည်းမရှိလို့ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ဈေးပိုရလာပြီး ဒေသတွင်း ဝယ်လက်များဖြင့်သာ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# တရုတ်နယ်စပ်မှ ပဲမျိုးစုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းမှ ဇန်နဝါရီလ ၃ ရက်မှ ၉ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၉၁ သန်းတန်ဖိုးရှိ ပဲတီစိမ်း (လုံးပြည့်) ၃၁၆ တန်၊ (လုံးခြမ်း) ၁၆ တန်၊ ပဲလွန်းဖြူ ၁၀၂ တန်ခွဲ၊ ပဲကြီး ၄၂ တန်၊ ပဲယင်း ၃၆ တန်ခွဲ၊ ပဲပုပ်စေ့ ၁၁၉ တန်၊ ကုလားပဲ ၄၇ တန်ခွဲ၊ ဘိုကိတ်ပဲ ၁၂ တန်ခွဲ၊ မြေပဲဆန် ၂၇၈ တန်နဲ့ ထောပတ်ပဲ ၆၇ တန်တို့ကို တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခင်အပတ်နဲ့ ယခုအပတ်ပဲဈေးနှုန်းများကို မိမိဘက်ပေါက်ဈေးနဲ့ တစ်ဖက်နိုင်ငံ ဈေးများကို နှိုင်းယှဉ်ဖော်ပြထားပါတယ်-

| | မိမိဘက်ပေါက်ဈေး - ယခုတစ်ပတ် (တန်/ကျပ်) | မိမိဘက်ပေါက်ဈေး - ယခင်တစ်ပတ် (တန်/ကျပ်) | တစ်ဖက်နိုင်ငံဈေး - ယခုတစ်ပတ် (တန်/ဒေါ်လာ) | တစ်ဖက်နိုင်ငံဈေး - ယခင်တစ်ပတ် (တန်/ဒေါ်လာ) |
|---|---|---|---|---|
| ပဲတီစိမ်း | ၁၂၇၉၄၀၂ | ၁၂၈၂၅၁၅ | ၁၂၃၃ | ၁၂၃၃ |
| ပဲယင်း | ၆၆၉၆၈၄ | ၆၇၁၃၅၇ | ၆၄၅ | ၆၄၆ |
| ပဲပုပ်စေ့ | ၆၄၄၇၆၇ | ၆၄၆၃၇၈ | ၆၂၀ | ၆၂၂ |
| ပဲလွန်းဖြူ | ၆၆၉၉၈၄ | ၆၇၁၃၅၇ | ၆၄၅ | ၆၄၆ |
| မြေထောက်ပဲ | ၁၀၅၁၇၄၄ | ၁၀၅၄၃၇၁ | ၁၀၁၃ | ၁၀၁၄ |
| ပဲကြီး | ၉၁၈၈၅၄ | ၉၂၁၁၄၉ | ၈၈၅ | ၈၈၆ |
| ထောပတ်ပဲ | ၇၆၁၀၄၇ | ၇၆၂၉၄၈ | ၇၃၃ | ၇၃၄ |

**မော်မော်အောင် MIRT (DCCA)**

# ဇန်နဝါရီလလယ် ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံနှင့် ဘိုကိတ်ပဲဈေးမြင့်ပြီး ပဲတီစိမ်း ဈေးကျ၊ အခြားပဲများ ဈေးငြိမ်နေခဲ့

ပြည်ပဲမျိုးစုံ ဈေးကွက်မှာ ယခု ဇန်နဝါရီလလယ်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲလွန်းဖြူ ပဲပုပ်သစ်များ ဆက်လက်ဝင်ရောက်လာတာကို တွေ့ရပါတယ်။ မတ်ပဲသစ်များ ယခုတစ်ပတ်မှစတင်ကာ ပန်းတောင်းဘက်မှ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပြီး၊ တစ်ရက် အိတ် ၆၀ ကျော်မှ ၁၀၀ အထိဝင်ရောက်သလို လက်ကျန်ပဲအချို့လည်းရှိလို့ နေ့စဉ်ပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပဲဟောင်းထက် ပဲသစ်က ပိုအရောင်းအဝယ်ဖြစ်ပြီး ရန်ကုန်ဝယ်လက်မှ ဝယ်ယူနေကြတာကြောင့်တစ်တင်း ၂၈၃၀၀ ကျပ်နဲ့ ပဲဟောင်းပဲသစ်ဈေးကွာခြားမှု သိပ်မရှိခဲ့ဘူးလို့ သိရပါတယ်။

ပဲတီစိမ်းသစ်များကတော့ ဒီတစ်ပတ်မှာ ပဲအဝင်နည်းလို့ တစ်ရက်အိတ် ၄၀-၅၀ မှ ၁၀၀ ကြားသာ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်းမှ ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုကတော့ မန္တလေးဝယ်လက်မှ ဝယ်ယူလို့ တစ်တင်း ၃၆၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးလျော့ခဲ့ပါတယ်။ ပဲတီစိမ်းဈေးမှာ ယခင်နှစ်က ၃၀၅၀၀ ကျပ်သာရရှိပြီး ပဲဈေးကွက်မှာ ဈေးမြင့်ရခဲ့သလို ယခုနှစ်မှာလည်း ပဲဈေးဆက်ကောင်းနေတာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံကတော့ ယခင်တစ်ပတ်ထက်ဈေးပိုရကာ တစ်တင်း ၂၅၄၀၀ ကျပ်နဲ့ ပဲသစ်များ ပြည်ခရိုင်အတွင်း မြို့နယ်များဖြစ်သော ပန်းတောင်း၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ နေ့စဉ်ဝင်ရောက်မှုများလာလို့ တစ်ရက်အိတ် ၅၀၀ မှ ၆၀၀ အထိဝင်ရောက်လာခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှာလည်း ပဲသစ်ဝင်သမျှ နေ့စဉ် ဝယ်ယူနေလို့ အဝင်ရှိသလောက် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေပြီး၊ ပဲဈေးမှာလည်း ဈေးငြိမ်နေကာ တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် ခွဲစက်သမားများမှ နေ့စဉ်အဝယ်ရှိလို့ တစ်ရက်အိတ် ၂၅၀ ကျော် ၃၀၀ အထိ အရောင်းသွက်နေခဲ့ပါတယ်။ ပဲကြီးဈေးနှုန်းမှာလည်း ကုလားပဲသီးနှံကဲ့သို့ လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေသလို ပဲဈေးလည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေလို့(ရွှေကျွန်း)တစ်တင်း ၂၂၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ဖြင့် အခြားတိုင်းမှ အဝယ်မရှိဘဲ ဒေသတွင်း ပဲကြော်ဖို လုပ်ငန်းသမားများ အဝယ်ရှိတဲ့အတွက် အိတ် ၃၀၀၀ ကျော် နေ့စဉ် အရောင်းအဝယ် ဖြစ်နေခဲ့ပါတယ်။

ဘိုကိတ်ပဲသစ်များလည်း နေ့စဉ်ဝင်ရောက်နေသလို အရောင်းအဝယ်ဖြစ်မှုမှာလည်း လက်လီရော၊ ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူနေလို့ ပဲဈေးမှာလည်း ယခုတစ်ပတ်မှာ တစ်တင်း ၈၀၀ ကျပ်ခန့် ဈေးပိုရလို့ ၁၅၀၀၀ ကျပ်နဲ့ အိတ် ၅၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခု ဇန်နဝါရီလလယ် အတွင်း ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးဈေးနှုန်းများကတော့ ဈေးငြိမ်နေကာ၊ ပဲတီစိမ်းဈေးလျော့နည်းပြီး၊ ပဲစင်းငုံနဲ့ ဘိုကိတ်ပဲဈေးများ ဈေးမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာဒိုင်တွင် ပဲပုပ်နဲ့ ပဲစင်းငုံတို့ အဝင်လှိုင်

စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ၂၀၁၄-၁၅ ခုနှစ် ဆောင်းသီးနှံ ပဲပုပ်လျာထားစိုက်ဧက ၃ သောင်း ၂ ထောင် ကျော်မှာ ဧက ၃ သောင်း ၉ ထောင်ကျော်စိုက်ပျိုးခဲ့လို့ ၁၂၀ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကလေးခရိုင်မှ ပဲပုပ်စတင်ထွက်ပေါ်နေပြီး ရက်ခြား အိတ် ၄၀၀ မှ ၈၀၀ ခန့် မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်လာပါတယ်။ မုံရွာမြို့မှာ ပဲပုပ်ကိုဆီကြိတ်ပြီး ပဲပုပ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်အသုံးပြုကြလို့ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်သမျှ အရောင်း အဝယ်ဖြစ်ကြပါတယ်။ ဇန်နဝါရီ ၁၃ ရက်နေ့ ပဲပုပ်တစ်တင်းပေါက်ဈေးမှာ မုံရွာကုန်စည်ဒိုင်မှာ ၁၃၂၀၀ ကျပ်၊ ကလေးကုန်စည်ဒိုင်မှာ ၁၁၀၀၀ ကျပ်ဈေးပေါက်ပါတယ်။

Export ဝယ်လက်ရှိလို မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ် အကောင်းဆုံးသီးနှံမှာ ပဲစင်းငုံနီဖြစ်ပါတယ်။ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်များရှိမြို့နယ်များမှ မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံနီများ အဝင်လှိုင်လျက်ရှိပြီး၊ တစ်ရက် အရောင်း အဝယ်ဖြစ်မှုမှာ ပျမ်းမျှတင်း ၅၀၀၀ ကျော်ဖြစ်ပါတယ်။ အိန္ဒိယမွန်ဘိုင်းဈေးကျလို့ ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်မှာ သီးနှံများအားလုံး ဈေးအနည်းငယ်ကျကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ ပဲစင်းငုံနီတစ်တင်းပေါက်ဈေး ယခင်တစ်ပတ်က ၂၅၇၀၀ ကျပ်မှ ယခုပတ်မှာ ၂၄၉၀၀ ကျပ်သို့ ဈေးအေးခဲ့ပါတယ်။ **သန်းသန်းတင်-မုံရွာ**

# ၂၀၁၅ ခုနှစ် နှစ်ဦးလ ဒုတိယပတ် အရောင်းအဝယ်ဖြစ်မှု ဈေးနှုန်းများအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ခြင်း

၂၀၁၅ ခုနှစ် နှစ်ဦးလဝက်မှာ မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း)ကို အနယ်နယ်အရပ်ရပ်မှ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များမှ လယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်းမျိုးစုံနဲ့ နှမ်းရောင်စုံအပြင် ဆီထွက်သီးနှံ တစ်ခုဖြစ်တဲ့ မြေပဲဆန်များလည်း နေ့စဉ်နဲ့အမျှ (ဥပုသ်နေ့မှအပ) အရောင်းအဝယ်ဖြစ်ကြောင်း  သိရပါတယ်။ ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလလယ် ဈေးနှုန်းနဲ့ ယခင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ လလယ်မှာဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၁၅. ၁. ၂၀၁၄ | | ၁၅. ၁. ၂၀၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | ၁၅၂၉ | ၁၆၀၀ | ၁၇၇၈ | ၁၉၂၀ |
| ပဲလွန်းဖြူ | ၉၅၀ | ၁၀၃၃ | ၁၀၀၀ | ၁၀၅၀ |
| ပဲကြီး | ၁၅၉၃ | ၁၆၄၇ | ၁၂၆၇ | ၁၃၀၃ |
| ပဲပုပ် (ရှမ်း) | ၁၀၈၉ | ၁၁၆၄ | ၈၆၄ | ၉၀၁ |
| ပဲပုပ် (ဗမာ) | ၁၁၈၃ | ၁၂၈၂ | ၉၅၈ | ၁၀၁၄ |
| ပဲယင်း | ၁၀၀၀ | ၁၀၃၃ | ၁၀၈၃ | ၁၁၀၀ |
| ထောပတ်ပဲ | ၁၄၄၀ | ၁၄၅၈ | ၁၆၀၀ | ၁၆၈၉ |
| မတ်ပဲ | ၉၃၃ | ၉၄၂ | ၁၄၁၇ | ၁၃၈၃ |
| ပဲစင်းငုံနီ | ၈၅၈ | ၈၆၇ | ၁၂၆၇ | ၁၂၇၅ |
| ပဲစင်းငုံရွှေ (ဖြူ) | ၇၃၃ | ၇၅၀ | ၁၂၁၇ | ၁၂၂၅ |
| ကုလားပဲဖြူကြီး | ၈၃၀ | ၈၃၈ | ၈၄၇ | ၈၅၆ |
| ကုလားပဲ ထိုင်ဝမ် | ၇၄၇ | ၇၆၈ | ၇၇၃ | ၇၈၂ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၈၃ | ၃၈၉ | ၃၆၁ | ၃၆၇ |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၈၀ | ၃၈၃ | ၃၅၂ | ၃၅၇ |
| ပြောင်းဖူးစေ့ (စီပီ) | ၃၈၉ | ၃၉၄ | ၃၆၅ | ၃၇၀ |
| အထွက်တိုးပြောင်း | ၄၇၂ | ၄၉၁ | ၃၄၀ | ၃၇၇ |
| ဆန်ပြောင်း | ၄၆၄ | ၄၇၃ | ၃၄၆ | ၃၅၄ |
| နှမ်းဖြူ | ၃၅၁၁ | ၃၆၈၉ | ၂၄၄၄ | ၂၅၅၆ |
| နှမ်းညို | ၂၈၆၇ | ၂၈၈၉ | ၂၀၆၇ | ၂၁၁၁ |
| နှမ်းနက် | ၂၈၀၀ | ၃၃၃၃ | ၂၂၂၂ | ၃၆၆၇ |
| နှမ်းနက် (စမုံ) | ၃၇၇၈ | ၃၈၂၂ | ၄၅၅၆ | ၄၆၄၄ |
| ပန်းနှမ်း | ၁၀၀၀ | ၁၀၈၉ | ၁၀၅၆ | ၁၀၇၈ |
| မြေပဲလုံးဆန် | ၁၆၇၅ | ၁၇၀၀ | ၂၅၂၅ | ၂၅၅၀ |

နှစ်စဉ်နှစ်တိုင်းလိုလို တရုတ်ဝယ်လက်ဆွဲအားကောင်းတဲ့ ပဲတီစိမ်းကြီး မနှစ်ကတစ်နှစ်လုံး အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို ယခုဒီနှစ်ဦးမှာလည်း ယခင်နှစ်ဈေးအထက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုနှစ် ဇန်နဝါရီလ လလယ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၉၂၀ ကျပ် (တစ်တန် ၁၁၇၅၇၈၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၅၀ ကျပ် (တစ်တန် ၆၄၃၀၁၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ ပဲယင်းတစ်ပိဿာ ၁၁၀၀ ကျပ် (တစ်တန် ၆၇၃၆၂၉ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်သလို ယခင်နှစ်ကာလတူ ဈေးအတက်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထောပတ်ပဲ တစ်ပိဿာ ၁၆၈၉ ကျပ် (တစ်တန် ၁၀၃၂၃၄၇ ကျပ်)နဲ့ သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်အဆွဲရှိတဲ့ ပဲတီစိမ်းကြီး၊ ပဲလွန်းဖြူ ပဲယင်းနဲ့ ထောပတ်ပဲများလည်း ယခင်နှစ်ကာလတူဈေးရဲ့အထက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက်အဆွဲရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲစင်းငုံရွှေ(ဖြူ)၊ ကုလားပဲဖြူကြီး၊ ကုလားပဲထိုင်ဝမ်တို့ ယခင်နှစ်ကာလတူ ဈေးနှုန်းအထက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲ တစ်ပိဿာ ၁၃၈၃ ကျပ် (တစ်တန် ၈၄၆၉၃၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့်၊ ပဲစင်းငုံနီ တစ်ပိဿာ ၁၂၇၅ ကျပ် (တစ်တန် ၇၈၀၇၉၇ ကျပ်)၊ ပဲစင်းငုံရွှေ (ဖြူ) တစ်ပိဿာ ၁၂၂၅ ကျပ် (တစ်တန်  ၇၅၀၁၇၈ ကျပ်)နဲ့ ပဲစင်းငုံ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်ကို ပြည်တွင်းပဲခွဲစက်၊ အမှုန့်ကြိတ်စက်များနဲ့ ရန်ကုန်ဝယ်လက်များကိုသာ အဓိကထား အရောင်းအဝယ်ပြုလုပ်ရပါတယ်။ ယခုအပတ်မှာ ကုလားပဲဖြူကြီး တစ်ပိဿာ ၈၅၆ ကျပ် (တစ်တန် ၅၂၄၂၀၆ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၇၈၂ ကျပ် (တစ်တန် ၄၇၈၈၈၉ ကျပ်)နဲ့ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ကာလတူမှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် ပဲကြီးနဲ့ ပဲပုပ်စေ့များကတော့ ယခင်နှစ် ကာလတူ ဈေးနှုန်းအောက်ကိုရောက်ရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီး တစ်ပိဿာ ၁၃၀၃ ကျပ် (တစ်တန် ၇၉၇၉၄၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်သလို ယခင်နှစ်အောက် တစ်ပိဿာ ၃၄၄ ကျပ် (တစ်တန် ၂၁၀၆၆၂ ကျပ်)ဈေးအေးပြီး တစ်ရက်ကို သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၁၄ ကျပ် (တစ်တန် ၆၂၀၉၆၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယမန်နှစ်နဲ့ နှိုင်းယှဉ်ရင် ပဲပုပ်စေ့ တစ်ပိဿာ ပျမ်းမျှ ၂၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈ ကျပ်) ဈေးအေးသွားသလို အရောင်းအဝယ်လည်း အနည်းငယ်အေးသွားကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်ဆွဲအားအလွန်ကောင်းတဲ့ ပြောင်းဖူးစေ့များ  ထင်သလောက် ဈေးတက်မလာဘဲ ယခင်နှစ်ကာလတူ ဈေးအောက်ကို အနည်းငယ်ရောက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၆၇ ကျပ် (တစ်တန် ၂၂၄၇၄၇ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၅၇ ကျပ် (တစ်တန် ၂၁၈၆၂၃ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန် ၂၂၆၅၈၄ ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၃၇၇ ကျပ် (တစ်တန် ၂၃၀၈၇၁ ကျပ်)၊ ဆန်ပြောင်း (နှံစားပြောင်း) တစ်ပိဿာ ၃၅၄ ကျပ် (တစ်တန် ၂၁၆၇၈၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေးပါတယ်။ အဆိုပါ ပြောင်း ၅ မျိုးတစ်ရက်ကို ပျမ်းမျှ သုံးတင်းအိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ နှမ်းအများစုမှာလည်း ပြောင်းဖူးစေ့လိုပဲ  ယခင်နှစ်ဈေးနှုန်းအောက်ကို ရောက်ရှိနေပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်သလို ယခင်နှစ်အောက် တစ်ပိဿာ ၁၁၃၃ ကျပ် (တစ်တန် ၆၉၃၈၃၈ ကျပ်) ဈေးအေးပြီး၊ နှမ်းညိုတစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန် ၁၂၉၂၇၅၅ ကျပ်)နဲ့ ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်သလို ယခင်နှစ်ကာလတူဈေးအောက် တစ်ပိဿာ ၇၇၈ ကျပ် (တစ်တ် ၄၇၆၄၃၉ ကျပ်)ဈေးအေးသွားသလို ယခုတစ်ပတ် ပန်းနှမ်းတစ်ပိဿာ ၁၀၇၈ ကျပ် (တစ်တန် ၆၆၀၁၅၆ ကျပ်)နဲ့ ယခင်နှစ်ဈေးအောက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်နှစ်ထက် ဈေးအထက်မှာ ရှိနေတဲ့ နှမ်းများကတော့ နှမ်းနက်နဲ့ နှမ်းနက် (စမုံ) တို့ဖြစ်ပါတယ်။  ယခုတစ်ပတ်မှာ နှမ်းနက် တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၆၄၄ ကျပ် (တစ်တန် ၂၈၄၃၉၃၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ နှမ်းမျိုးစုံ တစ်ရက်ပျမ်းမျှ သုံးတင်းအိတ် ၃၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အခြားဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲဆန်မှာလည်း တရုတ် (ပြည်ပ) ဆွဲအားကောင်းတာကြောင့် ယခင်နှစ်ကာလတူဈေးအထက်မှာ အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ မြေပဲဆန် တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင်စစ်ဆေးရေးဂိတ် (ကျောက်ချော)ရဲ့ ဂိတ်ဖြတ်စာရင်းအရ မန္တလေးမှ မူဆယ်သို့ စီးထွက်သွားတဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ကာလတူ နှိုင်းယှဉ်ကြည့်ပါက-

**ရေတွက်ပုံ-တန်**

| သီးနှံအမည် | ၁. ၁. ၂၀၁၄ မှ ၁၁. ၁. ၂၀၁၄ | | ၁. ၁. ၂၀၁၅ မှ ၁၁. ၁. ၂၀၁၅ | |
|---|---|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၁၁၂၁. ၃၄ | ၁၀၁. ၉၄ | ၁၁၀၀. ၃၁ | ၁၀၀. ၁၃ |
| ပဲလွန်းဖြူ | ၃၁၇. ၁ | ၂၈. ၈၃ | ၄၁၄. ၄၅ | ၃၇. ၆၈ |
| ပဲယင်း | ၁၇. ၈၅ | ၁. ၆၂ | ၁၇၆. ၇ | ၁၆. ၀၆ |
| ပဲပုပ် | ၂၆. ၁ | ၂. ၃၇ | ၅၆. ၅ | ၅. ၁၄ |
| ထောပတ်ပဲ | ၃၄. ၂၅ | ၃. ၁၁ | ၆၇. ၅ | ၆. ၁၄ |
| ပြောင်းဖူးစေ့ | ၄၂၄၀. ၅ | ၃၈၅. ၅ | ၄၂၇. ၅ | ၃၈. ၈၆ |
| နှမ်း | ၃၈၇၃. ၂၀ | ၃၅၂. ၁၁ | ၃၉၄၆. ၄၅ | ၃၅၈. ၇၇ |
| မြေပဲဆန် | ၅၁၅. ၇၅ | ၄၆. ၈၉ | ၂၃၉၈. ၇၅ | ၂၁၈. ၀၇ |

တောင်သူတွေရော ပွဲစားကုန်သည်တွေပါ ငွေဖြစ်ရွှေဖြစ်တဲ့ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က ပုံမှန်အဆွဲရှိသလို ဈေးနှုန်းတည်ငြိမ်မှုရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိခဲ့သလို ယခုနှစ်နဲ့ ယခင်နှစ် ကာလတူ အရောင်းအဝယ်ဖြစ်မှု ကွာဟချက်အလွန်ကျဉ်းမြောင်းပါတယ်။ ထို့အတူ ပြည်ပ (တရုတ်) တင်ပို့မှုလည်း ကွာဟချက် ကြီးမားမှုမရှိပါဘူး။ ပဲလွန်းဖြူကိုလည်း တရုတ်ဝယ်လက်ပုံမှန်အဆွဲရှိတာကြောင့် ယခင်နှစ်ထက် အမြင့်ဈေးမှာ အရောင်းအဝယ်ဖြစ်သလို ရောင်းဝယ်မှုပမာဏ ကွာခြားမှု သိပ်မရှိပါဘူး ပဲပုပ်၊ ပဲယင်းနဲ့ ထောပတ်ပဲများ ယခင်နှစ်နဲ့  ယခုနှစ်ကာလ နှိုင်းယှဉ်ချက် (တင်ပို့) အရ အပို့ပိုမိုလာကြောင်း သိရပါတယ်။

ထူးခြားသည်မှာ တရုတ်ဝယ်လက်မှ ပြောင်းဖူးစေ့များကို လူသုံးကုန်အစားအစာ၊ တိရစ္ဆာန်အစာ၊ အရက်ချက်လုပ်ခြင်း၊ အချိုရည်ထုတ်လုပ်ခြင်းများ ပြုလုပ်ရာ ယခင်နှစ်တွင်း ကာလတူနှိုင်းယှဉ်ကြည့်ပါက တစ်ရက်ပျမ်းမျှ  ၃၈၅ ဒသမ ၅ တန် အထွက်ရှိပေမယ့် ယခုနှစ်မှာတော့ တစ်ရက်ပျမ်းမျှ ၃၈ ဒသမ ၈၆ တန်သာရှိတာကြောင့် ရောင်းဝယ်မှုအား ၁၀ ဆခန့် လျော့ကျသွားသလို ဈေးနှုန်းလည်း အနည်းငယ်အေးသွားကြောင်း သိရပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းကတော့ ဈေးအနည်းငယ်အေးပေမယ့် ကာလတူနှိုင်းယှဉ်ပါက တင်ပို့မှု အနည်းငယ်ပိုမိုပါတယ်။ မြေပဲဆန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူနှိုင်းယှဉ်ချက်အရ ၅ ဆနီးပါးမြင့်တက်သွားသလို ဈေးနှုန်းလည်းအနည်းငယ်မြင့်ကြောင်း သိရပါတယ်။

အရင်နှစ်နဲ့ နှိုင်းယှဉ်ရင် အခုနှစ်မှာ ပဲအများစု အတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်သလို အရောင်းအဝယ် ဖြစ်မှုလည်း ပိုလာကြောင်း၊ ပြောင်းဖူးစေ့မျိုးစုံ ဈေးအေးပြီး အရောင်းအဝယ်အေးကြောင်း၊ နှမ်းများလည်း အရောင်းအဝယ်ကောင်းပေမယ့် ဈေးအနည်းငယ်အေးကြောင်း၊ မြေပဲဆန်မှာ တင်ပို့မှု ပိုမိုလာကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## နှမ်း

### ဒီတစ်ပတ်လည်း နှမ်းတန်ရှစ်ဆယ်ကျော်တင်ပို့

ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှနှမ်း ၈၇ ဒသမ ၉၈ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၁၉၂၀ တန်ဖိုးရှိ နှမ်း ၅၆ တန်ကို ပါကစ္စတန်နိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၁၉၀၂၈ တန်ဖိုးရှိ နှမ်း ၃၁ ဒသမ ၉၈ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း တန်ချိန် ရှစ်ဆယ်ကျော်ထိတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆ တန်ကျော်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အရောင်းအဝယ်အေးလို့ လှောင်လက်ကသာ ထုတ်ရောင်းနေတဲ့ ရှမ်းနှမ်းဈေးကွက်

ရှမ်းနှမ်းကလည်း အသစ်တွေစပြီးပေါ်နေပါပြီ၊ ကလောမြို့နယ် ဆင်တောင်ကျေးရွာအုပ်စုကထွက်တဲ့ ဆင်တောင်နှမ်းက ရှမ်းပြည်နယ်ထွက်တဲ့ နှမ်းတွေထဲမှာအကောင်းဆုံးဖြစ်ပါတယ်။ အခုလည်း ဆင်တောင်နှမ်းကစပြီး ဈေးကွက်ကို ဝင်လာပါတယ်။ အစိုအတိုင်းသာရှိပြီး အစိုဈေးကတော့ တစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ၄၀၀၀ ကျပ်ပတ်ချာလည် ဈေးပေါက်နေပါတယ်။ ပင်းတယမြို့နယ် တောင်ပို့လကျေးရွာကထွက်တဲ့ တောင်ပို့လစ၊ ပင်လောင်းစ၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့နယ်တွေက နှမ်းတွေလည်း ဖော်လို့ရပြီဖြစ်ပေမယ့် နှမ်းဈေးက သိပ်မကောင်းတော့ တောင်သူတွေက အခြားသီးနှံတွေကိုသာ ရိတ်သိမ်းနေကြလို့ မဖော်ဖြစ်ကြသေးပါဘူး။ ဒါကြောင့် နှမ်းကဈေးကွက်မှာ အဝင်မရှိသလောက်ဖြစ်နေပါတယ်။ လောလောဆယ်တော့ လှောင်လက်သမားကသာ ထုတ်ရောင်းနေကြတယ်လို့လည်း သိရပါတယ်။ ရှမ်းနှမ်းကို ရန်ကုန်၊ ပြည်၊ စစ်တွေစတဲ့ ဝယ်လက်တွေက ဈေးပေးကြပေမယ့် အဝယ်ကတော့ မရှိသေးပါဘူး။ ချင်းလိုပဲ ပြည်တွင်းသုံးသမားတွေကသာ တစ်ပတ်ကို နည်းနည်းချင်းစီမှာယူနေလို့ ရောင်းရတယ်ဆိုရုံသာရှိတယ်လို့ ဆိုကြပါတယ်။ ဒီတစ်ပတ်တော့ ချင်းရော၊ နှမ်းပါ အရောင်းပြန်အေးနေပါတယ်။ အစိုသစ်တွေကလည်း ပြုတ်ခြောက်လုပ်၊ နေလှန်းပြီးမှသာ ဈေးကွက်ကို ဝင်ရမှာဖြစ်လို့ လောလော ဆယ်တော့ လက်ကျန်နှမ်းတွေကိုပဲ ဈေးကွက်မှာ အရောင်းအဝယ်လုပ်နေရတယ်လို့လည်း သိရပါတယ်။ ရာသီဥတုကအေးပြီး နေလည်းသိပ်မပြင်းတာကြောင့် ဒီလကုန်ပြီးမှသာ နှမ်းတွေဖော်ပြီး လှန်းရမှာဖြစ်ပြီး အဲဒီအချိန်မှသာ နှမ်းအသစ်တွေရနိုင်မှာ ဖြစ်ပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နှမ်းပေါက်ဈေးက ရိုးရိုးနှမ်းတွေက ၁၀၀၀ ကျပ်-၁၁၀၀ ကျပ်-၁၂၀၀ ကျပ်နဲ့ အရည်အသွေးပေါ် မူတည် ပြီး ဈေးကောင်းသလို ဆင်တောင်နှမ်းက တစ်ပိဿာ ၁၆၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### တရုတ်နယ်စပ်ရော ဘင်္ဂလားဒေ့ရှ်နယ်စပ်ကပါ နှမ်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်မှ ၉ ရက် အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိ နှမ်းတက် ၁၆ တန်ခွဲနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ နှမ်းတက် ၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်စခန်းတစ်ခုတည်းမှ ၃၅ တန်ခွဲ တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ နှမ်းတက် တင်ပို့မှု အနည်းငယ် လျော့နည်းသွားခဲ့ပါတယ်။ မူဆယ်မှ တင်ပို့ခဲ့တဲ့ နှမ်းက ရှမ်းစနဲ့ ကျောက်ဆည်နှမ်းတွေဖြစ်ပြီး စစ်တွေက တင်ပို့တဲ့ နှမ်းတက်ကတော့ ရှမ်းနှမ်းလို့သိရပါတယ်။ ရှမ်းနှမ်းက အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးလည်းအနည်းငယ်တက်လာတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## မန်ကျည်း

### ဒီတစ်ပတ် မန်ကျည်းပြန်လည်တင်ပို့

ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၆၈၀ တန်ဖိုးရှိ မန်ကျည်း ၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါ တယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကိုသာ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ နှစ်ပတ် ဆက်တိုက်အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

ကာလတူကာလဖြစ်တဲ့ ၂၀၁၄ ဇန်နဝါရီလမှာ ယခုလိုသီတင်းပတ်အတွင်း မန်ကျည်းတင်ပို့မှုမရှိခဲ့တာကြောင့် ဒီနှစ်မှာ မန်ကျည်းပြည်ပတင်ပို့ရောင်းချမှုစောခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

### ပြည်ပဝယ်လက်စောင့်ပြီး ဖြည်းဖြည်းသာဖော်မယ့် ရှမ်းချင်းဈေးကွက်

ဒီတစ်ပတ်လည်း ရှမ်းချင်းတွေက ပြည်ပဝယ်လက်မရှိသေးတာကြောင့် ဈေးကလည်း ကျနေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ အဝင်ကပုံမှန်ရှိနေပါတယ်။ ဈေးကျသွားပေမယ့် အဝင်ကတော့ များလည်းမများ၊ နည်းလည်းမနည်း ပုံမှန်အတိုင်း ဝင်နေပါတယ်။ ရှမ်းပြည်နယ် တောင်ပိုင်းက ချင်းအစိုက်များတဲ့ ပင်းတယ၊ အောင်ပန်း၊ ကလော၊ တီကျစ်၊ ပင်လောင်းစတဲ့နယ်တွေက ချင်းတွေလည်း ထွက်နေတာကြောင့် အကယ်၍ ပြည်ပဝယ်လက်သာရှိနေရင် ချင်းအဝင်က လှိုင်လှိုင်ကြီးဖြစ်နေမှာပါ။ ဒါပေမယ့် ဒီနှစ်က ပြည်တွင်းသုံးသာအဝယ်ရှိနေတော့ ဖြုန်းအားသိပ်မကောင်းလို့ ပုံမှန်သာအဝင်ရှိနေတယ်လို့ ဆိုပါတယ်။ ချင်းဈေးက ဒီတစ်ပတ်မှာ တစ်ပိဿာကို အနိမ့်ဆုံး ၂၀၀ ကျပ်မှ အမြင့်ဆုံး ၇၀၀ ကျပ်ဈေးသာရှိပါတော့တယ်။ ဈေးကလည်း ကျနေတော့ ဟိုပုံးချင်းကလည်း အခုထိမဖော်ဖြစ်သေးပါဘူး။ ပြည်ပဝယ်လက်ကိုစောင့်ဦးမယ်လို့လည်း သိရပါတယ်။ ငွေလိုနေတဲ့ တောင်သူတွေကသာ နည်းနည်းချင်းစီဖော်ပြီး လက်လီစိတ်ရောင်းချနေကြပါတယ်။ အောင်ပန်းဈေးကွက်က ချင်းတွေကိုတော့ ပြည်တွင်းသုံးဈေးပတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်မှာ ရန်ကုန်ကိုတောင် သိပ်ပြီးမတင်ရဘဲ မန္တလေး၊ မကွေး၊ ပြည်၊ မုံရွာစတဲ့ မြို့တွေကိုသာ တင်ရတယ်လို့ ချင်းပွဲရုံတွေက သိရပါတယ်။ ချင်းစို ကလည်း ဈေးကျနေတာကြောင့် တချို့တောင်သူတွေက ၂၀၀ ကျပ်တန်ချင်းတွေကို ချင်းခြောက်ပြုလုပ်လာကြပါတယ်။ ချင်းစို ၄၊ ၅ ပိဿာမှ ချင်းခြောက်တစ်ပိဿာရလို့ ဒီဈေးနဲ့တော့ နည်းနည်းစီပြန်ပြီးလုပ်နေကြတယ်လို့ ဆိုပါတယ်။ ဒီတစ်ပတ် ချင်း ခြောက်က တစ်ပိဿာ ၁၈၀၀ ကျပ်ဈေးရှိနေပါတယ်။ **ဇေခိုင်**

### ပြည်ချင်းဈေးကွက်ဈေးကျပြီး အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက် အောင်ပန်းချင်းများ ယခုတစ်ပတ် ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့်သာ အဝင်ရှိပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်လျော့သွားပါတယ်။ ဈေးကျသွားပေမယ့် အရောင်းအဝယ်မှာ တစ်နေ့ကို ပိဿာချိန် ၁၈၀ ခန့်သာရှိပြီး ချင်းရှယ် တစ်ပိဿာ ၁၀၀၀ ကျပ်၊ ဂွန် ၉၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်အေးလျက်ရှိပြီး ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့်တင်ပို့မှုရှိတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**



| ၁၂-၁-၂၀၁၅ မှ ၁၆-၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 114 | 7,249,724.454 |
| 2 | Form D | 32 | 2,166,863.500 |
| 3 | Form E | 70 | 1,531,554.262 |
| 4 | Korea GSP | 6 | 196,396.620 |
| 5 | Form AK | 40 | 3,805,039.450 |
| 6 | Form AJ | 2 | 49,721.000 |
| 7 | Form AI | 33 | 1,416,474.540 |
| 8 | DFTP | - | - |
| **Grand Total** | | **297** | **16,415,773.826** |

## ကြက်သွန်နီ

### မြဝတီမှ ကြက်သွန်နီပိုမိုတင်ပို့

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်မှ ၉ ရက်တာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၈၈ သန်းတန်ဖိုးရှိတဲ့ ကြက်သွန်နီ တန်ချိန် ၈၇၀ ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၄၈၄ တန်သာ တင်ပို့ခဲ့လို့ ယခုရက်သတ္တပတ်မှာ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်က ကြက်သွန်နီတင်ပို့မှု ၃၈၆ တန်ကျော် ပိုမိုလာပါတယ်။ အလားတူ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူး နယ်စပ်ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းဖိုးရှိကြက်သွန်နီ ၇ တန်ခွဲတင်ပို့ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ကျွန်းပိုင်းမှာ စိုက်ခဲ့တဲ့ "ကြက်သွန်နီတွေက နတ်တော်လဆန်းကတည်းက ပေါ်နေပေမယ့် ကြက်သွန်တွေကို မဖော်ဘဲ အခင်းထဲမှာ အကြာကြီးထားလို့လည်း မဖြစ်ဘူး၊ ရာသီအမီ နောက်တစ်သီးစိုက်ရအုံးမှာမို့ မြန်မြန်ဖော်ရတယ်၊ အခုချိန်မှာ ကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်နေတဲ့အချိန်ဖြစ်လို့ တက်ဈေးကိုပဲ မျှော်နေရတယ်"လို့ ကြက်သွန်စိုက် တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပရဆေး

### ပရဆေးကုန်ကြမ်းတင်ပို့မှု ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၆၃ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း ၅၅၄ တန်ကျော်နဲ့ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၉၅၁၂ တန်ဖိုးရှိ ဒရင်ကောက်မြစ် တန် ၅၀ ကို တင်ပို့ခဲ့ပါတယ်။ မူဆယ်က တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းအမယ်တွေကတော့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ)၊ သီဟိုဠ်စေ့ (အခွံမပါ)၊ ဝဥခြောက်၊ ချင်းခြောက်၊ ဆီးသီးခြောက်၊ ဆီးဆံ၊ တောချင်း၊ တောဂျုံးမြစ်၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နှမ်းတက်နဲ့ ပီလောပီနံ (အမှုန့်) တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်စခန်းတစ်ခုတည်းမှ ပရဆေးကုန်ကြမ်း ၄၉၇ တန်တင်ပို့ခဲ့လို့ ယခုသီတင်းပတ်မှာ ပရဆေးကုန်ကြမ်း တင်ပို့မှုပိုမိုလာတာ တွေ့ရပါတယ်။ ကျုံပျော်မြို့နယ်နဲ့ ဟင်္သာတမြို့နယ်တွေရဲ့ စိုက်ခင်းမှာ ပီလောပီနံအများဆုံးထွက်ရှိကြောင်း၊ ဒီဒေသတွေကထွက်တဲ့ ပီလောပီနံအချောမှုန့်များကို မန္တလေးနဲ့ ရန်ကုန်ကို တင်ပို့ရကြောင်း၊ ပီလောပီနံအမှုန့်များကို သာကူစေ့၊ ငါးမုန့်၊ ဂျုံအစားထိုး၊ အရက်ချက်လုပ်ငန်းများနဲ့ စားသောက်ကုန်လုပ်ငန်း တွေမှာ အသုံးပြုကြကြောင်း သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

Vol: 15, No.3 Monday Jan 19 2015

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပို့ကုန်တိုးတက်မှု ကွင်းဆက်များ ကွင်းဆက် ၄ မျိုး

|သိန်းမြင့်ဝေ|



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်တို့ကြားတွင်ရှိသော ကွင်းဆက်များ သို့မဟုတ် ဆက်စပ်မှုများ (Linkages) သည် နည်းလမ်းအသွယ်သွယ်ဖြင့် ချိတ်ဆက်နေကြသည်။ အခြေခံအားဖြင့် ပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြားတွင် ကွင်းဆက်လေးမျိုးရှိသည်။ အဆိုပါ ကွင်းဆက်အားလုံးသည် မိမိပြည်တွင်းသို့ စီးဝင်လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (Inward foreign investment) နှင့်လည်း ဆက်နွယ်နေသည်။

(က) စွမ်းဆောင်ရည်ပြည့်ဝသော အခြေခံအဆောက်အအုံလုပ်ငန်းများ ရရှိခြင်း။
(ခ) ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ရောင်းချမှုလမ်းကြောင်းများအတွင်း ဝင်ရောက်နိုင်ခြင်း။
(ဂ) နည်းပညာနှင့် လုပ်နည်းလုပ်ဟန်များ ရရှိခြင်း။
(ဃ) နိုင်ငံခြားကုမ္ပဏီတည်ထောင်၍ နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ရောင်းချခြင်း သို့မဟုတ် Outward FDI ဆောင်ရွက်ခြင်း။

> အခြေခံအဆောက်အအုံ လိုအပ်ချက် ဖြည့်ဆည်းရန် ငွေကြေးရရှိနိုင်သော ဇာစ်မြစ် ၅ မျိုး **(Five sources of financing)** ရှိသည်။

### စွမ်းဆောင်ရည်ပြည့်ဝသော အခြေခံအဆောက်အအုံ လုပ်ငန်းများ ရရှိခြင်း

ပို့ကုန်အောင်မြင်စွာ တင်ပို့လျက်ရှိသော နိုင်ငံများတွင် အခြေခံအဆောက်အအုံ (Infrastructure) အပြိုင်အဆိုင်ဖြည့်ဆည်းပေးသည့် အမျိုးသားရေးပတ်ဝန်းကျင်(National environment) ကို ဖန်တီးထားသည်။ ဥပမာအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဲ့သို့သော လုပ်ငန်းများကို အစိုးရ သို့မဟုတ် ကုမ္ပဏီတစ်ခု၊ နှစ်ခုကချုပ်ကိုင်ထားခြင်းမျိုးမဟုတ်ဘဲ ကုမ္ပဏီများ အပြိုင်အဆိုင် ပါဝင်လုပ် ကိုင်ခွင့်ပေးထားခြင်းမျိုးဖြစ်သည်။ ပြိုင်ဆိုင်ခြင်းကြောင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးတက်လာပြီး ပြည်သူများအတွက်လည်း စရိတ်သက်သာ လက်လှမ်းမီသည့် ကောင်းကျိုးကို ခံစားရမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းအမျိုးအမယ်များပြားခြင်း၊ စွမ်းဆောင်ရည်တိုးခြင်းနှင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားခြင်းတို့ကို ဖြစ်စေသည်။ ထို့ပြင် ပြည်တွင်း ထုတ်လုပ်ရောင်းချမှုစွမ်းအား (Domestic supply capacity) တိုးတက်ခြင်း၊ ဖွံ့ဖြိုးမှုရည်မှန်းချက်များရရှိခြင်း တို့ကိုဖြစ်စေသည်။ ထိုမျှသာမက ဒေသဆိုင်ရာ စီးပွားရေး၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် ကုန်းတွင်း ပိတ်နိုင်ငံများ (Landlocked countries) သည် စွမ်းဆောင်ရည်ရှိသော ကုန်ပစ္စည်းပို့ဆောင်သည့် ကုမ္ပဏီများ မီးရထားစနစ်များနှင့် ကုန်းလမ်းစနစ်များအပေါ် အလွန်အမင်း မှီခိုနေကြရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဆိပ်ကမ်းများ၊ နိုင်ငံခြား ဖောက်သည်များ (foreign clients) နှင့် ထိရောက်စွာ ဆက်သွယ်နေရသောကြောင့်ဖြစ်သည်။ အလားတူစွာပင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများသည် သမိုင်းအစဉ်အလာအားဖြင့် သော့ချက်ကျပါသည်။ ယင်းလုပ်ငန်းများသည် ကုန်းတွင်းပိတ်နိုင်ငံများနှင့် ကမ္ဘာ့တိုက်ကြီး/ကျွန်းကြီးများရှိ နိုင်ငံတကာဈေးကွက်များကိုချိတ်ဆက်ပေးနေသောကြောင့် ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းသည် လျှပ်စစ်၊ အင်တာနက်၊ ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုး (Various business services) စသည်တို့ အပေါ်တွင် များစွာမူတည်နေပါသည်။

### ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခက်အခဲ

စွမ်းဆောင်ရည်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများသည် အလွယ်တကူဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ လုပ်ငန်းကိစ္စရပ် အတော်များများတွင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများသည် ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံပေါ်တွင် မှီခိုအားထားနေရသည်။ အဆိုပါ ဝန်ဆောင်မှုပေးသူများ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရန်အတွက် ပေါ်လစီပြုပြင်ပြောင်းလဲမှုများ (Policy reforms) နှင့် အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများ (Institutional changes)လည်း လိုအပ်လေ့ရှိသည်။ ဥပမာအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းများစွာသည် လက်ဝါးကြီးအုပ်ဈေးကွက်များတွင် လုပ်ဆောင်လည်ပတ်ကြရသည်။ ဈေးကွက်ချုပ်ကိုင်မှုများပြီး လက်ဝါးကြီးအုပ်လေ့ရှိသောလုပ်ငန်းများမှာ လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ မီးရထားလုပ်ငန်းနှင့် ရေပေးဝေရေး ကုမ္ပဏီလုပ်ငန်းများဖြစ်သည်။ အဆိုပါ လုပ်ငန်းများတွင် သင့်လျော်သည့် ပေါ်လစီပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးပါက ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာပါမည်။

အခြားတစ်ဖက်တွင်မူ ဝန်ဆောင်မှုလုပ်ငန်းများ၏စွမ်းရည်တိုးတက်ရေးအတွက်ငွေကြေးအရင်းအမြစ် (Financial resources ) လိုအပ်နေပြန်သည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုလုံးတွင် ငွေကြေးချို့တဲ့မှုကို ရင်ဆိုင်ရသည်။ အထူးသဖြင့် အခြေခံ အဆောက်အအုံဆိုင်ရာရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များ (Infrastructural investment requirement )ကိုပိုမို တွေ့ရှိရသည်။ လျှပ်စစ်ဓါတ်အားပေးစက်ရုံများ၊ မော်တော်ကားလမ်းများ၊ ရေအောက်ကေဘယ်များ၊ မီးရထားနှင့် လေယာဉ်များစသည်တို့ကိုဝန်ဆောင်မှု အခြေခံအဆောက်အအုံ ( Service Infrastructure) ၏ ဥပမာများအဖြစ် တွေ့မြင်နိုင်သည်။ ၎င်းတို့သည် ဝန်ဆောင်မှု အခြေခံအဆောက်အအုံ၏ ရင်းနှီးကုန်စည်များ (Capital goods ) ဖြစ်ကြသည်။အဆိုပါ ရင်းနှီး ကုန်စည်များသည် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြားလိုအပ်ပြီး ကာလ ရှည်ကြာဖြည့်ဆည်းတပ်ဆင်ပေးရသော ကုန်စည်များလည်းဖြစ်သည်။ ထို့ပြင် ယင်းကုန်ပစ္စည်းများသည် ဆုံးရှုံးနိုင်ခြေ သို့မဟုတ် ဘေးအန္တရာယ် (Risks) များပြားသည့် ကုန်စည်များလည်း ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် အထက်ပါအခြေခံအဆောက်အအုံ လိုအပ်ချက်များဖြည့်ဆည်းရာတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသည်။ အခြေခံအဆောက်အအုံလိုအပ် ချက်ဖြည့်ဆည်းရန်ငွေကြေးရရှိနိုင်သော ဇာစ်မြစ် ၅ မျိုး (Five sources of financing) ရှိသည်။ ပြည်သူပိုင်ကဏ္ဍ မှရရှိနိုင်သောဇာစ်မြစ်နှစ်မျိုးနှင့်ပုဂ္ဂလိက ကဏ္ဍမှ ရရှိနိုင်သော ဇာစ်မြစ် သုံးမျိုး တို့ဖြစ်သည်။ ပြည်သူပိုင် ကဏ္ဍဇာစ်မြစ်နှစ်မျိုးမှာ အစိုးရဘတ်ဂျက် (Government budgets) နှင့် နိုင်ငံခြားအလှူရှင်များ (Foreign donor) ဖြစ်သည်။ပုဂ္ဂလိကဇာစ်မြစ် သုံးမျိုးမှာ ကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ချေးငွေရယူခြင်း၊ ငွေကြေးစာချုပ်များထုတ်ဝေခြင်း (Bond issues)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်း (Equity investment) တို့ဖြစ်သည်။ အဆိုပါ ငါးမျိုးအနက် Equity investment မှာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ကျန်ဇာစ်မြစ်လေးမျိုးတွင်စီးပွားရေးနှင့် ငွေကြေးအားနည်းချက်များ (Economic and financial disadvantages) ရှိသည်။

### FDI သို့မဟုတ် အားသာချက်များသည့် ဇာစ်မြစ်

နိုင်ငံခြားအစုရှယ်ယာ ရင်းနှီး မြှုပ်နှံမှုတွင် အားသာချက်အမျိုးမျိုးရှိသည်။ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို အခြေခံသည့် အခြေခံအဆောက်အအုံလိုအပ်ချက်ဖြည့်ဆည်း သောနည်းလမ်းဖြစ်သည်။ အားသာချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် လိုအပ်သော ငွေကြေးကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ က ဖြည့်ဆည်းပေးနိုင်သည်။
(ခ) အခြေခံအဆောက်အအုံ စီမံကိန်းများတွင် သုံးစွဲမည့်အစိုးရ၏ ငွေကြေးများကို ပညာရေး၊ကျန်းမာရေး ကဲ့သို့သော နေရာများ၌သုံးစွဲနိုင်သည်။
(ဂ) ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ခြေများ (Investment risks) ကို ပြည်ပရင်းနှီးမြှုပ်နှံသူများက တာဝန်ယူနိုင်ပါသည်။
(ဃ) နိုင်ငံခြားငွေကြေးပြတ်လပ် နေသောနိုင်ငံများတွင် နိုင်ငံခြားပရောဂျက်များ လက်ခံဆောင်ရွက်ခြင်း က အိမ်ရှင်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေ (International reserves) ကို တိုးပွားစေသည်။
(င) နိုင်ငံခြားပရောဂျက်များ၏ နည်းပညာနှင့်လုပ်နည်းလုပ်ဟန်များ ရရှိသည်။ဤအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုအတွက် အရေးကြီးပါသည်။
(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အသုံးပြုမည့် သွင်းအားစုများ (Input) သို့မဟုတ် ဝန်ဆောင်မှုများ (service) ကို ပြည်တွင်းထုတ်လုပ်သူများက ဖြည့်ဆည်းပေးရသည်။ ဤအချက်က နောက်သို့ဆက်စပ်နေသောအကျိုးကျေးဇူး (backward linkages)ကိုဖြစ်စေသည်။ FDI လက်ခံဆောင်ရွက်ခြင်းကြောင့် ပြည်သူများ အလုပ်အကိုင် ရရှိပြီး ပြည်တွင်းထုတ်လုပ်သူများ၏ ထုတ်လုပ်ရောင်းချမှု ပိုမိုတိုးတက်လာသည်ဟု ဆိုလိုသည်။

***Source: National Trade Policy for Export Success, FTC, 2011.***

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီတစ်မျိုးသာဝင်

ဇန်နဝါရီ ၄ ရက်မှ ဇန်နဝါရီ ၁၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၄၈၀၁၆၀ တန်ဖိုးရှိဓာတ်ဆီ ၁၃ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၃၃၉ ဒသမ ၅၂၅ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၂၆ ဒသမ ၃၂၅ တန်အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါ တယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာ လည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ်အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၇၃၀ ကျပ်၊ အောက်တိန်း ၆၄၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ယခင် တစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ဈေးနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ဈေးကျလာတာတွေ့ရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၁၂ ရက်က ဝယ်ဈေး တစ်ပီပါ ၁၈၇၀၀၀ ကျပ်၊ ရောင်းဈေး တစ်ပီပါ ၁၈၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဇန်နဝါရီ ၁၃ ရက်နေ့မှာ ဝယ်ဈေး ဈေးမပြောင်းသော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးပြန်မြင့်လာတယ်လို့ သိရပါတယ်။ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင်ဒီတစ်ပတ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ဒီဇယ်ဈေးမှာ ဇန်နဝါရီ ၁၂ ရက်မှာ ၁၃ ရက်မှာ ဝယ်ဈေး ၁၃၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၁၀၀၀ကျပ် နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ကျန်နေ့များမှာလည်း ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်း ဈေးများမှာတော့ ဒီတစ်ပတ်မှာလည်း ဓါတ်ဆီဈေးက ဝယ်ဈေးတစ်ဂါလန် ၃၆၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၆၀၀ ကျပ်ဝယ်ပြီး ၃၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးပါ ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၇၀ ကျပ်၊အောက်တိန်း ၇၆၉ ကျပ်၊ ဒီဇယ် ၇၇၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၈၇၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၁၂ ရက်နေ့ဒီဇယ် ဝယ်ဈေးမှာ ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၅ ရက်မှာ ဝယ်ဈေး ၁၄၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၁၀၀၀ ကျပ် ကိုဈေးပြန်ကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၁၂ ရက်မှာ ဝယ်ဈေး ၁၆၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၇၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အတက် အကျ တစ်ထောင်ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးအနည်းငယ်ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းနဲ့ ဒီဇယ်မှာဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၈၅၀ ကျပ်၊ အောက်တိန်း ၃၈၅၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၉၀၀ ကျပ်၊ အောက်တိန်း ၃၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများငြိမ်နေသလို ပြင်ပလက်လီဆိုင်များရဲ့ဈေးမှာလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၉၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၉၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**Energy NYMEX** 16-1-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 46.73 | 0.48 | 1.04 |
| Brent Crude Futr (USD/bbl) | 48.72 | 0.45 | 0.93 |
| Gasoline Rbob Fut (Cent/gal) | 130.62 | 0.68 | 0.52 |
| Natural Gas Futr (USD/MMBtu) | 3.13 | -0.03 | -0.95 |
| Heating Oil Futr (Cent/gal) | 163.18 | 0.85 | 0.52 |

## ပြင်ပငွေလဲနှုန်းများ အနည်းငယ်ကျဆင်းလာ

ယခုတစ်ပတ်တွင် ပြင်ပငွေလဲနှုန်းများ အနည်းငယ်ကျဆင်းလာခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ သိမ်ဖြူငွေလဲစင်တာနှင့် ပုဂ္ဂလိကဘဏ်များ၏ငွေလဲစင်တာများတွင်မူ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အတွင်း ပြန်လည်ရောင်းချသူများ များပြားလာပြီး အဝယ်နည်းပါးသွားခြင်းကြောင့် ဈေးများ ကျဆင်းလာရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်လာခြင်းကြောင့် ဒေါ်လာအပေါ်တွင် စိတ်ဝင်စားမှု နည်းပါးသွားပြီး ရွှေဘက်သို့လှည့်သွားကြခြင်းကြောင့်လည်း ယခုကဲ့သို့ ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးကဆိုသည်။

"ဒီတစ်ပတ်ထဲမှာ ဈေးက ပြန်ကျလာတယ်။ ဈေးကွက်ထဲမှာ အဝယ်ထက် အရောင်းက ပိုများလာတယ်။ တ ချို့ဘဏ်တွေမှာဆို သူတို့ဘဏ်က ရောင်းတာ တစ်ခုပဲလုပ်တော့တယ်။ အဝယ်ကို ပိတ်ထားတယ်။ အဲဒါကြောင့် ဈေးကျလာရတာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

သိမ်ဖြူငွေလဲစင်တာတွင် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ရောင်းဈေး ၁၀၃၃ ကျပ်၊ ဝယ်ဈေး ၁၀၂၈ကျပ်ဖြင့် အတက်အကျမရှိဘဲ ဈေးအငြိမ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ပြင်ပငွေလဲစင်တာများတွင်မူ ဇန်နဝါရီလ ၁၂ရက်နေ့က ရောင်းဈေး ၁၀၃၈ ကျပ်၊ ဝယ်ဈေး ၁၀၃၄ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရောင်းဈေး ၁၀၃၅ ကျပ်၊ ဝယ်ဈေး ၁၀၃၁ ကျပ်သို့ ကျဆင်းခဲ့သည်။ ဇန်နဝါရီလ ၁၆ ရက်တွင်လည်း ရောင်းဈေး ၁၀၃၄ ကျပ်၊ ဝယ်ဈေး ၁၀၃၀ ကျပ်သို့ ထပ်မံကျဆင်းခဲ့သည်။

**မယ်သီတာ**

## တစ်ပတ်အတွင်း ကျပ် တစ်သောင်းကျော် မြင့်တက်ခဲ့တဲ့ မြန်မာ့ရွှေဈေး

ယခုတစ်ပတ်အတွင်းတွင် မြန်မာ့ရွှေဈေးသည် တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက တဖြည်းဖြည်းချင်း မြင့်တက်လျက်ရှိသည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အမြင့်ဆုံးဈေးဖြစ်သည့် ကျပ် ၆၈၅၁၀၀ သို့ ရောက်ရှိခဲ့သည်။ ဈေးကွက်အတွင်း ဝယ်လိုအားမြင့်မားလာခြင်းနှင့်ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်းတို့ကြောင့် မြန်မာ့ရွှေဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



"ဒီတစ်ပတ်ထဲမှာ ရွှေဈေးက ပြန်ပြီးတက်လာတယ်။ အစပိုင်းတုန်းကတော့ တက်မလိုလို ကျမလိုလိုဖြစ်နေတာ။ ဒါပေမယ့် ဒီနေ့ ဇန်နဝါရီ ၁၆ ရက်နေ့မှာတော့ ရွှေဈေးက တစ်ရက်ထဲမှာပဲ ကျပ် ၆၀၀၀ လောက် တက်လာတယ်။ မနေ့ကဆို ဈေးကွက်ထဲမှာ ရွှေဝယ်တဲ့သူ တော်တော်များတယ်။ ဈေးကွက်လိုအပ်ချက်အရ ဝယ်တာလည်းဖြစ်နိုင်သလို ရွှေဈေးတက်နိုင်တယ်လို့ ခန့်မှန်းထားတဲ့သူတွေများတာကြောင့်လည်းဖြစ်နိုင်ပါတယ်။ ဘယ်ပစ္စည်းမဆို အဝယ်လိုက်လာရင် ဈေးတက်သွားနိုင်တာပဲလေ"ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့်လည်း မြန်မာ့ရွှေဈေး တက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ဆွစ်ဇာလန်ဘဏ်တွင်အတိုးနှုန်းများကို လျှော့ချလိုက်သည့်အတွက် ကမ္ဘာ့ရွှေဈေးများ တက်လာရခြင်းဖြစ်သည်ဟု ကမ္ဘာ့ရွှေဈေးကို လေ့လာနေသူတစ်ဦးကဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီလ ၁၂ရက်နေ့က ကျပ် ၆၇၂၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၁၅ရက်အထိ ကျပ် ၆၇၁၀၀၀ ဝန်းကျင်တွင်သာ ရှိနေခဲ့သည်။ သို့သော် ဇန်နဝါရီ ၁၆ ရက်တွင် ကျပ် ၆၇၇၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ၁၇ ရက်တွင် ကျပ် ၆၈၅၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလ ၁၂ ရက်က ၁၂၂၉ ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၁၅ရက်အထိ၁၂၃၀ ဒေါ်လာဝန်းကျင်တွင်သာ လှုပ်ရှားနေခဲ့သည်။ သို့သော် ဇန်နဝါရီ ၁၆ရက်တွင် ၁၂၆၁ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၁၇ ရက်တွင် ၁၂၈၀ ဒေါ်လာသို့ဆက်လက်မြင့်တက်နေပြီး ထပ်မံမြင့်တက်နိုင်ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

January 16, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.22 |
| BDT | Bangladesh Taka | 77.73 |
| CAD | Canada Dollars | 1.20 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.86 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 61.92 |
| IDR | Indonesia Rupiahs | 12589.11 |
| JPY | Japan Yen | 116.61 |
| MYR | Malaysia | 3.57 |
| PKR | Pakistan Rupees | 100.59 |
| PHP | Philippines Pesos | 44.62 |
| RUB | Russia Rubles | 65.22 |
| SGD | Singapore Dollars | 1.32 |
| KRW | South Korea Won | 1079.11 |
| LKR | Sri Lanka Rupe | 131.30 |
| THB | Thailand Baht | 32.65 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 21320.00 |

*Source : xe.com*

## World Gold Price

January, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1223 | 1223 | 1224 |
| 13 | 1231 | 1232 | 1233 |
| 14 | 1226 | 1227 | 1228 |
| 15 | 1224 | 1224 | 1226 |
| 16 | 1253 | 1254 | 1254 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-1- 2015 | 671.00 | 671.70 |
| 13-1- 2015 | 672.50 | 672.40 |
| 14-1- 2015 | 671.00 | 670.80 |
| 15 -1- 2015 | 671.50 | 670.80 |
| 16-1- 2015 | 676.50 | 676.60 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6 .19 | 32.84 | 77.75 | 62.17 |
| 13 | 6. 20 | 32.84 | 77.79 | 61.99 |
| 14 | 6 .20 | 32.79 | 77.70 | 62.14 |
| 15 | 6 .20 | 32.74 | 77.59 | 61.73 |
| 16 | 6.21 | 32.65 | 77.73 | 61.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-January | 16.57 | 2174.37 | 1792.45 | 6259.23 | 1227.00 |
| 13-January | 16.77 | 2161.60 | 1785.28 | 6164.93 | 1241.00 |
| 14-January | 16.85 | 2074.46 | 1745.18 | 5690.27 | 1231.00 |
| 15-January | 16.82 | 2082.98 | 1772.51 | 5847.07 | 1230.00 |
| 16-January | 17.02 | 2070.66 | 1771.17 | 5818.40 | 1253.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန်လေးသောင်းလေးထောင်ကျော်သာဝင်ခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အတွင်းမှာ ကန်ဒေါ်လာ ၄၀၂၃၃၆၀ တန်ဖိုးရှိ ဘိလပ်မြေ ၄၄၃၂၂ ဒသမ ၉၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံ မှ တန်ချိန် ၇၀၀၊ စင်ကာပူနိုင်ငံမှ ၁၂၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၄၃၄၉၇ ဒသမ ၉၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဝင်လာခဲ့တဲ့ဘိလပ်မြေတံဆိပ်များမှာ SCG၊ PRIMO၊ MOUNTAIN ၊ ELEPHANT နဲ့ DIAMOND တံဆိပ်များဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန်ခြောက်သောင်း ကိုးထောင်ကျော်အထိဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် နှစ်သောင်းလေးထောင်ကျော် အဝင်လျော့ခဲ့ပါတယ်။

### ပွင့်လင်းရာသီနဲ့အပြိုင် ဈေးကွက်သွက်နေဆဲ ဘိလပ်မြေ

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်ထိသီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းလေးထောင် ကျော်ဝင်ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက်သောင်း ကိုးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် နှစ်သောင်း လေးထောင် ရှစ်ရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။နယ်စပ် လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သောင်းငါးထောင်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်တစ်ထောင့်ငါးရာ့သုံးဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာအရောင်းအဝယ် ပုံမှန်ဖြစ်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ကြံ့ (မြိုင်ကလေး)က ထုံးစံအတိုင်း အဝယ်လိုက်တယ်။ မြင်းခေါင်းက အသွက်ကြီးမဟုတ်ပေမဲ့ ဈေးကွက်ထဲပစ္စည်းပြတ်တယ်။သူက ဈေးအတက်အကျသိပ်မရှိဘူး။ ငြိမ်နေတာများတယ်လို့ ဘိလပ်မြေ ရောင်းသူတစ်ဦးမှပြောခဲ့ပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၀၅၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၄၅၀ ကျပ်၊ စိန် ၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အပါချီ၊ မြင်းခေါင်း၊ ဆင်မြန်မာနဲ့ ဆင်(ထိုင်း)ကဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၁၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၄၀၀ ကျပ် ၊မြင်းခေါင်း ၅၁၀၀ ကျပ်၊ဆင်(မြန်မာ)၄၆၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာပုံမှန်အရောင်းအဝယ်ဖြစ်သလို ဘိလပ်မြေဈေးကလည်း နည်းနည်းတက်လာတယ်လို့ သိရပါတယ်။ ဆင်တံဆိပ် ဈေးမြင့်လာပေမယ့် စိန်က ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲလည်း ဆင်တံဆိပ်တွေ အဆက် မပြတ်ဝင်လာတယ်လို့ ဆိုပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ ဆင် ၅၈၅၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဓာတ်မြေသြဇာ အဝင်လျော့

ကန်ဒေါ်လာ ၁၉၀၂၁၈၀ တန်ဖိုးရှိ မြေသြဇာ ၅၇၆၄ ဒသမ ၈၀၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဇန်နဝါရီလ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀ ၊ ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံမှ ၃၄၀၉ ဒသမ ၇၉ တန်၊ ထိုင်းနိုင်ငံမှ ၅၁၅ ဒသမ ၅ တန်၊ မလေးရှားနိုင်ငံမှ ၅၀ ၊ အင်ဒိုမှ တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံမှ ၅၀၅ ဒသမ ၇၉၆တန်၊ တရုတ်နိုင်ငံမှ ၃၃ ဒသမ ၇၂ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ ဝင်လာခဲ့တဲ့မြေသြဇာများမှာ ကွန်ပေါင်း၊ ပိုတက်၊ Golden Paddy ၊ ယူရီးယား၊ ရွှေတောင်သူအစရှိတဲ့ မြေဆီ အမျိုးအစားမျိုးစုံတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၇၉၆ ဒသမ ၆၂၄ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်အတွင်းအရောင်းအဝယ်အေးနေတဲ့ ဓာတ်မြေသြဇာ

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အတွင်း ပြည် တွင်းကို ရေလမ်းမှ မြေသြဇာတန်ချိန် ငါးထောင်ခုနစ်ရာခြောက်ဆယ် ကျော်အဝင် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ခုနစ်ထောင်ငါးရာ ခြောက်ဆယ်ကျော်ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင့် ခုနစ်ရာကျော် အဝင်လျော့ခဲ့ပါတယ်။ယခုတစ် ပတ်နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် နှစ်သောင်းကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်း သုံးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်ထောင့်လေးရာကျော် အဝင်ပိုခဲ့ပါတယ်။ဒါကြောင့် ဒီတစ်ပတ်ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊ တောင်ကြီး၊ မကွေးမှာ မြေသြဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးတယ်လို့ သိရပါတယ်။ အရောင်းထိုင်းသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး ၊ ရွှေပျား ၊ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၅၅၀၀ ကျပ်၊ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၉၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၇၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၉၈၀၀ ကျပ်၊ တီစူပါ၁၆%(မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာအရောင်းအဝယ် ပုံမှန်အရောင်းရှိပေမယ့် မြေသြဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၁၇၄၀၀ ကျပ်၊ ယူရီးယား (ရွှေ တောင်-တရုတ်)၁၇၅၀၀ ကျပ်၊ တီစူပါ(GTSP ၄၆%-တရုတ်) ၁၇၀၀၀ ကျပ်၊ တီစူပါ (GSSP၁၆%-တရုတ်) ၉၃၀၀ ကျပ်၊ တီစူပါ (GTSP ၁၂%-တရုတ်) ၈၄၀၀ ကျပ်၊ ကွန်ပေါင်း၁၂၅၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာအရောင်းအဝယ်အေးတာနဲ့အမျှ ဈေးတွေလည်း ငြိမ်နေ တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်နေတဲ့ဈေး မှာ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊တီစူပါ( ၁၂%-တရုတ်) ၉၆၀၀ ကျပ်၊ တီစူပါ( ၁၆%-တရုတ်)၁၀၆၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၄၁၀၀ ကျပ်၊ ခတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်း မှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက အရောင်းအဝယ်အေးတာကြောင့် ဈေးကလည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊အစိမ်း) ၁၃၂၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၅၁၀၀ ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၄၀၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီနှံ့စိမ်း

### နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ၇၂၆၈၈၀ တန်ဖိုးရှိနှံ့ဆီ ၅၃၀ ဒသမ ၅၅ တန်ကို ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ ပုံမှန်တင်သွင်းနေကြဖြစ်တဲ့ စင်ကာပူနိုင်ငံမှာသာမက မလေးရှားနိုင်ငံမှပါ တင်သွင်းလာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ရာ့ငါးဆယ်ကျော်အဝင်ပိုခဲ့ပါတယ်။

ကန်ဒေါ်လာ ၄၈၃၂၄၀ တန်ဖိုးရှိ နှံ့မှုန့် ၁၀၀ ဒသမ ၁၁၇ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနဲ့ နယူးဇီလန်မှသာတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နှံ့မှုန့်အဝင်နဲ့ယှဉ်ရင် တန်ချိန် တစ်ရာကျော်အဝင် လျော့နည်းပြီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃/၁ မှ ၉/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၂ မှ ၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၂၈.၅၀ | ၇၄၅.၀၀ | (+) ၇၈၃.၅၀ |
| ၂။ | လွယ်ဂျယ် | ၄၇၈.၇၅ | ၅၇၂.၀၀ | (-) ၉၃.၂၅ |
| ၃။ | ချင်းရွှေဟော် | - | ၁၀၀.၀၀ | (-) ၁၀၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၂၀၁.၀၀ | ၂၉၈၃.၅၀ | (+) ၂၁၇.၅၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၄၆၀၀.၀၀ | (-) ၁၆၀၀.၀၀ |
| ၆။ | မြဝတီ | ၄၂၁.၅၀ | ၁၁၆၆.၀၀ | (-) ၇၄၄.၅၀ |
| ၇။ | ကော့သောင်း | ၆၂၆၅.၀၀ | ၅၈၈၆.၂၃ | (+) ၃၇၈.၇၇ |
| ၈။ | မြိတ် | ၃၂၅.၀၀ | ၇၀၀.၀၀ | (-) ၃၇၅.၀၀ |
| | စုစုပေါင်း | ၁၅၂၁၉.၇၅ | ၁၆၇၅၂.၇၃ | (-) ၁၅၃၂.၉၈ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃/၁ မှ ၉/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၇/၁၂ မှ ၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၁၄၅.၂၅ | ၁၃၃၅၁.၉၀ | (+) ၅၇၉၃.၃၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | ၇၉၇.၀၀ | ၂၉၀.၂၅ | (+) ၅၀၆.၇၅ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၁၄၄.၀၀ | ၁၅၃.၅၀ | (-) ၉.၅၀ |
| ၆။ | ကော့သောင်း | ၁၆၅.၀၀ | - | (+) ၁၆၅.၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိုဒ် | - | - | - |
| | စုစုပေါင်း | ၂၀၂၅၁.၂၅ | ၁၃၇၉၅.၆၅ | (+) ၆၄၅၅.၆၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ/ပဲပုပ်

### နှမ်းရောင်စုံတင်ပို့မှုအနည်းငယ်လျော့ကျ

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းတို့မှ ကန်ဒေါ်လာ ၁ ဒသမ ၉၃၆ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၉၆၄ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်စခန်းမှ နှမ်းတင်ပို့မှု ၂၅၉၂ တန်ခွဲရှိခဲ့လို့ ယခုသီတင်းပတ်မှာ ၁၆၂၇ တန်ခွဲလျော့နည်းသွားတာတွေ့ရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၆၀ သန်းဖိုးရှိ နှမ်းနက် တန် ၃၀ ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်သီတင်းပတ်က နှမ်းဖြူဈေး တစ်တန်ကို ၂၂၅၃၃၇၂ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၃၀၃၃၃၁ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာတော့ နှမ်းဖြူဈေး ၂၂၄၇၇၅၇ ကျပ်၊ နှမ်းနက်ဈေး ၂၂၉၇၅၉၁ ကျပ်ဈေးသို့ ဈေးတွေဆက်လက်ကျဆင်းနေတာ တွေ့ရပါတယ်။ ကုန်သည်အများစုကလည်း ငွေဈေးကွက်ကို စောင့်ကြည့်နေကြတယ်။ နယ်စုံကလည်း နှမ်းတွေဝင်လာတယ်။ တရုတ်ဘက်ကလည်း ဈေးချဝယ်တယ်။ ကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်တွေက စိတ်ကြိုက်ဈေးကစားတယ်။ တရုတ်ငွေနဲ့ မြန်မာကျပ်ငွေ ပြဿနာဖြစ်လို့ သူတို့ငွေဈေးကျသွားရင် ဝယ်ချင်မှ ဝယ်တယ်။ အဲဒါကြောင့် ပြောင်း၊နှမ်း ဈေးတွေ ဆက်တိုက်ကျနေတာလို့ သိရပါတယ်။ ယခုသီတင်းပတ်ရဲ့ စခန်းအလိုက်တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့-

**တန်ချိန်-ကိန်းပြည့်**

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၂၇. ၂၅ | ၁၇၀ | - |
| နှမ်းနက် | ၂၅. ၀၀ | ၆၆၀ | ၃၀. ၇၂ |
| နှမ်းညို | ၂၈. ၅၀ | - | - |
| နှမ်းဖြူ (အခွံချွတ်) | ၅၄. ၀၀ | - | - |

**မော်မော်အောင် MIRT (DCCA)**

### ပြည်ပဲပုပ်သစ်များ ဆက်တိုက် ဝင်ရောက်လာလို့ ဈေးလျော့

ပဲပုပ်သစ်များ ဈေးကွက်သို့ ယခုလလယ်မှာပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ် များမှ ဆက်လက်ဝင်ရောက်လျက်ရှိရာ တစ်ရက် အိတ် ၁၅၀ ကျော် ဝင်ရောက်ခဲ့ကြပြီး ဝယ်လက်ကတော့ ဒီတစ်ပတ်မှာ ဒေသတွင်းလက်လီသမားများ နေ့စဉ်ဝယ်ယူနေတယ်လို့သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက် ထပ်မံဈေးလျော့နည်းကျဆင်းခဲ့ပြီး ပဲသစ်ဈေးများ ပဲဟောင်းဈေးကို မမီဘဲ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ကာလတူအချိန် ပဲပုပ်သစ်ဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## Export ဝယ်လက်ရှိ၍ အရောင်းအဝယ်သွက်တဲ့ စစ်ကိုင်းမြေပဲလုံးဆန်

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဆောင်းမြေပဲလျာထားစိုက်ဧက ၄ ဒသမ ၃၅ သိန်းမှာ ဧက ၄ ဒသမ ၃၈ သိန်းကျော်စိုက်ပျိုးပြီးလို့ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၇ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းမြေပဲများ ဇန်နဝါရီလဆန်းမှ စတင်ထွက်ပေါ်နေပြီဖြစ်၍ ယခုအချိန်မှာ အထွက်များလာပြီး ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲမြို့နယ်များနှင့် ဧရာဝတီမြစ်ကမ်းဘေး မြောင်မြို့နယ် မြေနုကျွန်းများမှ ထွက်ပေါ်တဲ့ မြေပဲအသစ်များ မုံရွာကုန်စည်ဒိုင်သို့ တစ်ရက်ပျမ်းမျှ တင်း ၁၀၀၀ ကျော်ဝင်ရောက်လာပြီး၊ တရုတ်ဝယ်လက်အဆွဲရှိလို့ ဝင်ရောက်သမျှ အားလုံး အရောင်းအဝယ်ဖြစ်ကြောင်း၊ တောင်သူလက်ဝယ်ရှိ မိုးမြေပဲများလည်း ကုန်စည်ဒိုင်သို့ ဝင်ရောက်သဖြင့် ကုန်စည်ဒိုင်တွင် တစ်ရက် ပျမ်းမျှ တင်း ၄၀၀၀-၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ ဆောင်းမြေပဲတစ်ဧက ကုန်ကျစရိတ် ကျပ် ၂ ဒသမ ၂ သိန်းဝန်းကျင်ကုန်ကျပြီး၊ တစ်ဧကပျမ်းမျှအထွက်တင်း ၅၀ ခန့်ထွက်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ဇန်နဝါရီလအတွင်း တစ်ပိဿာ အနိမ့်၊ အမြင့်ဈေးများမှ မြေပဲဆန်ဖြူ ၂၂၇၅ ကျပ်၊ ၂၄၅၀ ကျပ်၊ မြေပဲဆန်နီ ၂၄၀၀ ကျပ်-၂၅၀၀ ကျပ်၊ မြေပဲလုံးဆန် ၁၈၀၀ ကျပ်-၁၈၅၀ ကျပ် ဈေးအသီးသီးဖြင့် အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## စားအုန်းဆီ

### ရေနံစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာပြီးနောက် စားအုန်းဆီဈေး ပြန်လည်ဦးမော့လာ

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက ဇန်နဝါရီ ၁၅ ရက်မှာပြန်လည်ခေါင်းထောင်လာတာကို တွေ့ရပါတယ်။ မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းမှာ မုတ်သုံမိုး ရွာသွန်းမှုကြောင့် စားအုန်းဆီထုတ်လုပ်ရာမှာ ဒုတိယနေရာမှာရှိနေတဲ့ မလေးရှားနိုင်ငံအနေနဲ့ စားအုန်းဆီရောင်းလိုအားကျမှာ စိုးရိမ်နေရချိန်မှာ ရေနံစိမ်းဈေးကလည်း ပြန်လည်မြင့်တက်လာတဲ့အတွက် စားအုန်းဆီဈေးကလည်း ပြန်လည်မြင့်တက်လာတာဖြစ်ပါတယ်။

မလေးရှားနိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးဖြစ်တဲ့ မုတ်သုံမိုးကြောင့် ဖြစ်ရတဲ့ ရေလွှမ်းမိုးမှုကြောင့် မုတ်သုံမိုးဒဏ်ခံရတဲ့ နေရာတွေမှာ စားအုန်းဆီသယ်ယူပို့ဆောင်ရေးနဲ့ ဆင့်တက်ပြုပြင်မှုလုပ်ငန်းတွေ ပျက်စီးမှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်စားအုန်းဆီ အထွက်နှုန်းတွေလည်း ကျဆင်းခဲ့ရပါတယ်။

"ဝယ်လိုအားကောင်းနေပေမယ့် ဇန်နဝါရီထုတ်လုပ်မှုက ဘယ်လိုအခြေအနေရှိမလဲဆိုတာကို လူတွေက စောင့်ကြည့်နေကြပါတယ်"လို့ မလေးရှား LT International Future မှ ကုန်သည်တစ်ဦးဖြစ်သူ ချန်ဒရန်ဆင်နာဆာမီက ပြောပါတယ်။

ဇန်နဝါရီ ၁၅ ရက်က မတ်လအတွက် ကြိုရောင်းစာချုပ်ဈေးက တစ်ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၃၆၄ ရင်းဂစ် (၆၆၅ ဒေါ်လာ)နှုန်း ရှိခဲ့ပါတယ်။ စုစုပေါင်းရောင်းချတဲ့ ပမာဏက ၂၅ တန်တွဲ ၆၆၇၀၄ တွဲရှိတဲ့အတွက် ပုံမှန်ပျမ်းမျှရောင်းချမှုဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက်သာလွန်ပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီပြည်ပတင်ပို့မှုက ယခင်လကာလတူနဲ့နှိုင်းယှဉ်ရင် ဇန်နဝါရီ ပထမပတ် တင်ပို့မှုက ၁၃ ရာခိုင်နှုန်းကျဆင်းပြီး တန် ၅၃၅၆၅၁ တန်နှုန်းရှိခဲ့ကြောင်း Intertek Testing Services ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဟင်းရွက်ဆီဈေးကွက်မှာ အမေရိကန်ပဲပုပ် မတ်လကြိုရောင်းဈေးက သုည ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံအိပ်ချိန်းမှာ မေလအတွက် ကြိုရောင်းဈေးက သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၁-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၇၀၀ | ၅၇၀၀ | □ | ၁၃၈၀ | ၁၃၇၀ | ▽ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၄၃၀၀ | ၄၀၀၀ | ▽ | ၁၄၇၀ | ၁၄၆၀ | ▽ |
| ပဲခူး | ၂၇၀၀ | ၂၇၀၀ | □ | ၅၄၀၀ | ၅၄၀၀ | □ | ၁၄၂၀ | ၁၄၄၀ | △ |
| မကွေး | ၃၇၀၀ | ၃၇၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၄၃၀၀ | ၄၁၀၀ | ▽ | ၁၅၂၀ | ၁၅၁၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၁၂-၁-၂၀၁၅ မှ ၁၆-၁-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၂-၁-၂၀၁၅ | ၇၃၅ |
| (၂) | ၁၃-၁-၂၀၁၅ | ၇၃၀ |
| (၃) | ၁၄-၁-၂၀၁၅ | ၇၂၅ |
| (၄) | ၁၅-၁-၂၀၁၅ | ၇၃၀ |
| (၅) | ၁၆-၁-၂၀၁၅ | ၇၃၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၁-၂၀၁၅ US$/Ton

| အမျိုးအစား | ဇန်နဝါရီလ ပထမပတ် | ဇန်နဝါရီလ ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၁.၅၀ | ၆၆၁.၀၀ | ▽ |
| RBD P.Olein | ၆၆၀.၀၀ | ၆၇၅.၀၀ | △ |
| RBD P.Strarin | ၆၅၆.၀၀ | ၆၂၆.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆ - ၁ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၃၈.၂၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၁၀ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၁၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၈၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၁.၄၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၈.၇၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၁၆-၁-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၅ ဒေါ်လာ၊ FOB ၇၁၀ ဒေါ်လာ နှင့် Earning ဈေး ၁၀၃၁ ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ (၁၆-၁-၂၀၁၅)နေ့ ဝယ်ယူပြီးနောက် ၁၀ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၂၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် အတိမ်းအစောင်းမခံနိုင်သည့် အနေအထားတွင်ရှိနေ

ထိုင်းနိုင်ငံသည် အီးယူ GSP အခွင့်အရေး ပြီးဆုံးခြင်း၊ ရေနံဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း၊ အပြည်ပြည်ဆိုင်ရာနိုင်ငံရေးပဋိပက္ခများ စသည်ဖြင့် တစ်ပြိုင်တည်း ဖြစ်ပေါ်လျက်ရှိသော စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရဆဲဖြစ်ရာ ၎င်း၏ယခုနှစ် ပြည်ပတင်ပို့မှုသည် အတိမ်းအစောင်းမခံနိုင်သည့် အနေအထားတွင် ရှိနေဆဲ ဖြစ်ပါသည်။

ယခုနှစ်ပထမခြောက်လသည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ငွေကြေးကဏ္ဍအရသော်လည်းကောင်း နိုင်ငံရေးအရသော်လည်းကောင်း အတိမ်းအစောင်းမခံသည့် အခြေအနေတွင် ရှိနေဆဲဖြစ်ပြီး၊ ကမ္ဘာ့ဈေးကွက် မည်သို့ ပြောင်းလဲမည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ထိုင်း အမျိုးသားကုန်စည်ပို့ဆောင်ရေးလုပ် ငန်းရှင်များကောင်စီ (TNSC) ဥက္ကဋ္ဌ မစ္စတာနော့ပွန်းကပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၌ တစ်ကျော့ပြန်ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းခဲ့ကြသော subprime mortgage crisis သည် ယခုနှစ်တွင်လည်း ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာရန် လိုအပ်ကြောင်း၊ ကံကောင်းစွာဖြင့် ဘတ်ငွေကြေးတန်ဖိုး အားပျော့နေခြင်းသည် ပြည်ပတင်ပို့မှု ကို အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း၊ အမေရိကန်တစ်ဒေါ်လာလျှင် ၃၃-၃၄ ဘတ်နှုန်းသည် ထိုင်းပြည်ပတင်ပို့မှုအတွက် အသင့်တော်ဆုံး ငွေလဲနှုန်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုစွမ်းအားကို မြှင့်တင်ရန်နှင့် ထုတ်လုပ်မှုစရိတ် လျှော့ချရန် ၎င်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရန်အတွက် လိုအပ်လျက်ရှိရာ လက်ရှိကာလသည် ထိုင်းနိုင်ငံအတွက် အသွင်ကူးပြောင်းဆဲ ကာလဟု ဆိုနိုင် ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအား နှစ်မျိုးစလုံးကို ထိန်းနိုင်သည့် ကုန်သွယ်မှုပြုလုပ်ရာ နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ပြုပြင်ပြောင်းလဲသင့်ကြောင်း သုံးသပ်ကြပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်အတွက် ပြည်ပတင်ပို့မှု တိုးတက်မှုနှုန်း ခန့်မှန်းချက် ၃ ဒသမ ၅ - ၄ ရာခိုင်နှုန်း ရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ထိုင်းကုန်စည်များအတွက် အီးယူ GSP အခွင့်အရေး ရရှိမှု ပြီးဆုံးခြင်း၊ ထိခိုက်မခံဖြစ်နေသော တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ စီးပွားရေးအခြေအနေများ၊ အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်နေသော ရေနံအကျပ်အတည်း(ပြဿနာ)၊ အာဖရိက၌ ဖြစ်ပွားလျက်ရှိသော အီဘိုလာကူးစက်ရောဂါ စသည့်များစွာသော အတားအဆီးများသည် ထိုင်း ပြည်ပတင်ပို့မှုကို ဟန့်တားလျက်ရှိနေခြင်းဖြစ်ကြောင်း TNSC ဒုတိယ ဥက္ကဋ္ဌ မစ္စတာဗာလော့က သုံးသပ်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအတွက် အာဆီယံ ဈေးကွက်သာလျှင် အသက်သွေးကြောအဖြစ် တည်ရှိနေကြောင်း၊ သို့ရာတွင် တရုတ်ကုန်စည်များနှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ရာအဆိုပါ ဈေးကွက်များသည်ပင် သေချာမှုမရှိ ဖြစ်နေကြောင်းလည်း မစ္စတာဗာလော့က သုံးသပ်ခဲ့ပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# အီးယူနှင့်လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်ရန် ထိုင်းနိုင်ငံမျှော်လင့်

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာလများတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီကွေဒေါနိုင်ငံနှင့် မော်လ်ဒိုက်ဗ် နိုင်ငံတို့အား အလယ်အလတ်အထက် ဝင်ငွေရှိသော နိုင်ငံများအဖြစ် ကမ္ဘာ့ဘဏ်က သတ်မှတ်ခဲ့ခြင်းကြောင့် အီးယူသည် အဆိုပါနိုင်ငံများသို့ ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေး GSP ပေးအပ်နေခြင်း အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရပ်ဆိုင်းရန်ဆုံးဖြတ်ခဲ့ပါသည်။

ထိုသို့ GSP ပေးအပ်နေခြင်းအား ရပ်ဆိုင်းခဲ့သည့်အတွက်ကြောင့် နှစ်စဉ်ဘတ်ငွေ ၃၀ ဘီလီယံခန့် ဆုံးရှုံး မှုရှိနိုင်ကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဌာနက ခန့်မှန်းထားပါသည်။

ယင်းသို့GSP ပေးအပ်နေခြင်းအား ရပ်ဆိုင်းခဲ့သည့်အတွက်ကြောင့် ထိုင်းနိုင်ငံမှ အီးယူသို့တင်ပို့ လျက်ရှိသည့် အေးခဲပုစွန်များအပေါ် အကောက်ခွန်သည်၄ ဒသမ ၂ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းသို့ သုံးဆခန့်တိုးတက်လာမည်ဖြစ်ပါသည်။အလားတူ ငါးမည်းလုံး(Tuna) အပေါ် အကောက်ခွန်သည် ၁၈ ဒသမ ၅ ရာခိုင်နှုန်း မှ ၂၂ရာခိုင်နှုန်းအထိမြင့် တက်လာမည် ဖြစ်ပါသည်။ GSP ပေးအပ်နေခြင်းအား ရပ်ဆိုင်းခဲ့သည့်အတွက်ကြောင့် အကောက်ခွန်အထူးအခွင့်အရေးများ ဆုံးရှုံးမည့် ကုန်စည်များတွင် အသား၊ ငါးနှင့် ရေထွက်ပစ္စည်းများ၊ အဖိုးတန်ကျောက်များ၊ ပုလဲများနှင့် ရော်ဘာစသည်တို့ ပါဝင်ပါသည်။

ထို့ကြောင့် ယခုအခါတွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာကုန်သွယ်ရေးရုံးသည် အီးယူသွင်းကုန်ကုမ္ပဏီများအား ၎င်း၏ အစိုးရများထံသို့ စိုက်ပျိုးရေးနှင့် စက်မှု ထုတ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန်များ ယာယီလျှော့ချပေးရေးသို့မဟုတ် သွင်းကုန်ဝေစုသတ်မှတ်ပေးရေးနှင့်ပတ်သက်၍ အဆိုပြုရန် တောင်းဆိုခြင်းကဲ့သို့သော ကုစားမှုနည်းလမ်းများကို ရှာဖွေလျက်ရှိပါသည်။

အီးယူဈေးကွက်တွင်အ ကောက်ခွန်အထူးအခွင့်အရေးများ ဆုံးရှုံးခဲ့ရမှုအပေါ် အစားထိုးဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံနှင့် အီးယူအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူ စာချုပ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်နိုင်ရေးအတွက်လည်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နည်းလမ်းများရှာဖွေဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့**

# ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် တောင်ကိုရီးယား စီးပွားရေး ပိုကောင်းလာ

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာမှုကြောင့် ကိုရီးယားစီးပွားရေးတိုးတက်မှုအပေါ် အပေါင်းလက္ခဏာသက်ရောက်မှုများရှိကြောင်း KDI က ခန့်မှန်း ပြောကြားလိုက်သည်။ ၎င်းကထုတ်ပြန်သော အစီရင်ခံစာတွင် ရေနံဈေးနှုန်းနှင့် ကိုရီးယားစီးပွားရေးအပေါ် သက်ရောက်မှုကြား ဆက်နွယ်ချက်ကို ဆန်းစစ်ထားပြီး၊ ရေနံဈေးနှုန်း တစ်စည်လျှင် ၄၉ ဒေါ်လာ တွင်ရှိနေပါက ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသည် သုည ဒသမ ၂ ရာခိုင်နှုန်းတိုးလာမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့ရေနံဈေးနှုန်း ၁၀ ရာခိုင်နှုန်း ကျဆင်းပါက နိုင်ငံအတွင်း စက်မှုလုပ်ငန်းအသီးသီး၏ ထုတ်လုပ်မှု ကုန်ကျစရိတ်အားသုည ဒသမ ၆၇ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တစ်ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍများတွင် သုည ဒသမ ၂၈ ရာခိုင်နှုန်း အသီးသီး လျော့ကျသွားမည်ဟု တွက်ချက်ဖော်ပြခဲ့သည်။ ယခုရေနံဈေးနှုန်း အတိုင်းဖြစ်ပါက ကိုရီးယားအနေဖြင့် ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များစွာ လျှော့ချသွားနိုင်မည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဖိလစ်ပိုင်နိုင်ငံ၏ GSP+ လျှောက်ထားချက်ကို ဥရောပပါလီမန် အတည်ပြု

ဖိလစ်ပိုင်နိုင်ငံမှ အီးယူသို့ တင်ပို့မည့် အရေးပါသောကုန်စည်အများစုအားအကောက်ခွန်ကင်းလွတ်ခွင့် ဆောင်ကြဉ်းပေးနိုင်သည့် ဖိလစ်ပိုင်နိုင်ငံ၏ GSP+လျှောက်ထားချက်အပေါ် ဥရောပပါလီမန်က ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် လက်ခံသဘောတူခဲ့ပါသည်။

သို့ဖြစ်၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှစ၍ ဖိလစ်ပိုင်နိုင်ငံမှ အီးယူသို့ တင်ပို့မည့် ကုန်စည် ၆၂၇၄ မျိုးခန့်သည် GSP+အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

အီးယူ၏ GSP+အစီအစဉ်ကြောင့် ဖိလစ်ပိုင်နိုင်ငံမှ အီးယူသို့ ပို့ကုန်တန်ဖိုးသည် ပထမနှစ်တွင် ယူရို ၆၁၁ ဒသမ ၈သန်းခန့်တိုးတက်လာနိုင်ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်းအလုပ်အကိုင်ပေါင်း နှစ် သိန်းခန့်ကိုလည်း ဖန်တီးပေးနိုင်မည်ဟု ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာနက ခန့်မှန်းထားပါသည်။ ထို့အပြင် အီးယူ၏ GSP+ အစီအစဉ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများသည် လည်း ပိုမိုပွင့်လန်းလာမည်ဟု ဖိလစ်ပိုင် အစိုးရက မျှော်မှန်းထားပါသည်။

၂၀၁၃ ခုနှစ်တွင် အီးယူသည် ဖိလစ်ပိုင်နိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုပမာဏ တန်ဖိုးစုစုပေါင်းသည် အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံခန့် ရှိခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့**

# ကိုရီးယား ဂျင်ဆင်းအား ဟောင်ကောင်နှင့်တရုတ်မှ အများဆုံးဝယ်ယူလျက်ရှိ

တရုတ်လူမျိုးများသည် ကိုရီးယားဂျင်ဆင်းများကို အများဆုံးဝယ်ယူကြ သည့် အဓိကဖောက်သည်ကြီးများဖြစ်ကြသည်။ ပြည်ပသို့ ယမန်နှစ် ပထမ ၉ လအတွင်း တင်ပို့သည့် ကိုရီးယား ဂျင်ဆင်း၊ ဂျင်ဆင်းနီ၊ ဂျင်ဆင်းနီအဆီများနှင့် ဂျင်ဆင်းထွက်ကုန်များ အားလုံး၏ ၂၂ ရာခိုင်နှုန်းနှင့် ၂၈ ရာခိုင်နှုန်းတို့ကို ဟောင်ကောင်နှင့် တရုတ်တို့က ဝယ်ယူကြသည်။ ယင်းနှစ် နိုင်ငံဝယ်ယူသမျှသည် ဂျင်ဆင်းထွက်ကုန်အားလုံး၏ တစ်ဝက်တိတိပမာဏ ဖြစ်သည်ဟု ကိုရီးယားအကောက်ခွန်ဌာနက အတည်ပြုပြောကြားခဲ့သည်။

ဂျပန်နှင့် အမေရိကန်သည် ကိုရီးယားဂျင်ဆင်းများကို ဝယ်ယူသည့် တတိယနှင့် ပဥ္စမမြောက်အများဆုံး နိုင်ငံများဖြစ်ကြပြီး၊ ဂျင်ဆင်းထွက်ကုန် အားလုံး၏ ၁၇ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်း အသီးသီးဝယ်ယူကြသည်။ တရုတ်နိုင်ငံသည် ကိုရီးယားဂျင်ဆင်းများ အများဆုံးဝယ်ယူသည့် နိုင်ငံ ၁၀ နိုင်ငံတွင် ပထမစွဲသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာ့တိုင်းပြည်များသို့ ကိုရီးယား ဂျင်ဆင်းအများအပြားတင်ပို့ရောင်းချလာနိုင်ခြင်းမှာ ကိုရီးယားပေါ့ယဉ်ကျေးမှုနှင့် နိုင်ငံရပ်ခြားတွင် နှစ်ပေါင်းများစွာ ဈေးကွက်ချဲ့ထွင်လာသည့် အကျိုးရလဒ်များဖြစ်သည်ဟု ကိုရီးယားဂျင်ဆင်း ကော်ပိုရေးရှင်းမှ Choi Sam-kyu ကသုံးသပ်ပြောကြားသည်။ ၂၀၀၅ ခုနှစ်က ဂျင်ဆင်းထွက်ကုန်များ၏ ပြည်ပပို့ကုန်ပမာဏသည် ဒေါ်လာ ၇၅ မီလီယံသာရှိရာမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအကုန်ပိုင်းအထိ ပို့ကုန်ပမာဏ ဒေါ်လာ ၁၁၈ မီလီယံ ရှိခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဒေဝူးကုမ္ပဏီက ကမ္ဘာ့အကြီးဆုံး ကွန်တိန်နာ ရေယာဉ်တည်ဆောက်

ကို ရီးယား Daewoo Shipping and Marine Engineering Co., Ltd က 'The MSC Oscar' အမည်ရှိ ကမ္ဘာ့အကြီးဆုံးကွန်တိန်နာရေယာဉ် (Containership) အားတောင်ပိုင်း ဂျိုဆန်ပြည်နယ်၊ ဂျိုဂျဲမြို့၊ Okpo တွင် တည်ဆောက်၍ ဇန်နဝါရီလ ၈ ရက်နေ့ကရေချခြင်းအခမ်း အနားပြုလုပ်ခဲ့သည်။ ယင်း ကွန်တိန်နာရေယာဉ်သည် China's Bank of Commu -nication က ၂၀၁၃ ခုနှစ်အတွင်း ဆွစ်ဇာလန် Mediterranean Shipping Company က ချာတာရေယာဉ် ပြေးဆွဲရန်မှာကြားထားသော သင်္ဘောသုံးစီးအနက်မှ တစ်စီးဖြစ်သည်။

The MSC Oscar သည် ဘောလုံးကွင်းသုံးကွင်းစာရှိပြီး၊ ကုန်တန်ချိန် ၁၉,၂၂၄ TEU တင်ဆောင်နိုင်စွမ်း ရှိသည်။ The MSC Oscar အား သဘာဝပတ်ဝန်းကျင်နှင့်အကိုက် ညီဆုံး နှင့် စွမ်းဆောင်ရည်အမြင့်ဆုံးရအောင် တည်ဆောက် ထားသည်။ ဆီစားနှုန်း သက်သာဆုံးဖြစ်အောင် used fuel oil ပြန်လည်သန့်စင် အသုံးပြုနိုင်သည်ဟု သင်္ဘောတည် ဆောက်သည့် ကုမ္ပဏီက ပြောဆိုသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံအိမ်ခြံမြေဈေးကွက် ရှစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်

ကိုရီးယားအစိုးရ၏ အိမ်ခြံမြေ ဈေးကွက်အား ပြန်လည်အသက်ဝင်စေရန် ကြံဆောင်မှုသည် အသီးအပွင့်များ ခံစားလာရပြီဖြစ်သည်။ ကိုရီးယားနိုင်ငံ အတွင်း ယမန်နှစ်က အိမ်ခြံမြေ အရောင်းစံချိန်သည် ရှစ်နှစ်တာကာလ အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ၂၀၀၆ ခုနှစ်ကသာ အိမ်ခြံမြေအရောင်း အတွက် အိမ်ခြံမြေအရောင်းအဝယ်ဖြစ်မှုသည် တစ်သန်းရှိခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း တိုးလာခဲ့ သည်ဟု ကိုရီးယားမြေယာ အခြေခံအဆောက် အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆိုးလ်မြို့တွင်း အရောင်းသည် ၂၀၁၃ ခုနှစ်ကထက် ၂၃ ဒသမ ၅ ရာခိုင်နှုန်း တက်လာပြီး၊ အိမ်ခြံမြေ ရောင်းချ ဝယ်ယူခြင်းအတွက် ငွေလွှဲမှု အကြိမ်ပေါင်း ၁၄၈,၀၀၀ ကြိမ်ရှိခဲ့ပြီး၊ ကျေးလက်ဒေသတွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းတက်ခဲ့သည်။ ယင်းအကျိုး ရလဒ်များမှာ အစိုးရ၏အိမ်ရာချေးငွေ များအပေါ် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခဲ့ခြင်းသည် အဓိကအချက် ဖြစ်ပြီး၊ အခြားအိမ်ရာဈေးကွက် အတွင်း စည်းမျဉ်းများလျှော့ချပေးခဲ့မှု များလည်းရှိခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံတွင် အရက်သောက်သုံးခြင်းကြောင့် တစ်နှစ်လျှင် ကုန်ကျစရိတ် ၂၀ ထရီလီယံ ဝမ်ရှိလာ

ကိုရီးယားလူမျိုးများသည် ဆေးလိပ်သောက်ခြင်းတွင် ငွေကြေး သုံးစွဲမှုလျော့ကျလာသလောက် အရက်သောက်ခြင်း တွင် လျော့ကျလာခြင်းမရှိချေ။ အရက်သောက်သုံးခြင်းနှင့် ဆက်နွယ်သည့် ကျန်းမာရေးကုန်ကျ စရိတ်သည် နှစ်စဉ် ဝမ် နှစ်ထရီလီယံကျော်နေသည်။ အမျိုးသားစာရင်းအင်း ဌာနနှင့် ကျန်းမာရေးနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနတို့၏ ဇန်နဝါရီလ ၅ ရက် နေ့ထုတ်ပြန်ချက်အရ မိသားစုဝင် နှစ် ဦး အနည်းဆုံးရှိသော အိမ်ထောင်စုတစ်စု၏ ဆေးလိပ်၊ ဆေးရွက်ကြီးတို့ လစဉ်သုံးစွဲမှုစရိတ်သည် ၂၀၁၄ ခုနှစ် တတိယ သုံးလပတ်တွင် ၁၇,၃၁၇ ဝမ်ရှိ ကြောင်းနှင့် ၂၀၀၇ ခုနှစ် အလားတူကာလက အသုံးစရိတ် ၂၁,၀၇၉ ဝမ် ထက် လျော့ကျသွားခဲ့သည်ဟု သိရှိရသည်။

ဆန့်ကျင်ဘက်အနေဖြင့် အရက်သောက်သုံးမှုစရိတ် သည် လွန်ခဲ့သော ရှစ်နှစ်ကတည်းက ဆက်တိုက်မြင့်တက် နေခဲ့သည်။ ယမန်နှစ်က အိမ်ထောင်စု တစ်စု၏ လစဉ်အရက် သောက်သုံးမှု စရိတ်သည် ၁၄,၁၆၀ ဝမ်ရှိပြီး၊ ၂၀၀၇ ခုနှစ်က လစဉ်သောက်သုံးမှုစရိတ်သည် ၇,၃၃၅ ဝမ်သာရှိခဲ့သည်။ အရက်နှင့် ဆက်စပ်သောရောဂါများအတွက် ဆေး ကုသ စရိတ်သည် ၂၀၁၁ ခုနှစ်က ၂,၄၃၃ ဒသမ ၆ ဘီလီယံဝမ်သာ ရှိခဲ့ပြီး၊ ၂၀၀၇ ခုနှစ်က ၁,၇၀၅ ဒသမ ၇ ဘီလီယံဝမ်သာရှိခဲ့ သည်။ ကျန်းမာရေး ပညာရှင်များက အရက်ထက်စာလျှင် ဆေးလိပ်သောက်သုံးမှုအပေါ် ပိုမို တင်းကျပ်သော အစိုးရ၏ စည်းမျဉ်းများကြောင့် ဖြစ်ရကြောင်း ဝေဖန်ထောက်ပြခဲ့ကြ သည်။

Korea Institute for Health and Social Affairs ၏ ၂၀၁၄ ခုနှစ် က လေ့လာချက်တစ်ရပ်အရ အရက် သောက် သုံးမှုအပေါ် ကိုရီးယားအစိုးရ၏ မူဝါဒဆိုင်ရာ တင်းကျပ် မှုသည် ၇ မှတ်သာရှိကြောင်း၊ ယင်းလေ့လာချက် ကိုနိုင်ငံ ပေါင်း ၃၀ အား ပေးမှတ်ပေါင်း ၂၂ မှတ်ဖြင့် ဆန်းစစ်ခဲ့ရာ ကိုရီးယားသည် အဆင့် ၂၂ တွင်ရှိနေကြောင်း သိရှိရသည်။ ကိုရီးယား၏ရမှတ်သည် ပျမ်းမျှရမှတ် ၉ ဒသမ ၇ မှတ်ထက် လည်းများစွာနိမ့်နေသေးသည်။ Yonsei University ရှိ ပြည်သူ့ ကျန်းမာရေးသင်တန်းကျောင်း၏ လေ့လာချက်အရ အရက်သောက်သုံးမှုကြောင့် ကလေးမွေးဖွားမှုနှုန်းလျော့ ကျခြင်း၊ ထိခိုက်ဒဏ်ရာရမှုများ အပါအဝင်ကျန်းမာရေး အသုံးစရိတ်စုစုပေါင်း သည် ယမန်နှစ်က ၂၀,၀၉၉ ဘီလီယံ ဝမ် ရှိနိုင်သည်ဟုဆိုသည်။ အရက်ဈေးနှုန်းများ လျှော့ချလိုက် ပါကလည်း သာမန်ဝင်ငွေပြည်သူများ၊ အရက်စွဲနေသူများ အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖန်တီးသကဲ့သို့ဖြစ်ပြီး၊ အဖျော် ယမကာ စီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုကို နောက်တွန့်စေနိုင်သည် ဟု ကိုရီးယားကျန်းမာရေး ဝန်ကြီးဌာနအတွင်းရှိ ကျန်းမာရေး ဝန်ဆောင်မှုကော်မတီက ၂၀၁၁ ခုနှစ် အတွင်းက သုံးသပ်ချက် ထုတ်ပြန်ခဲ့ဖူးသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ရွှေတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်သူများ မူဝါဒအသစ်များအား စောင့်မျှော်လျက်ရှိ

ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာနသည် ရွှေတူးဖော်ခြင်းဆိုင်ရာ မူဝါဒ အသစ်များ မကြာမီအပြီးသတ် ရေးဆွဲမည် ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေ ဖြင့် ကိုးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် လိုင်စင်အသစ်များထုတ်ပေး နိုင်ရန်အတွက် မူဝါဒအသစ်များ ရေးဆွဲခြင်းဖြစ်ပါသည်။

အများပြည်သူ၏သဘော ထားမှတ်ချက်ကြားနာခြင်းကို (ရယူခြင်းကို) ဇန်နဝါရီလအတွင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ပထမ နှစ်ဝက်အတွင်း မူဝါဒအသစ်များကို အပြီးသတ်ရေးဆွဲမည်ဖြစ်ကြောင်း စက်မှု ဝန်ကြီးဌာနဝန်ကြီး Mr. Chakramon Phasukvanich ကပြောကြား ခဲ့ပါသည်။

ဘတ် ၁၀ ဘီလီယံဖိုးခန့်ရှိ သောလုပ်ကွက် (mining plots)ပေါင်း ၃၀၀ ကျော်ကို တည်ဆောက်ပြီးဖြစ်ပါ သည်။ လုပ်ငန်းရှင်များသို့ လိုင်စင် များ ပေးအပ်ခြင်းမပြုမီ အများပြည်သူ၏ သဘောထားချက်များ သို့မဟုတ် ဖြည့်စွက်ချက်များကိုစဉ်းစားသုံးသပ်မည် ဖြစ်ပါသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ရွှေတူးဖော်သည့်နေရာဒေသများ၌ လုံခြုံမှုနှင့် စွန့်စားရမှုများကို စီမံခန့်ခွဲ ရန်အတွက်ရန်ပုံငွေတစ်ရပ်တည်ထောင် မည်ဖြစ်သည်။ရွှေတူးဖော်သည့်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့်ထိုင်း နိုင်ငံ၌ ရွှေသန့်စင်စက်ရုံများ တည်ထောင်ရမည် ဖြစ်ပါသည်။ ယင်းသို့ သတ်မှတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်သစ်များ ဖြစ်ပေါ်စေ ပါသည်။

အဆိုပြုတင်ပြထားသော ရွှေတူးဖော်ခြင်းဆိုင်ရာမူဝါဒအသစ်များ ကို မတွေ့ရသေးကြောင်း၊ သို့ရာတွင် တင်းကျပ်သော သဘာဝပတ်ဝန်းကျင် စံချိန်စံညွှန်းများနှင့်ပက်သက်၍ဆွေးနွေး ရန် လိုအပ်နေဆဲဖြစ်သောကြောင့် မူအားဖြင့် ဆန့်ကျင်ကန့်ကွက်ကြောင်း၊ လောလောဆယ်တွင်သဘာဝပတ် ဝန်းကျင်ဆိုင်ရာ လေ့လာအကဲဖြတ်ခြင်းကို လိုင်စင်ထုတ်ပေးခြင်းမပြုမီ တွင်သာ ပြုလုပ်လေ့ရှိကြောင်း၊ လိုင်စင်ထုတ်ပေးပြီးနောက်တွင် ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းမရှိကြောင်း ဖိစနုလော့ ပြည်နယ် သဘာဝပတ် ဝန်းကျင်အဖွဲ့မှ Ms. Arom ကပြောကြားခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ပိုမို ကာကွယ်ထိန်းသိမ်းနိုင်မည့် စည်းမျဉ်း စည်းကမ်းသစ်များ ပြဋ္ဌာန်းပြီးချိန်တိုင်အောင် သတ္တုတူးဖော်သည့် ကုမ္ပဏီများ အားအနီးပတ်ဝန်းကျင် ဒေသများရှိ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေနိုင် သည့် သတ္တုတွင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့် ပေးထားမည် ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဘန်ကောက်မြို့**

# မြန်မာနိုင်ငံသို့ ဒီးယူအဝတ်အထည်ဆိုင်ရာ ကုန်သွယ်ရေးကိုယ်စားလှယ် အဖွဲ့လာရောက်မည်

မြန်မာနိုင်ငံ၏ အဝတ်အထည် လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် အဝတ်အထည် ထုတ်လုပ်သူများနှင့် ရင်းနှီးမြှုပ်နှံသူများ ပါဝင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၇ ရက်အထိ လာရောက်မည်ဖြစ်ကြောင်း Confederation of the German Textile and Fashion Industry ကစီစဉ်ဆောင် ရွက်လျက် ရှိသည်ဟုဆိုသည်။ အဆိုပါ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရေးကိစ္စ အား အီးယူက ငွေကြေးထောက်ပံ့မှုပြုလုပ်ထားသော SMART Myanmar စီမံချက်၏ မူဘောင်နှင့်အညီပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အစီအစဉ်အရ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ အဝတ်အထည်စက်ရုံများသို့ လည်ပတ်မည်ဖြစ်ပါသည်။ ထို့အပြင် B2B Net-working Forum နှင့်အတူ အဝတ်အထည်လုပ်ငန်းဆိုင်ရာ သတင်း အချက် အလက်များရရှိနိုင်စေမည့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း ကျင်းပမည် ဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ဘရပ်ဆဲလ်မြို့**

# ကယားပြည်နယ်နေ့ပွဲတော်တွင်
# ကုန်သွယ်မှုမြှင့်တင်ရေးပြခန်းဖွင့်လှစ်ပြသ

| မောင်မောင်အေး - လွိုင်ကော် |



ကယားပြည်နယ်နေ့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပြခန်းတွင် ပြည်နယ်ဝန်ကြီးချုပ်အား ပြည်နယ်ဦးစီးမှူးမှ ရှင်းပြနေစဉ်

၁၉၅၁ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ကစပြီး ကန္တာရဝတီ၊ ဘော်လခဲနှင့် ကြယ်ဖိုးကြီးနယ်မြေများကို ယခင်ကရင်နီပြည်နယ်အမည်တွင်ရာမှ အများဆန္ဒဖြင့် ကယားပြည်နယ်အဖြစ် တရားဝင်စတင်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါတယ်။ အဲဒီနေ့ကိုပဲ နှစ်စဉ် ကယားပြည်နယ်နေ့အဖြစ် ပျော်ပွဲ၊ ရွှင်ပွဲ၊ ဈေးရောင်းပွဲ၊ အားကစားပြိုင်ပွဲ၊ ပြပွဲများနဲ့ကျင်းပပေးခဲ့တာ ၂၀၁၅ ဇန်နဝါရီ ၁၅ ရက်ဆိုရင် ၆၃ နှစ်တောင် တိုင်ခဲ့ပြီဖြစ်ပါတယ်။

ယခုနှစ် ၆၃ နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်ကို လွိုင်ကော်မြို့မှာ ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်နေ့ အထိ ၁၀ ရက်တိုင်တိုင် အားကစားပြိုင်ပွဲ ၂၀၊ ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်နဲ့ ပြပွဲခန်း ၂၂ ခန်းတို့နဲ့ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိပါတယ်။

ကယားပြည်နယ်နေ့ ပြခန်းများကို ဇန်နဝါရီ ၁၂ ရက်နေ့က ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်း များကို တစ်ခန်းဝင်တစ်ခန်းထွက် စိတ်ရှည်လက်ရှည်ကြည့်ရှုပြီး၊ လိုအပ်သောအကြံဉာဏ်များ ပေးသွားခဲ့ပါတယ်။ ဖွင့်လှစ်ပြသလိုတဲ့ပြခန်းများမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလျက်ရှိကြပြီး ကယားပြည်နယ်၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနကလည်း ပွင့်လင်းလာပြီဖြစ်တဲ့ ကယားပြည်နယ်တစ်ဝန်းက ပြည်သူလူထုတွေကို ကုန်သွယ်မှုဆိုင်ရာ အသိအမြင်များ၊ ဗဟုသုတများ၊ စည်းမျဉ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဝေမျှပေးချင်လို့ ပထမဆုံးအကြိမ် ဖွင့်လှစ်ပြသခဲ့ပါတယ်။

ပြခန်းတွေကို ဇန်နဝါရီ ၇ ရက်နေ့ကစတင်ပြီး အပြင်အဆင်ပြုလုပ်ခဲ့ရာမှ ဇန်နဝါရီ ၈ ရက်နဲ့ ၉ ရက်နေ့ မှာတော့ မထင်မှတ်ဘဲ ဆောင်းတွင်းမိုးတွေရွာသွန်းခဲ့လို့ ပြင်ဆင်ပြီးပြခန်းတွေ တစ်ကနေ အသစ်ပြန်စ၊ အမိုးတွေပြင်၊ အကာတွေလဲ၊ ဗွက်တွေဖို့၊ လမ်းတွေဖောက်နဲ့ နှစ်ခါကုန်၊ နှစ်ခါပင်ပန်းခဲ့ကြရတယ်။ အခြားဌာနတွေကတော့ ကျားမဝန်ထမ်းကြီးငယ် အားကောင်းကောင်း၊ ယာဉ်တွေနဲ့သယ်ဟယ် ပိုးဟယ်၊ ရိုက်ဟယ် နှက်ဟယ်၊ ခြယ်ဟယ်၊ သဟယ်နဲ့ အုံနဲ့ကျင်းနဲ့ ပျော်စရာ ကောင်းလှသလို ကုန်သွယ်မှုမြှင့်တင်ရေးဝန်ထမ်း စုစုပေါင်း ၆ ဦးကလည်း (ရုံးမှာ ဖုန်းတာဝန် တစ်ဦးချန်လိုက်တော့ ကျန်ငါးဦးက) ဇာတ်ထဲမှာ ရသေ့ရှစ်သောင်းဇာတ်ကနေသလိုပဲ။ သူဝင်သွားပြီး သူပဲထွက်လာနဲ့ ကျတဲ့တာဝန်ကို မငြင်းမဆန် တက်ညီလက်ညီနဲ့ မိခင်ဌာနရဲ့ Image မညှိုးငယ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။

ပြခန်းမှာတော့ ထိပ်ပိုင်းမှာ ခေါင်းစဉ် အကန့်ငယ်ကလေးတွေရှိတယ်။ ကယားပြည်နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ၊ ကယားပြည်နယ်ရဲ့ စက်မှုလက်မှုထုတ်ကုန်ပစ္စည်း၊ ကယားပြည်နယ် ခရီးသွားလာမှုဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရဲ့ ရည်မှန်းချက်နဲ့တာဝန်များ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု၊ ကယားပြည်နယ်တွင်းထွက်ပစ္စည်းများ၊ မယ်စဲနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍတွေပြသထားတယ်။ ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတပွင့်လင်းလာနေပြီဖြစ်တဲ့ ကယားပြည်နယ်ရဲ့ စီးပွားရေးအလားအလာများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေမှာ ဘယ်လိုရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သင့်ကြောင်းနဲ့ စားသုံးသူအခွင့်အရေးအကာအကွယ်ပေးရေးဌာနရဲ့ လက်ကမ်းကြော်ငြာမှတ်စုများနဲ့အတူ လက်ကမ်းစာစောင်တွေကိုလည်း ဧည့်ပရိတ်သတ်တွေကို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ပြခန်း စတင်ဖွင့်လှစ်တဲ့ ၁၂ ရက်နေ့မှာပဲ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများဟာ ပြခန်းအသီးသီးကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြတယ်။

ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပြခန်းရောက်ချိန်မှာတော့ ပြည်နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြရာမှာ -

- ကယားပြည်နယ်မှာ လူဦးရေနည်းပါးသော်လည်း မြေလွတ်မြေရိုင်းများ၊ လောပိတလျှပ်စစ်စွမ်းအင်အရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါကြွယ်ဝနေပါကြောင်း၊
- သီးနှံကဏ္ဍ ပိုလျှံမှုများတွင် ပြောင်းဖူးစေ့မှာ အားသာချက်အကောင်းဆုံးဖြစ်သဖြင့် အရည်အသွေး နှင့်အရေအတွက် ပိုမိုထွက်ရှိအောင်စိုက်ပျိုးပြီး ပြောင်းဖူးစေ့/သီးနှံအခြောက်ခံစက်များ၊ ပြောင်းဖူးစေ့အခြေခံသည့် အခြားစားသောက်ကုန် ပြုပြင်ထုတ်လုပ်နိုင်သည့် တန်ဖိုးနှင့် စက်ရုံ အလုပ်ရုံများ ဖွင့်လှစ်နိုင်ပါကြောင်း၊
- လယ်ယာသီးနှံထွက်ကုန်မှ ကုန်ကြမ်းဖြင့် ပြည်နယ်၏ စက်မှုလက်မှုကဏ္ဍကို ဖွံ့ဖြိုးနိုင်သလို စက်မှုလက်မှုကဏ္ဍ၏ စက်ရုံအလုပ်ရုံမှ လယ်ယာသုံးစက်ကိရိယာတွေ ထုတ်လုပ်ပေးခြင်းဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ပါကြောင်း၊
- NES ၏ ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာမှ ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ၃ နှစ်စီမံကိန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၁ သန်း ကူညီဆောင်ရွက်ပေးနေပါကြောင်း၊
- ယင်းကဏ္ဍမှာ အလားအလာအကောင်းဆုံးနှင့်ဖြစ်ထွန်းအောင်မြင်ရန် အသေချာဆုံး ကယား ပြည်နယ်၏ လုပ်ငန်းစီမံကိန်းများတွင် ပါဝင်နေသဖြင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်ကြီး များအားဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံကြရန်နှင့်ကြော်ငြာများ ရေးသားအသိပေးထားပါကြောင်း၊
- ပြည်ပခရီးသွားများ စိတ်ဝင်စားမည့် ကယားပြည်နယ်၏ သဘာဝအလှအပရှုခင်းရှုကွက်များ၊ စက်မှုလက်မှုထုတ်ကုန်များ၊ အမှတ်တရပစ္စည်းများကိုလည်း ပြသထားပါကြောင်း၊
- ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကိုလည်း ရှင်းလင်းပြသထားပါကြောင်း၊
- ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုမှာ လှည်းကူးတွင်ရှိပြီး စားသောက်ကုန်သီးနှံတို့၏ ဓာတုအရည်အသွေး၊ ရူပအရည်အသွေးများပါဝင်မှု ဖွဲ့စည်းမှုများကို စစ်ဆေးအတည်ပြုပေးလျက်ရှိပါကြောင်း၊ ကယားပြည်နယ်အတွင်းတွင် နေရာအနှံ့ သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိပါကြောင်း၊ သတ္တုတွင်းထွက်ပစ္စည်းအချို့ရဲ့နမူနာခဲများနဲ့ ထွက်ရှိရာဒေသမြေပုံတို့အား ပြသထားပါကြောင်း၊ သတ္တုလုပ်ငန်းရှင်များ စိတ်ဝင်စားမှုရှိလာပြီး လာရောက် ရင်းနှီးမြှုပ်နှံ ကြရန်ဖြစ်ကြောင်း
- ကယားပြည်နယ်ဟာ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ထိုင်းနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေး တရားဝင်ဖွင့်လှစ်ရန် အစီအမံများ လုပ်ဆောင်ရာ နယ်စပ်ကုန်သွယ်ရေးရုံးတစ်ရုံး ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ ယင်းစခန်း တရားဝင်ဖွင့်လှစ်ပြီးပါက ကုန်စည်ရောင်းဝယ်ဖောက်ကားမှုနှင့်အတူ ပြည်တွင်းပြည်ပခရီးသွားလာမှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှာ ဖြစ်ကြောင်း၊
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းများမှ တစ်ခုဖြစ်သော စားသုံးသူအခွင့်အရေး အကာအကွယ်ပေးရေးကဏ္ဍတွင် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနဲ့တာဝန်ကို ရေးသားပြသထားပါ ကြောင်း၊ ဥပမာအားဖြင့် မြေပဲ၊ ငရုတ်သီးကြော်၊ ပြောင်းဖူးစေ့၊ လက်ဘက်၊ ဆီတို့ဟူး စသည့် စားသောက်ကုန်များတွင် ပါဝင်တတ်သည့် အာဖလာတော်ဆင် မှိုဆိပ်အကြောင်း တင်ပြထားပါကြောင်း၊ ယင်းတို့ကို မသိနားမလည်မှုကြောင့် စားသောက်မိက အသည်းကင်ဆာဖြစ်ပွားတတ်ပါကြောင်း၊ လာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအားလည်း ကျောင်းဈေးစားသောက်ဆိုင်တန်းတွင် ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသုံးခြင်းမပြုရန် မှာကြား နေပါကြောင်း၊
- အချုပ်အားဖြင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့အားတင်ပြခဲ့ရာတွင် ကယားပြည်နယ်တွင် ဖော်ပြပါ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အလားအလာကောင်းများရှိနေသဖြင့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရန်နှင့် ယင်းသို့ဖွံ့ဖြိုးလာခြင်းဖြင့် ပြည်နယ်သူပြည်နယ်သားများ၏ အလုပ်အကိုင်များ ပွင့်လန်းလာပြီး ဝင်ငွေများပိုမိုရရှိကာ လူမှု စီးပွားလူနေမှု အဆင့်အတန်းများ တိုးတက်ပြောင်းလဲလာပြီး ဆင်းရဲနွမ်းပါးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း တင်ပြခဲ့ပါ တယ်။

ပြည်နယ်ဝန်ကြီးချုပ်မှလည်း မယ်စဲနယ်စပ်ကုန်သွယ်ရေးစခန်း တရားဝင်ဖွင့်လှစ်ပြီးပါက စီးပွားရေး နှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် လုပ်ဆောင်ရန်လုပ်ငန်းတာဝန်များ များပြားလာမှာဖြစ်လို့ အသင့်ပြင်ထားကြရန် ညွှန်ကြားခဲ့ပါတယ်။

နေမင်း၊ လမင်းတွေကလည်း သူ့အလင်းနဲ့သူ လောကကိုအလှဆင်နေကြသလို ပိုးစုန်းကြူးနဲ့ ဆီမီးခွက်ငယ် ကလေးတွေကလည်း သူ့တစ်နိုင်တစ်ပိုင်အလင်းနဲ့ သူ့ပတ်ဝန်းကျင်ကို အလင်းပေးအလှဆင်တတ်ကြပါတယ်။ ပြည်နယ်ထဲမှာ အသေးငယ်ဆုံး လူဦးရေအနည်းဆုံးဖြစ်တဲ့ ကယားပြည်နယ်မှာ ကုန်သွယ်မှုမြှင့်တင်ရေး အသိပညာဗဟုသုတများ နှိုးဆော်ဖြန့်ဝေပေးခြင်း၊ ပြခန်းဖွင့်လှစ်ပေးခြင်းအတွက် ဝန်ထမ်းအားလုံးတက်ညီလက်ညီ၊ မခိုမကပ်နဲ့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကယားပြည်နယ်နေ့ပွဲတော်ကို ပါဝင်ဆင်နွှဲနေကြပါကြောင်း . . . . . ။

# အိန္ဒိယနိုင်ငံတွင် Look East Business Show ၂၀၁၅ ပြပွဲပြသမည်

အိန္ဒိယနိုင်ငံအစိုးရအဖွဲ့၊ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ အရှေ့မြောက်ကောင်စီ (North Eastern Council-NEC) နှင့် အိန္ဒိယ ကုန်သည်ကြီးများအသင်း (Indian Chamber of Commerce -ICCI) တို့မှ ကြီးမှူး၍ Look East Business Show ၂၀၁၅ ပြပွဲကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ Meghalaya ပြည်နယ်၊ Shillong မြို့တွင် ကျင်းပမည်ဖြစ်ကြောင်းသိရှိရပါသည်။ Look East Business Show 2015 ပြပွဲသည် အိန္ဒိယနိုင်ငံ၏အရှေ့မြောက်ဒေသ၏ အရှေ့မျှော်ဝါဒအရ အရှေ့တောင်အာရှနိုင်ငံများနှင့် အချိတ်အဆက်ရရှိပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အရေးပါသော စီးပွားရေးတံခါးပေါက်အဖြစ် ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ထုတ်ကုန်ပစ္စည်းပြပွဲများနှင့် အရောင်းမြှင့်တင်ရေးပွဲများ၊ အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်ပညာများ ပါဝင်ဟောပြောမည့်ဆွေးနွေးပွဲများ၊ B2B အစည်းအဝေးများ၊ စားပွဲ ဝိုင်းဆွေးနွေးပွဲများပါဝင်မည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

# ဖိလစ်ပိုင်နိုင်ငံတွင် "7th Superbrand Academy" ဆွေးနွေးပွဲ ကျင်းပမည်

" 7th Superbrand Academy" ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မာကာတီမြို့၊ မာကာတီ အားကစားကလပ် ပင်မခန်းမတွင် နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါဆွေးနွေး ပွဲတွင် Superbrand အဖွဲ့ဝင်များနှင့်အတူ ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပြီး ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များနှင့် ကော်ပိုရေးရှင်းများအား အာဆီယံပေါင်းစည်းရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။ Superbrand နိုင်ငံတကာ အရောင်းမြှင့်တင်ရေးကုမ္ပဏီသည် ဖိလစ်ပိုင်နိုင်ငံသာမက ကမ္ဘာပေါ်၌ နိုင်ငံတကာ အရောင်းမြှင့် တင်ရေးနှင့် ကုန်အမှတ်တံဆိပ်ဆုများ ချီးမြှင့်ပေးနေသော တစ်ခုတည်းသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတွင်း၌ အရည်အသွေးမြင့်စာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပြီး ကမ္ဘာတဝန်းရှိ နိုင်ငံပေါင်း ၉၀ မှ နာမည်ကျော် ကုန် အမှတ်တံဆိပ် ၁၄၀၀၀ ကျော်ကို အရောင်းမြှင့်တင်နိုင်ခဲ့ပါကြောင်းနှင့် စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ (ကုန် စည်ပြပွဲဌာနစိတ်) နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

# 3rd Offshore Convention Myanmar 2015 Conference & Exhibition အခမ်းအနားကျင်းပ

3 rd Offshore Convention Myanmar 2015 Conference & Exhibition ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ Sule Shangri-La Hotel ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ပြပွဲ၌ အလုပ်ရုံဆွေးနွေးပွဲများ ထည့်သွင်း ကျင်းပခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနမှညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး၊ Chinnery Assets Limited (CNPC) မှ ဥက္ကဋ္ဌ Cheng Cunzhi. နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စီးပွားရေး လုပ်ငန်းရှင်များနှင့်ပူးပေါင်း ဆောင်ရွက်မှုအကြောင်းအရာများ၊ ဝန်ဆောင်မှုနည်းပညာများ ထောက်ပံ့ပေးခြင်းနှင့်အတွေ့အကြုံမျှဝေခြင်း အကြောင်းအရာများ၊ ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာများနှင့် ဆက်စပ်ပစ္စည်းများဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းဆိုင်ရာနည်းပညာများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ရက် မှ ၁၅ ရက်နေ့ထိ ဆွေးနွေးကျင်းပခဲ့ကြပါသည်။



ငင်းကုန်စည်ပြပွဲတွင် ရတနာ၊ ရဲတံခွန်၊ ရွှေစသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများကို ထိုင်း၊ မလေးရှား နိုင်ငံမှ ကုမ္ပဏီ နှစ်ခုတို့က ပြခန်းပေါင်း ၂၀ ဖြင့် ပါဝင်ပြသခဲ့ရာ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်ကြီးများ လာရောက် လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိပါသည်။

**KMT**

# လျှောင်လက်သမားတွေ စတင်လျှောင်တဲ့ တောင်ပျံမွှေးဈေးတက်ဆဲ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပြည်ဆန်စပါး ဈေးကွက်တွင် တောင်ပျံမွှေးစပါး အဝယ်လိုက်နေတာ တွေ့ရပါတယ်။ ဒေသခံနှင့် ဆန်စပါးရောင်းဝယ်ရေး၊ ပွဲစားလျှောင်လက်သမားများ အဝယ်များပြီး စပါးစတင်လျှောင်နေပြီဖြစ်တာကြောင့် စပါးဈေးမြင့်လာပါတယ်။

ယခုတစ်ပတ် တောင်ပျံမွှေးစပါး တင်း ၁၀၀ (၄၆ ပေါင်) ကိုက်က ၆၆၂၄၀၀ ကျပ်နဲ့ ဈေးတက်ခဲ့ပါတယ်။ ဆန်တစ်အိတ်ဈေးကတော့ ၃၀၀၀၀ ကျပ်နဲ့ ၃၁၀၀၀ ကျပ်ထိ ပေါက်နေပါတယ်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး စတဲ့နယ်များနဲ့ ချိတ်ဆက်နေသော ကုန်သည်များကတော့ (ထိပ်စ) ရှယ်ကို ၃၁၀၀၀ ကျပ်ပေးဝယ်ပြီး တင်ပို့ကြောင်း သိရပါတယ်။

ဧည့်မထ (မိုး) သစ်စပါးဈေးကတော့ ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသအလိုက် စပါး၊ ဆန်ဈေးများမှာ ပြည်စပါးဈေးကွက်တွင် ဧည့်မထ (မိုးသစ်) စပါးဈေး (၄၆ ပေါင်ကိုက်) တင်း ၁၀၀ ကို ၃၈၆၀၀၀ ကျပ်၊ နတ်တလင်း ဧည့်မထ (မိုးသစ်) စပါးဈေးကတော့ ၃၉၅၀၀၀ ကျပ် (အမာဆန်)နှင့် ဧည့်မိုးဆန်ချော စပါးဈေးကတော့ ၄၀၉၄၀၀ ကျပ်ဖြစ်ပြီး အရောင်းအဝယ်ဖြစ်တဲ့ စပါးလို့ သိရပါတယ်။ လက်ပံတန်းဘက်ခြမ်း ဆန်စပါးက ၃၇၇၂၀၀ ကျပ်ဈေးသာ ပေါက်ပါတယ်။ လက်ပံတန်းဘက်ခြမ်း စပါးက အောက်တန်းအထွက်နည်းခြင်း၊ စပါးအရည်အသွေးမကောင်းခြင်း တို့ကြောင့် ဈေးနည်းရခြင်းဖြစ်ကြောင်း သိရပါတယ်။ ပြည်ဈေးကွက်နဲ့ နတ်တလင်း စပါးဈေးကွက်တွေကတော့ ဆန်အထွက်ကောင်းခြင်း၊ အရောင်းအဝယ်ရှိခြင်း၊ တန်းကြိတ်စပါးများရခြင်း၊ နယ်ဘက်သို့တင်ပို့မှုများရှိခြင်းတို့ကြောင့် ဈေးအနည်းငယ်မြင့်တက်ပြီး ကွာဟမှုများရှိကြောင်း သိရပါတယ်။ နေ့စဉ်ရန်ကုန်၊ မန္တလေးသို့ ဆန်အိတ် ၈၀၀၊ ၁၀၀၀ အတင်ရှိကြောင်း သိရပါတယ်။

**နီနီဝင်း - ပြည်**

## သဘာဝဘေးကြောင့် ပျက်စီးမှုမရှိသလို သွင်းအားစုထည့်ဖို့မလိုတာကြောင့် ကပ်ကာအုပ်စု စပါးတောင်သူများ အမြတ်များများကျန်

ကသာခရိုင်မှာ အုပ်စု ၄၂ စုရှိပေမယ့် မြေအနေအထားအရ မြစ်ချောင်းတွေ၊ တောင်ကုန်းတောင်တန်းတွေများတော့ စပါးစိုက်ပျိုးနိုင်တဲ့အုပ်စုက ကျွန်တော်တို့အပါအဝင် ၇ ခုလောက်ပဲရှိမယ်။ ပြီးခဲ့တဲ့ မိုးလယ်လောက်မှာ တစ်ခါမှမကြုံဘူးခဲ့တဲ့ ချောင်းရေကြီးခြင်းကြုံခဲ့ရတယ်။ မနက် ၁ နာရီလောက်မှာ စပြီးရွာတယ်။ ၃ နာရီလောက်မှာ တောင်ကျရေတွေ တဝုန်းဝုန်းနဲ့လှိမ့်စီးလာတယ်။ ကားလမ်းမကြီးတွေမှာရှိတဲ့ တံတားကြီးတွေ ပျက်စီးခဲ့သလို လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်အချို့သေကျေပျက်စီးခဲ့တယ်။ အဲဒီတုန်းက စပါးခင်းတွေက စိုက်ပြီးရက်ပိုင်းလောက်ပဲရှိအုံးမယ်။ အကုန်လုံးသွားပြီလို့ ထင်ထားခဲ့တာ။ တကယ်တန်းကျ ဧက ၅၀ လောက်ပဲပျက်စီးသွားတယ်။ ကျွန်တော်တို့ အုပ်စုမှာ စပါးစိုက်ဧက ၅၀၀၀ ကျော်ရှိပါတယ်။ စိုက်တာကတော့ စောရှုပ်၊ ပုလဲသွယ်၊ လှိုင်ဇာ-၁ (ဝမ်း) မျိုးတွေပါ။ ပုလဲသွယ်ကို ဒီနှစ်မှာ ဧက ၁၀၀ စမ်းသပ်စိုက်ခဲ့တယ်။ ကျန်တဲ့စပါးတွေက ပျမ်းမျှ တင်း ၇၀ လောက်ရပေမယ့် ပုလဲသွယ်ကတော့ ၁၂၀ လောက်ရပါတယ်။ အပျက်အစီးနည်းခဲ့လို့ စပါးတင်း ၃ ဒသမ ၇ သိန်းလောက် ထွက်ရှိခဲ့ ပါတယ်။ ဒီဘက်လယ်တွေက သွင်းအားစုမထည့်ရတဲ့အတွက် အမြတ်ကျန်များတယ်ပြောရမှာပေါ့။ ခုဆို တစ်တင်း ပေါက်ဈေး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်" လို့ ကပ်ကာအုပ်စုစိုက်ပျိုးတောင်သူများက ပြောပါတယ်။

**စွမ်းရည်-ကသာ**

# ကိုရီးယားသမ္မတနိုင်ငံတွင် International Horticulture Goyang Korea 2015 ပြပွဲ ပြသမည်

ကိုးရီးယားသမ္မတနိုင်ငံ၊ Goyang International မှ ကြီးမှူး ၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ မေလ ၁၀ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၊ Goyang-si Lake Park တွင် International Horticulture Goyang Korea 2015 ပြပွဲကို ၁၇ ရက် ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါပြပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၂၀ ခန့်ပါဝင်ပြသမည်ဖြစ်ပါသည်။ ပြပွဲကျင်းပပြုလုပ်မည့် ဧရိယာအကျယ် အဝန်းမှာ ၁၅၀,၀၀၀ မီလီမီတာရှိမည် ဖြစ်ပါကြောင်း၊ ပြပွဲခန်းမကြေးနှင့် ထိန်းသိမ်းစရိတ်များ ပေးဆောင်ရန် မလိုပါကြောင်း၊ ပြပွဲအခန်းအား ၅ မီတာ × ၅ မီတာ (သို့မဟုတ်) ၃ မီတာ × ၅ မီတာ အကျယ်အဝန်း ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ အတွက် ဟိုတယ်တွင် သုံးရက်တာ တည်းခိုနေထိုင်ခွင့်နှင့် အခန်းသုံးခန်းစာ အတွက် ကိုရီးယားဘက်မှ ကျခံပေးမည်ဖြစ်ပါကြောင်း၊ ပြပွဲကာလအတွင်း အင်္ဂလိပ်စကားပြန် ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံ များမှ ကိုယ်စားလှယ်များ မိမိနိုင်ငံသို့ပြန်လည်ထွက်ခွာသွားချိန်တွင် ပြပွဲအခန်းများအား ပြပွဲခန်းအုပ်ချုပ်ရေး အဖွဲ့မှ ဆက်လက်ထိန်းသိမ်းပေးသွား မည်ဖြစ်ပါကြောင်း၊ ပြပွဲ တွင်အသုံးပြုရန် ယူဆောင်လာမည့်ပစ္စည်းများ လေဆိပ်တွင် အခွန်ကင်းလွတ်ခွင့်ရရှိရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့် ကပ်ခွာများကိုလည်း ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ပန်းများထိန်းသိမ်းရန်အတွက် အသုံးပြုသော အအေးခန်းများကိုလည်း အခမဲ့ ထောက်ပံ့ပေးသွား မည်ဖြစ်ပြီး တူ၊ ရေဘူး၊ Water Spray နှင့် သန့်ရှင်းရေး ပစ္စည်းများကိုလည်း အဆင်ပြေမှုရှိစေရန်အတွက် ထောက်ပံ့ ပေးသွားမည်ဖြစ်ပါကြောင်း၊ Business Lounge တွင် အင်တာနက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ စိတ်ပါဝင်စားသည့် မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန် သွယ်မှုမြှင့်တင်ရေး ဌာနခွဲ (ကုန်စည်ပြပွဲဌာနစိတ်) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်း နိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

**Commodity Exchange News**
Vol: 15, No.3 Monday Jan 19 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉–၁– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးကျလာပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မတ်ပဲက ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် လျော့လာသလို နယ်ဈေးကွက်ဖြစ်တဲ့ မန္တလေး၊ မုံရွာ၊ ဟသ်ာတဘက်မှာ မတ်ပဲ(သစ်)ရော မတ်ပဲ(ဟောင်း)ပါ ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။ မတ်ပဲ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို အနိမ့်ဆုံး ၈၈၂၀၀၀ ကျပ်မှ အမြင့်ဆုံး ၉၀၅၅၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီသစ်တွေ လှိုင်လှိုင်ဝင်ရောက်လာလို့ အိန္ဒိယဝယ်လက်က ဈေးနှိမ်အဝယ်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျလာပြီး တစ်တန်ကို ၈၀၁၀၀၀ ကျပ်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနှင့် ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်းလှောင်လက်တချို့ ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကွက်သို့ ပစ္စည်းအဝင်များလာလို့ ဈေးကွက်အနေအထားအရ ဈေးအနည်းငယ်ကျလာပြီး တစ် ပိဿာကို ၁၂၅၃ ကျပ် (တစ်တန်ကို ၇၆၇၃၂၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၇၁၅ ကျပ် (တစ်တန်ကို ၁၀၅၀၂၄၈ ကျပ်)ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးကွက်မှာနေ့စဉ်လိုလိုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၇၄၇ ကျပ်(တစ်တန်ကို ၄၅၇၄၅၅ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်) အဝင်ပိုလာ၊ ပဲလွန်းဖြူ ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ဝင်ရောက်မှုပိုလာသလို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း လှောင်လက်တချို့ကလည်း တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်) တွေစပေါ်ကာစဈေးက တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၉ ကျပ်)ဈေးဖြင့် ဈေးကောင်းရခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အဝင်ပိုလာတာကြောင့် ဈေးကွက်သဘောသဘာဝအရ ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(သစ်)ကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၉၅၀ ကျပ် (တစ်တန်ကို ၅၈၁၇၇၀ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းကို ရန်ကုန်ဝယ်လိုအားပုံမှန်ရှိ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် သိပ္ပံနှမ်းကို ရန်ကုန်ဝယ်လက် ကတစ်ပိဿာ ၄၄၄၅ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဝယ် လိုအားရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ မန္တလေးဝယ်လက်ကပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန်ကို ၁၁၃၂၉၂၂ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဈေးကွက်သို့ ဆက်တိုက်ဝင်ရောက်မှုရှိနေပြီး ရန်ကုန်ဝယ်လက်က အဝယ်ပြန်လျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာ ၁၂၅၀ ကျပ် (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲ(သစ်)တွေအရောင်းအဝယ်သွက်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲစင်းငုံနီ(သစ်)တွေ အဝင်လှိုင်လာသလို Export အတွက်အဓိက ရန်ကုန်ဝယ်လက်နှင့် လှောင်လက်ကုန်သည်တချို့ကလည်း ဝယ်လိုအားသွက်ခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၂၅၀ ကျပ်(တစ်တန်ကို ၇၆၅၄၈၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ တရုတ်တင်ပို့မယ့်သူများက အရည်အသွေးကောင်းတဲ့ ပဲတီစိမ်းကြီး(ထိပ်စ)ကို ဈေးကောင်းပေးအဝယ်ရှိသလို ရောင်းသူကုန်သည်ဘက်ကလည်း ဝယ်ဈေးကြိုက်နှစ်သက်လို့ အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၅၆ ကျပ် (တစ် တန်ကို ၁၁၉၇၈၃၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဈေးကွက်ထဲဝင်ရောက်နေဆဲဖြစ်တဲ့ မတ်ပဲ(သစ်)တွေကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့ပေမယ့် အဖွင့်ဈေးနဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၄၀၀ ကျပ်(တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ လျော့လာကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားလျော့သွားတာကြောင့် ယခင်အပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်း ငယ်ကျလာပြီး တစ်ပိဿာကို ၈၃၀ ကျပ် (တစ်တန်ကို ၅၀၈၂၈၃ ကျပ်) ဈေးနဲ့ တစ်ရက်ကို အိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မန်းဈေးကွက်မှာ ဒီတစ်ပတ်ပဲဟောင်းထက်စာရင် ဈေးကွက်ထဲအသစ်ဝင်လာတဲ့ပဲများသာ အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံခပ်ပါးပါးသာ အရောင်းအဝယ်ဖြစ်၊ ပဲစင်းငုံနီ (သစ်)ဈေးကွက်အဝင်လှိုင်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲနှမ်းမျိုးစုံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်းဆီစက်ဝယ်လိုအားခပ်ပါးပါးသာရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီ တစ်ပိဿာ ၂၃၈၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၆၀၀ ကျပ်၊ နှမ်းနက် စမုံတစ်ပိဿာ ၄၀၇၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၃၀၇၀ ကျပ်၊ နှမ်းညိုကြား တစ်ပိဿာ ၂၂၄၅ ကျပ်ဈေးဖြင့် နှမ်းရောင်စုံတစ်ရက်ကို အိတ် ၅၀၀ ခန့်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့်ဈေးကွက်သို့ အဝင်လှိုင်လာပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၂၅၃ ကျပ်(တစ်တန်ကို ၇၆၇၃၂၄ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်နဲ့ အဝယ် ပုံမှန်ရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံနယ်စုံမှ ပုံမှန် ဝင်ရောက်မှုရှိသလို ရန်ကုန်-မန္တလေး၊ မူဆယ်နှင့် ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များကလည်း ပုံမှန်အဝယ်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၃၀ ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံ အရောင်းအဝယ်ပုံမှန်ဖြစ်

မူဆယ်ဈေးကွက်မှာ နယ်စုံမှပြောင်းသီးနှံ အဝင်သွက်နေသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကွက်သို့ပစ္စည်းအဝင်လှိုင်တာကြောင့် ဈေးအနည်းငယ်ကျလာပြီး ၅၀ ကီလို တစ်အိတ်ကို ၈၃ ယွမ်ဖြင့် အရောင်းရော အဝယ်ပါ သွက်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ဖြစ်မှုပမာဏ များလာ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံနယ်စုံမှ အဝင်ပိုများလာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားသွက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၉၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သိန်း ၂၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီအဝင်များလို့ ဈေးအနည်းငယ်ကျ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပေါက်ခေါင်း၊ ပန်းတောင်းအနီး တစ်ဝိုက်မှ ပဲစင်းငုံနီ(သစ်)တွေ ယခင်တစ်ပတ်ထက် ပိုမိုဝင်ရောက်လာပေမယ့် Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အဝယ်အနည်းငယ် ပြန်လျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၂၅၀ ကျပ် (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ မှ ၅၀၀ ကြားသာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းသီးနှံနဲ့ ကုလားပဲအုပ်စုအရောင်းအဝယ်ပုံမှန်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၃၅၆ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အရောင်းရှိခဲ့တယ်လို့ ဆိုပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးကွက်မှာနေ့စဉ်လိုလို အရောင်းရော အဝယ်ပါရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၁၆ ကျပ် (တစ်တန်ကို ၄၉၉၇၁၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၇၅၃ ကျပ်(တစ်တန်ကို ၄၆၁၁၂၉ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီအဝင်လှိုင် အရောင်းအဝယ်သွက်

မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)ဝင်ရောက်မှုများလာသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်အားသွက်ခဲ့ကြောင်း၊ ဒါပေမယ့် ဈေးကွက်မှာ ဝယ်လိုအားထက်စာရင် ရောင်းလို အားကများနေတော့ ပဲစင်းငုံနီဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၂၄၅ ကျပ် (တစ်တန်ကို ၇၆၂၄၂၅ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲ(သစ်)အနေဖြင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းပေမယ့် မန္တလေး-ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေကတော့ တစ်ပိဿာကို ၁၃၂၅ ကျပ်(တစ်တန်ကို ၈၁၁၄၁၆ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ)ကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က အရည်အသွေးကောင်းတဲ့ (ထိပ်စ)ကို တစ်ပိဿာ ၁၇၆၃ ကျပ် (တစ်တန်ကို ၁၀၇၉၆၄၃ ကျပ်)ဈေးဖြင့် ဈေးပေးအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

# ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ကုန်စည်ပြပွဲကြောင့် ကလေးခရိုင် ထုတ်ကုန်ပစ္စည်းလုပ်ငန်းရှင်တို့ ပျော်ရွှင်

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၁၁ ရက်နေ့ထိ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကုန်စည်ပြပွဲသို့ ကလေးခရိုင်ထွက် ချည်လုံချည်များ ရွှေဘိုခရိုင်ထွက် ဆိပ်ခွန်လုံချည်၊ အင်ကြင်းကျောက်နှင့် ပြုလုပ်ထားသည့် လက်ဝတ်ပစ္စည်းများ၊ စစ်ကိုင်းခရိုင်မှ ပန်းတဉ်းလက်ရာ ငွေခေါင်းလောင်း၊ လက်မှုပညာများဖြစ်သည့် ကြိမ်ပိုက်ဆံအိတ်၊ ဖန်ဆီပစ္စည်းများ၊ ကသာခရိုင်မှ ပန်းပုလုပ်ငန်းများ ဝင်ရောက်ပြသခဲ့ရာ ကလေးမှ စုစုပေါင်း ကျပ် ၃ ဒသမ ၅ သိန်းဖိုး၊ ရွှေဘိုခရိုင်မှ ကျပ် ၂ ဒသမ ၈ သိန်းဖိုး၊ စစ်ကိုင်းခရိုင်မှ ကျပ် ငါးသိန်းဖိုးနှင့် ကသာခရိုင်မှ ပန်းပုရုပ်မျိုးစုံ ၂၀ မျိုးအတွက် ကျပ် ၈ ဒသမ ၄၄ သိန်းဖိုး ရောင်းချခဲ့ရသဖြင့် လုပ်ငန်းရှင်များအဖို့ ကြော်ငြာပြီးသားလည်းဖြစ်ကာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပျော်ရွှင်နေကြကြောင်း သိရပါတယ်။

**စွမ်းရည်-ကသာ**

# ဖရဲ၊ သခွားမွှေး သစ်သီးဝလံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံ၏ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများတွင် ဆောင်ရွက်နေသည့်လုပ်နည်းလုပ်ဟန်များကို လေ့လာဆည်းပူးရန်လိုအပ်သလို ကဏ္ဍတစ်ရပ်လုံးတွင် ပါဝင်နေသူအချင်းချင်း မကြာခဏတွေ့ဆုံညှိနှိုင်းဆွေးနွေးမှုနဲ့ စည်းလုံးညီညွတ်မှုရှိအောင် တာဝန်ရှိသူများက ထိန်းကျောင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ နေပြည်တော်တွင် ပြုလုပ်ခဲ့သော သစ်သီးဝလံဈေးကွက်နှင့်အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်မှုက ဝယ်လိုအားထက်များနေခြင်း၊ အသီးအရည်အသွေးအဆင့်မမီခြင်း၊ ဈေးကောင်းမရခြင်း၊ လမ်းပန်းသယ်ယူပို့ဆောင်ရေး ကြန့်ကြာမှုများရှိနေခြင်းစတဲ့ အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေပါတယ်။ ကဏ္ဍတစ်ရပ်လုံးမှာ ပါဝင်နေတဲ့ မြေပိုင်များ၊ တောင်သူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ပွဲရုံ ကုန်သည်များ၊ ကားဂိတ်များ၊ အလုပ်သမားများစတဲ့ အလွှာပေါင်းစုံက လူအများစု ပတ်သက်ဆက်နွယ်နေကြပါတယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ဆောင်ရွက်နေသူများအားလုံး ရေရှည်အကျိုးရှိဖို့အတွက် ဘက်ပေါင်းစုံက ဝိုင်းဝန်းလုပ်ဆောင်ကြရမှာဖြစ်တဲ့အတွက် ဖရဲ၊ သခွားမွှေး၊ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှကြီးမှူးပြီး ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှာ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်မည်ဖြစ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီးပွားရေးတက္ကသိုလ်မှ ပညာရှင်နှင့်အသင်းအဖွဲ့မှ အတွေ့အကြုံရှိသူများက လေ့လာထားသည့် အချက်အလက်စာတမ်းများဖတ်ကြားပြီး သက်ဆိုင်ရာ နယ်ပယ်အလိုက် တက်ရောက်လာကြသူများနဲ့ ညှိနှိုင်းဆွေးနွေးကာ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူလျက် ရှေ့ဆက်လက်ဆောင်ရွက်သင့်တဲ့ အစီအမံများကို ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

**ရီလင်းထွန်း-မုံရွာ**

## စာမျက်နှာ ၃ Toyota Automotive-Seminar Myanmar Automotive Business မှ အဆက်

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ပါဝင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် အစားထိုး ယာဉ်တင်သွင်းခွင့်အား ဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလားတူ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံခြားသင်္ဘောသားများ၊ ပြည်တွင်းအလုပ်လုပ်ကိုင်သော အလုပ်သမားများ၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအား လွန်ခဲ့သောငါးနှစ်အတွင်း ထုတ်လုပ်သော မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်၊ မေလမှစ၍ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များတွင် ဘဏ်စာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအားလုံးကို လွန်ခဲ့သောငါးနှစ်အတွင်း ထုတ်လုပ်သော မော်တော်ယာဉ်များအား တင်သွင်းခွင့်ပြုခဲ့ပါကြောင်း၊ ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ မော်တော်ယာဉ်အသစ်များ အစားထိုးတင်သွင်းကြမည့် မော်တော်ကားဟောင်းပိုင်ရှင်ပြည်သူလူထုအား သက်သာမှန်ကန်သည့် ဈေးနှုန်းဖြင့် မော်တော်ကားအသစ်များ လွယ်ကူစွာ ဝယ်ယူရရှိနိုင်စေဖို့အတွက် မော်တော်ကားအရောင်းစင်တာများ ပြည်တွင်းတွင် ဖွင့်လှစ်ဆောင်ရွက်သွားရေး စီမံဆောင်ရွက်နိုင်ရန်ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဆောင်ရွက်ပေးခဲ့ပြီး လက်ရှိတွင် ပြည်တွင်း၌ အရောင်းစင်တာပေါင်း ၁၈၈ ခုအား ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် Brand New မော်တော်ယာဉ်များ ပြည်တွင်း၌ လွတ်လပ်စွာ ဝယ်ယူနိုင်ရန်အတွက် Toyota, KIA, Ford, Mercedes, Mazda ရှိသည့် Brand New Show Room များအား ဖွင့်လှစ်ခွင့်ဆောင်ရွက်ပေးခဲ့ပြီး၊ ရောက်ရှိခုနှစ်နှင့် ရောက်ရှိ ခုနှစ်၏ တစ်နှစ်နိမ့် မော်ဒယ် ဘယ်မောင်းယာဉ်များအား တင်သွင်းခွင့်ပြုခဲ့ပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ မူဝါဒချမှတ်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ မူဝါဒချမှတ်နိုင်ရေး ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများစွာရှိပါက အဆင့်မြင့်နည်းပညာများ ရရှိနိုင်ခြင်း၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိနိုင်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် စက်မှုဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သို့ သွားရန် ရည်မှန်းထားသည့်အတွက် ရေရှည်၌ လွတ်လပ်စွာ မော်တော်ယာဉ်တင်သွင်းခွင့်ပြုသွားပါက ပြည်တွင်း၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ထွန်းကားတိုးတက်ရန် အကန့်အသတ် ရှိလာနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိမ်နီးချင်းနိုင်ငံများနည်းတူ ပြည်ပမှအရင်းအနှီးဖိတ်ခေါ်၍ ပြည်တွင်းရှိ လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ပြီး မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ပြည်တွင်း၌သုံးစွဲနိုင်ရန်ဖြန့်ဖြူးခြင်း၊ ပြည်ပသို့ပြန်လည်တင်ပို့ခြင်း စသည့် အချက်များ အပေါ်တွင်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူလူထု သွားလာရေး အဆင်ပြေစေရန် မော်တော်ယာဉ်လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ဒါကြောင့် မူဝါဒချမှတ်သူများအနေဖြင့် အခွန်မူဝါဒဖြင့် မော်တော်ယာဉ်ဈေးကွက် ကြီးထွားလာမှုကို ထိန်းချုပ်ခြင်း၊ လူထုသယ်ယူ ပို့ဆောင်မှုစနစ်ကို တိုးမြှင့်ခြင်း၊ မြို့တွင်း ခရီးသွားစနစ်အပေါ် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ Automobile Policy နှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှု မူဝါဒအရ လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ Industry Policy နှင့် ချိတ်ဆက်နိုင်ရန် လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းအပေါ်တွင် လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ နှစ်တိုနှစ်ရှည် စီမံကိန်းများအရ လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ရှုထောင့်မှ လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်ခွန်၊ အကောက်ခွန် စသည့် အခွန်ကောက်ခံမှုစနစ်အရ လည်းကောင်း ညှိနှိုင်းပေါင်းစပ်ပြီး ချိတ်ဆက်ဆောင်ရွက် နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက် တတ်စွမ်းသမျှဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် သင်တန်းများ ဆွေးနွေးပွဲများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေနှင့်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနအသီးသီးနှင့် အဆိုပါ ကုမ္ပဏီမှတာဝန်ရှိသူ စုစုပေါင်း အင်အား ၃၃ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**HR-Mg**

# Industrial Human Resource Development in Myanmar ဆွေးနွေးပွဲ ကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည် များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှင့်ဂျပန်နိုင်ငံစီးပွားရေးနှင့်စက်မှုဝန်ကြီး ဌာန၏ပင်လယ်ရပ်ခြားကျွမ်းကျင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုလုပ်ငန်းတိုးတက်ရေးအဖွဲ့(HIDA) တို့ပူးပေါင်းကာ Industrial Human Resource Development in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၁နာရီခွဲမှစတင်ကာ ညနေ ၅ နာရီခွဲအထိ မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံအတွင်း Industrial Human Resource Development တစ်ခုအား လေ့လာမှုနှင့် ပြုလုပ်မှုလုပ်ငန်းစဉ်များကို အထောက်အကူပေးရန် ဖြစ်ပြီး ဂျပန်နိုင်ငံ HIDA မှ တာဝန်ရှိသူများ၊ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် Myanmar HIDA-AOTS Alumni မှ တာဝန်ရှိသူများကသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် လူဦးရေကန့် သတ်ထားသဖြင့် UMFCCI ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ လျှောက်လွှာတင်သွင်းကာ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**MTD**

## စာမျက်နှာ ၃ - ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမှ အဆက်

ရှေးဦးစွာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေး ငွေရေးကြေးရေး၊ စီးပွားရေး ပူးပေါင်း ညှိနှိုင်းရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ရက်နေ့က ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ပုဂ္ဂလိက ကဏ္ဍထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့မှ တင်ပြဆွေးနွေးခဲ့သည့် Position Paper တွင် ပါဝင်သည့် တင်ပြချက်များအနက် ဆွေးနွေးရန်ကျန်သည့်အချက်များအား ဆွေးနွေးရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများအား တင်ပြခဲ့ရာ သက်ဆိုင်ရာဌာနအသီးသီးမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**MTD**

# မြဝတီကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလအတွင်း လယ်ယာထွက်ကုန် ၂၇၀၀ တန်ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလအတွင်း အဓိကပို့ကုန်ဖြစ်သော လယ်ယာထွက်ကုန်ကို ကန်ဒေါ်လာ ၁ ဒသမ ၇၆၀ သန်း၊ တန်ချိန် ၂၇၀၇ တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း တင်ပို့နိုင်သော လယ်ယာထွက်ကုန်များမှာ မြေပဲဆံ ၅၅၀ တန်ကျော်၊ ပဲတီစိမ်း ၃၅၁ တန်၊ ငရုတ်သီးခြောက် ၁၈၄ တန်ကျော်၊ ကြက်သွန်နီ ၁၂၉၈ တန်ကျော်၊ နှမ်းနက် ၆၈ တန်ကျော်၊ မတ်ပဲ တန် ၂၁၀ ကျော်၊ သီဟိုစေ့ ၈ တန်ကျော်၊ ချင်းခြောက် ၇တန်ကျော်၊ နနွင်းတက် ၂၁ တန်နဲ့ နွယ်ချို ၇ တန်ကျော် ဖြစ်ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်က ယခုတစ်ပတ်တွင်းမှာလည်း ကန်ဒေါ်လာ သုည ဒသမ ၅၀၅ သန်းတန်ဖိုးရှိကြက်သွန်နီတန် ၈၇၀ ကျော်၊ မြေပဲဆံ တန် ၃၄၀ နီးပါးနဲ့ ငရုတ်သီးခြောက် ၂၉ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

# ၂၀၁၅ ခုနှစ်အဖွင့်မှာ မြန်မာ-တရုတ်နယ်စပ်မှ ဆန်တင်ပို့မှု အားရဖွယ်ကောင်း

၂၀၁၅ ခုနှစ်ရဲ့ နှစ်စပိုင်း ဇန်နဝါရီလပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ဆန်တင်ပို့မှုဟာ အားကောင်းလျက်ရှိပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂ ဒသမ ၆၅၀ သန်းဖိုးရှိတဲ့ ငစိန်ဆန် ၂၀၅၅၀ တန်နဲ့ ဧည့်မထဆန် ၁၃၂၄၂ တန် တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် တန်ချိန် ၁၈၀၀ ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၄၂၇ သန်းဖိုးရှိ ဧည့်မထ ၄၀၅၆ တန်ကို တင်ပို့ခဲ့ပြီး၊ ယခုတစ်ပတ်မှာ ၁၂၃၃ တန်ကို ပိုမိုတင်ပို့နိုင်ခဲ့သလို၊ ချင်းရွှေဟော်စခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၄၃၆ သန်းဖိုးရှိ ဧည့်မထဆန် ၁၁၆၄ တန်ကို တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်ထက် ၉၁၄ တန်အသီးသီးပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ စခန်း ၃ ခုစလုံးရဲ့ စုစုပေါင်း တင်ပို့မှုဟာ ကန်ဒေါ်လာ ၁၄ ဒသမ ၅၁၃ သန်းဖိုးရှိပြီး တန်ချိန်အားဖြင့် ၃၉၀၁၂ တန်ရှိ တယ်လို့ စာရင်းများအရသိရှိရပါတယ်။

ဆန်သာမက မူဆယ် (၁၀၅) မိုင်မှ ကန်ဒေါ်လာ ၂ ဒသမ ၈၇၁ သန်းဖိုးရှိ ဆန်ကွဲ ၈၈၂၆ တန်၊ လွယ်ဂျယ် မှ ကန်ဒေါ်လာ သုည ဒသမ ၈၀၀ သန်းဖိုးရှိ ဆန်ကွဲတန် ၂၅၀၀၊ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်းဖိုးရှိ ဆန်ကွဲ ၅၂၃ တန်ကိုလည်းတင်ပို့ခဲ့ရာ စုစုပေါင်း တန်ချိန် ၁၁၈၄၉ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၆၁၉ တန် ပိုမို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## ဒီဇင်ဘာလအတွင်း ပင်လယ်ငါးရှဉ့် ၇ တန် ကျော်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်းကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်းတန်ဖိုးရှိပင်လယ်ငါးရှဉ့် ၇တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ပင်လယ်ငါးရှဉ့်တင်ပို့နိုင်မှုမှာ တန်ချိန် ၉၉ တန်ကျော် တန်ဖိုးကန်ဒေါ်လာ သုညဒသမ ၁၈၅ သန်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၉ ရက်တာကာလအတွင်းမှာတော့ ပင်လယ်ငါးရှဉ့် တန်ချိန် ၁ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ထိုင်းမြန်မာနယ်စပ်ချစ်ကြည်ရေးတံတား ဖွင့်ချိန်တိုးမြှင့်သတ်မှတ်လိုက်တဲ့အတွက် ကုန်သွယ်မှုနဲ့ ခရီးသွားကဏ္ဍကို မြင့်တက်စေနိုင်

ထိုင်းမြန်မာနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် မြဝတီနဲ့ မဲဆောက်ရှိထိုင်းမြန်မာချစ်ကြည်ရေး တံတားဖွင့်လှစ်ချိန်ကို ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ပြီဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုပမာဏ မြှင့်တက်ရန်နဲ့ ခရီးသွားများဝင်ထွက်မှုများပြားစေရန် ရည်ရွယ်ပြီးယခုကဲ့သို့ ချစ်ကြည်ရေး တံတားဖွင့်လှစ်ချိန်ကို တိုးမြှင့်ပေးလိုက်တာဖြစ်ပါတယ်။ ယခင်ကတံတားဖွင့်လှစ်ချိန်မှာ နံနက် ၀၆း၀၀ မှ ညနေ ၆း၀၀ ချိန်ထိ ဖြစ်ပြီး ယခုအခါ ဇန်နဝါရီလ ၅ ရက်နေ့မှစပြီး နံနက် ၀၅း၀၀ မှ ည ၈း၀၀ ချိန်ထိတိုးမြှင့် ဖွင့်လှစ်ပေးလိုက်တာ ဖြစ်ပါတယ်။ ယခုလို ချစ်ကြည်ရေးတံတားဖွင့်လှစ်ချိန် တိုးမြှင့်ပေးလိုက်တဲ့အတွက် နှစ်သစ်ကူးကာလမှာ ကုန်သည်တွေ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်သူတွေဟာ နံနက်ပိုင်းမှာ မဲဆောက်ကို ဈေးသွားဝယ်ပြီး ညနေပိုင်းမှာ နေ့ချင်းပြန်လာလို့ ရနေပြီဖြစ်ပါတယ်။

ခရီးသွားအရေအတွက်လည်း တိုးလာကြောင်း၊ ဗီဇာ၊ နိုင်ငံကူးလက်မှတ်တို့ ကိုင်ဆောင်ထားတဲ့ ခရီးသွား များလည်းတံတားမပိတ်ခင် အချိန်ထိ ထိုင်းနိုင်ငံသို့ သွားရောက်နိုင်ပြီဖြစ်ကြောင်း၊ ကုန်တင်ယာဉ်များ ဝင်ထွက်မှုကတော့ သိသိသာသာတိုးမလာသေးကြောင်း၊ အကြောင်းကတော့ နှစ်သစ်ကူးရုံးပိတ်ရက်ရာသီ (Holiday season)နဲ့ တိုက်ဆိုင်နေတဲ့အတွက်လို့ မြဝတီဒေသခံတစ်ဦးထံက သိရပါတယ်။

ယခုလိုချစ်ကြည်ရေးတံတားဖွင့်ချိန် တိုးပေးလိုက်တဲ့အတွက် ကုန်သည်နဲ့ ခရီးသွားများသာမက တစ်ဖက်နိုင်ငံမှာ အလုပ်သွားရောက်လုပ်ကိုင်သူများအတွက်လည်း အဆင်ပြေစေတယ်လို့ သိရပါတယ်။ ယခင်က အချိန်ပိုအလုပ်ဆင်းပြီး မြဝတီကိုပြန်လျှင် လှေစီးပြန်ခဲ့ရသော်လည်း ယခုအခါ ည ၈ နာရီအထိ ဖွင့်ထားတဲ့အတွက် ချစ်ကြည်ရေးတံတားကပဲ ပြန်ဝင်လာလို့ ရနေပြီလို့ တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်တဲ့ အလုပ်သမားတစ်ဦးထံက သိရပါတယ်။

**တိမ်ကင်းစင်**

## ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းက ဇန်နဝါရီလ ၃ ရက်မှ ၉ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၈၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၂၃၅ တန်ကျော်၊ ကင်းမွန် ၂၅ တန်ကျော်၊ ပုစွန် ၃ တန်ကျော်နဲ့ ကဏန်း ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၈၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၈၆ တန်ကျော်၊ ကဏန်း ၁၁ တန်ကျော်နဲ့ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၉၂၃ တန်ကျော်၊ ရေငန်ပုစွန် ၁၅ တန်ကျော်၊ သဲကဏန်း ၁ တန်ကျော်နဲ့ ကင်းမွန် ၁တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ၁၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၃၀၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မဏိပူရပြည်နယ် ချန်ဒယ်ခရိုင်အတွင်း တရားမဝင်စိုက်ပျိုးနေသော ဘိန်းခင်းများအား ဖျက်ဆီး

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် ချန်ဒယ်ခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့နဲ့ အာသံတပ်ဖွဲ့တို့ ပူးပေါင်းပြီးဇန်နဝါရီလ ၅ ရက်မှ ၈ ရက်နေ့ထိ ဘိန်းစိုက်ခင်း ၁၉၈ ဧကကို ဖျက်ဆီးခဲ့တယ်လို့ သတင်းရရှိပါတယ်။ ထိုဘိန်းခင်း မှ ဘိန်း ၂၅၇၉ ကီလိုဂရမ်ခန့်ထွက်ရှိနိုင်ပြီး တန်ဖိုးအားဖြင့် ရူပီး ၁၅၄၄ သိန်းဝန်းကျင်ရှိတယ်လို့သိရပါတယ်။ ဘိန်းစိုက်ပျိုးမှုများအား ထပ်မံရှာဖွေဖျက်ဆီးရန် နယ်စပ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က စီစဉ်နေတယ်လို့ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားတာဖြစ်ပါတယ်။

**နေထက်မင်း၊ တမူး**

## မြိတ်နယ်စပ်မှ ဒီဇင်ဘာလအတွင်း ကဏန်းမျိုးစုံတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၃၂ သန်းတန်ဖိုးရှိ ကဏန်းမျိုးစုံ တန်ချိန် ၂၁၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်းကဏန်းမျိုးစုံဖြစ်သောကဏန်းပျော့ ၅၆ တန်ကျော် ကဏန်းသေး (အသေ) ၄တန်ကျော်၊ သဲကဏန်း ၄ တန်ကျော်နဲ့ ကဏန်းနီ ၁၄၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အပြင် ရေထွက်ကုန်များဖြစ်သော ရေငန်ပုစွန် ၁၃၅ တန်ကျော်၊ ကင်းမွန် တန် ၁၂၀ ကျော်၊ ငါးခြောက် ၆ တန်၊ ငါးမျိုးစုံ ၅၈၈၄ တန်ကျော်၊ ငါးမှုန့် ၁၄၈၀ တန်၊ ငါးအသားလွှာ ၄၈ တန်၊ ပုစွန် ၁၇ တန်ကျော်၊ ပုစွန်ခြောက် ၇ တန်ကျော်၊ ရေချူခြောက် ၈ တန်ကျော်နဲ့ ကင်းမွန်ခြောက် ၃ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းမှာလည်း ကန်ဒေါ်လာ ၁ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၉၂၃ တန်ကျော်၊ ရေငန်ပုစွန် ၁၅ တန်ကျော်၊ သဲကဏန်း ၁ တန်ကျော်နဲ့ ကင်းမွန်အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ITC ဂ၅၅ ကတ်ထုတ်ပေးပြီးဖြစ်

နယ်စပ်ဒေသနေ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရန်နဲ့ တရားဝင်လမ်းကြောင်းပေါ်မှ ကုန်သွယ်မှုများပြုလုပ်နိုင်ကြရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Individual Trading Card-ITC ) ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှစပြီး တမူးနယ်စပ်မှ စတင်ထုတ်ပေးခဲ့ပါတယ်။ စတင်ထုတ်ပေးတဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်မှ ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ထိ ITC ကတ် ၈၅၅ စောင်ထုတ်ပေးထားပြီးဖြစ်ပါတယ်။ ပို့ကုန်ပိုင်းမှာ ကျပ် ၃၁၉၈ သန်းကျော်၊ သွင်းကုန်ပိုင်းမှာ ကျပ် ၁၀၈၁၇ သန်းကျော်၊ ကုန်သွယ်မှုပမာဏ အားဖြင့် ကျပ် ၁၄၀၁၅၈ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ ဇန်နဝါရီလ ၉ ရက်နေ့ထိ ITC ၃၀၂ ခု ထုတ်ပေးထားပြီး ကုန်သွယ်မှုပမာဏ ကျပ် ၆၆၂၁ သန်းကျော်ဆောင်ရွက်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ **MIRT (DCCA)**

# မော်လမြိုင်-ရန်ကုန်အမြန်ရထားပေါ်မှ တရားမဝင်အကောက်ခွန်မဲ့ ကန့်သတ်ကုန်များတားဆီးရမိ



တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော အကောက်ခွန်မဲ့/ကန့်သတ်ကုန် ကုန်ပစ္စည်းများအား တရားမဝင် မော်လမြိုင်မှ ရန်ကုန်သို့ ရထားနဲ့ သယ်ဆောင်သွားကြောင်း သတင်း ရရှိခဲ့ပါတယ်။

သတင်းပေးချက်အရ မော်လမြိုင်မှ ၁၉ း ၃၀ ချိန်မှာ ရန်ကုန်သို့ ထွက်ခွာလာသော အဆန်အထူး အမြန်လူစီးရထားပေါ်မှ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းစားဆေး (အာမွှေး)၊ အချိုမှုန့်နဲ့ အဝတ်အထည်ဟောင်း (ဘေထုပ်) စုစုပေါင်း သုံးမျိုးနဲ့ လက်တိုဂျင် နို့မှုန့်၊ ကော်ဖီမစ်၊ Non-Dairy Creamer၊ LCD TV မျိုးစုံ၊ မိန်းမစီးဖိနပ်၊ ပလတ်စတစ်ဖျာ (တစ်ယောက်အိပ်)များကို တားဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဖြစ်စဉ်မှာ တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော အကောက်ခွန်မဲ့ တရားမဝင်ကုန်ပစ္စည်းများအား မော်လမြိုင်နဲ့ သထုံ ဘူတာရုံများမှာ သို၀ှက်စုပုံထားရှိပြီး ရန်ကုန်သို့ ရထားနဲ့ သယ်ဆောင်လျက်ရှိကြောင်း သတင်းအရ ပဲခူးတိုင်း၊ ဝေါမြို့နယ် ညောင်ခါးရှည် ယာယီအခြေပြု Mobile Team လရ-၂ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဟာ ဇန်နဝါရီလ ၁၃ ရက်နေ့ ၂၄ း ၀၀ အချိန်မှာ မော်တော်ယာဉ်နှစ်စီးနဲ့ ကျိုက်ထိုဘူတာမှာ သွားရောက်စောင့်ဆိုင်းနေစဉ် မော်လမြိုင်-ရန်ကုန် ရထားဟာ ကျိုက်ထိုဘူတာကိုဇန်နဝါရီလ ၁၄ ရက်နေ့နံနက်ပိုင်းမှာ ဆိုက်ရောက်လာခဲ့ပါတယ်။ အဆိုပါရထားအား Mobile Team အဖွဲ့စုံဖြင့် စစ်ဆေးရာ ရထားဂတ်ဗိုလ်တွဲမှာ အကောက်ခွန်မဲ့ကုန်ပစ္စည်းတင်ဆောင်လာတာကို တွေ့ရှိခဲ့ရတယ်လို့ သိရပါတယ်။ တရားမဝင်ပစ္စည်းများ တင်ဆောင်လာတဲ့ ရထားတွဲအား ရန်ကုန်မှာ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရန် ဦးစီးအရာရှိတစ်ဦး ဦးစီးတဲ့ Mobile Team အဖွဲ့ဟာ ရထားနဲ့အတူ ရန်ကုန်သို့ စောင့်ရှောက်လိုက်ပါခဲ့ပါတယ်။ ရန်ကုန်ဘူတာကြီးသို့ ဇန်နဝါရီလ ၁၄ ရက် ၀၅ း ၄၅ အချိန်မှာ ရထားဆိုက်ရောက်သောအခါ ဂတ်ဗိုလ်တွဲပါ တရားမဝင် ကုန် ပစ္စည်းများအား ဖော်ထုတ်စစ်ဆေး နိုင်ရန် ရန်ကုန်ဘူတာကြီးသိုလှောင်ရုံသို့စနစ်တကျယာယီအပ်နှံထားပြီး ဆူးလေမြေပြင်ချစစ်ဆေးရေးသိုလှောင်ရုံသို့ ဆက်လက်ပို့ဆောင်စစ်ဆေးမှုပြုခဲ့ပါတယ်။

ဆူးလေမြေပြင်ချ စစ်ဆေးရေး သိုလှောင်ရုံမှာ အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာမှာတော့ ခန့်မှန်းတန်ဖိုး ကျပ် ၈၁၈ သန်းကျော်တန်ဖိုးရှိကွမ်းစားဆေး (အာမွှေး)၊ အချိုမှုန့်နဲ့ အဝတ်အထည်ဟောင်းများကိုတွေ့ရှိရပြီး ၎င်းဖမ်းဆီးရမိပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်၍ အကောက်ခွန်ဦးစီးဌာနသိုလှောင်ရုံသို့ လွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ သတိရပါတယ်။ သိမ်းဆည်းရမိပစ္စည်းများကတော့ ကွမ်းစားဆေး ၁၀၀ ပါကင်၊ အချိုမှုန့် ၁၈၅ ပါကင်နဲ့အဝတ်အထည်ဟောင်းဘေထုပ် ၅၄ ထုပ်ဖြစ်ပါတယ်။

လက်တိုဂျင်နို့မှုန့်၊ LCD TV မျိုးစုံ၊ ကော်ဖီမစ်၊ Non-Dairy Creamer၊ ပလတ်စတစ်ဖျာ (တစ်ယောက်အိပ်)၊ မိန်းမစီးဖိနပ်များကိုတော့ အကောက်ခွန်အမှုတွဲဖွင့်လှစ်ရန် လုပ်ဆောင်နေဆဲဖြစ်တယ်လို့ ရှေ့ပြေး သတင်းရရှိထားပါတယ်။

ဒီဇင်ဘာ ၂၁ ရက်နေ့ကလည်း မော်လမြိုင်-ရန်ကုန်အမှတ် ၉၀ အစုန်အမြန်ရထားပေါ်မှ ကျပ် ၁၄၅ ဒသမ ၅၂၈ သန်းတန်ဖိုးရှိကွမ်းစားဆေး၊ Leo Beer ၊ Chang Beer ကိုလည်း Mobile Team အဖွဲ့က သိမ်းဆည်းရမိထားခဲ့ပြီးဖြစ်ပါတယ်။

**DCCA**

## စိုက်ပျိုးရေးသွင်းအားစုများ ကျပ်သိန်း ၁၂၀ ကျော်ဖိုး Mobile Team က သိမ်းဆည်းရမိ

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ထုတ်နုတ်အင်အား Mobile Team မှ ၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိသိမ်းဆည်းရမိတဲ့အပင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖြန်းဆေးနဲ့ အပင်အားဆေးများမှာ အမှုတွဲအားဖြင့် ၁၀ ခု တန်ဖိုးအားဖြင့် ခန့်မှန်း ကျပ် ၁၂၆ ဒသမ ၄၈၀ သိန်းဖိုးသိမ်းဆည်းရမိထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိမှု အသေးစိတ်မှာ ပိုးသတ်ဆေး အမှုတွဲ ၃ ခု၊ အရေအတွက် ၆၉၀ ကီလိုဂရမ်၊ ခန့်မှန်း တန်ဖိုး ကျပ် ၃၄ ဒသမ ၅၀၀ သိန်း၊ ပေါင်းသတ်ဆေး အမှုတွဲ ၂ ခု၊ အရေအတွက် ၁၀၂၀ လီတာ၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၃ ဒသမ ၉၀၀ သိန်း၊ ရွက်ဖြန်းဆေး အမှုတွဲ ၄ ခု ၁၅၉၄ ဘူး၊ ခန့်မှန်းတန်ဖိုး ကျပ် ၅၁ ဒသမ ၉၅၀ သိန်း၊ အပင်အားဆေး ၆၂၀ ဘူး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၆ ဒသမ ၁၃၀ သိန်း အသီးသီးဖြစ်ပါတယ်။ အဆိုပါ သိမ်းဆည်းရမိပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနဲ့ အညီ ဖျက်ဆီးပြီး ဖြစ်တယ်လို့ သိရပါတယ်။

Mobile Team အဖွဲ့မှ တားဆီးအရေးယူပြီး ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အခြေခံကျသော စိုက်ပျိုးထုတ်လုပ်သူ တောင်သူများရဲ့ အရည်အသွေး စံချိန်စံညွှန်းမမီသော တစ်ဖက်နိုင်ငံမှ ဈေးနှုန်းချိုသာစွာ မှာယူ၍ တရားမဝင်တင်သွင်းလာတဲ့ အပင်ဆေးဝါး (သွင်းအားစု) များအား လွဲမှားစွာ ဝယ်ယူအသုံးပြုခြင်းကြောင့် စိုက်ပျိုးထွက်ရှိပမာဏကျဆင်းပြီး လူမှုစီးပွားဘဝကိုပါ ထိခိုက်ပျက်စီးစေခြင်းမှ ကြိုတင်တားဆီးအကာအကွယ် ပေးနိုင်ခဲ့ပါတယ်။

၎င်းအပင်ဆေးဝါးများကို အသုံးပြုမှုကြောင့် ဘေးထွက်ဆိုးကျိုးများကို စားသုံးသူပြည်သူများ ဝယ်ယူ စားသုံးရာမှ ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်ပျက်စီးစေနိုင်တဲ့ဘေးအန္တရာယ်မှလည်း ကာကွယ် တားဆီးရာရောက်ပြီး စိုက်ပျိုးထွက်ရှိလာတဲ့ သီးနှံများကို တင်ပို့ရောင်းချရာမှာလည်း ဆေးဝါး အာနိသင်များ ကျန်ရှိနေသဖြင့် မိမိတို့ကုန်ပစ္စည်းများကို ဝယ်ယူတဲ့ (Buyer) နိုင်ငံများကလည်း စိစစ်ကန့်ကွက်ခြင်းကြောင့် ပို့ကုန်ဈေးကွက်ပျက်စေမှာဖြစ်ပါတယ်။ Mobile Team အဖွဲ့များအနေနဲ့နိုင်ငံတော်မှ ချမှတ်ထားတဲ့ စီးပွားရေး ရည်မှန်းချက်များ အောင်မြင်စေရေး အထောက်အကူပြုကာကွယ်တားဆီး အရေးယူဆောင်ရွက်နေကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**DCCA**

## ကျပ်သန်းလေးရာနီးပါးတန်ဖိုးရှိသည့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖျက်ဆီး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ Mobile Team များမှ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ကျပ်သန်း ၃၈၂ ဒသမ ၆၅၄ သန်းခန့်၊ အမှုတွဲအားဖြင့် ၁၅၅ မှုကို ဖျက်ဆီးနိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ Mobile Team အလိုက် ဖျက်ဆီးခဲ့မှုတွေကတော့ လရ-၁ ၃၇ မှု ကျပ် ၁၁၅ သန်းကျော်၊ လရ-၂ ၂၁ မှု ကျပ် ၃၅ ဒသမ ၆၂၅ သန်းကျော်၊ မူဆယ်ထုတ်နုတ်အင်အား ၃၇ မှု ကျပ် ၁၉၄ သန်းကျော်၊ တာချီလိတ်ထုတ်နုတ်အင်အား ၂၅ မှု၊ ကျပ်သန်း ၂၀ ကျော်၊ ကျိုင်းတုံထုတ်နုတ်အင်အား ၃၅ မှု ကျပ် ၁၆ သန်းကျော် အသီးသီးဖြစ်ပါတယ်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်တဲ့စခန်းလမ်းကြောင်းအလိုက် Mobile Team များအနေနဲ့ ကုန်သွယ်မှုပမာဏတိုးတက်မြင့်မားရေး တရားဝင်လမ်းကြောင်း ပေါ်သို့ တရားမဝင်ကုန်သွယ်မှုများရောက်ရှိစေရေးအတွက် သတ်မှတ်လုပ်ထုံး လုပ်နည်းများနဲ့အညီ အထက်ဌာနများရဲ့ လမ်းညွှန်ချက်အတိုင်း စနစ်တကျ ဆောင်ရွက်လျက်ရှိနေကြောင်း သတင်း ရရှိပါတယ်။

**DCCA**

## ဆူဒိုအဖက်တမင်းဆေးပြား ၁၅ သိန်းဖမ်းဆီးရမိ

၂၀၁၅ ဇန်နဝါရီလ ၁၃ ရက် ၂၄း၀၀နာရီချိန်တွင် နယ်စပ်ဂိတ်အမှတ် ၁ နှင့် နမ့်ဖာလုံဈေးအကြား နယ်စပ်အနီးတွင် လုံခြုံရေးတာဝန်ယူထားသော ရှေ့တန်းစစ်ကြောင်း၊ လုံခြုံရေးတပ်စုအခြေပြုရာ ကင်းစခန်းရှေ့မှ ဆန်အိတ်များသယ်ဆောင်လာသည်ဟု ပြောပြီး ဆူဒိုအဖက်တမင်းဆေးပြားအိတ်များ သယ်ဆောင်သွားကြောင်း၊ တမူးမြို့နယ်မူးယစ်ရဲတပ်ဖွဲ့မှ သတင်းရရှိခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ တမူးမြို့၊ ဈေးတန်း (၈)ရပ်ကွက်ရှိ ဦး xxx နေအိမ်အနောက်ဘက်တွင် သို၀ှက်ထားသည့် ဆူဒိုအဖက်တမင်းဆေးပြား ၁၅ သိန်း၊ တန်ဖိုး ရူပီးသိန်း ၁၂၀ (ကျပ် ၁၈၉၆ သိန်း) ဖိုးခန့် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အဆိုပါ ဆူဒိုအဖက်တမင်းဆေးပြားသည် စိတ်ကြွဆေးထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်းသိရှိရသည်။ ဖမ်းဆီးရမိမှုအား OSS အစည်းအဝေးတွင် သတင်းချပြဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း ကနဦးသတင်းအရ သိရှိရပါသည်။

**နေထက်မင်း (တမူး)**

## အာသောကဆီဆိုင်အနီးရှောင်ကွင်းလမ်းမှ ပိုးသတ်ဆေးဖာများသိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် Asia World Toll Gate အာသောကဆီဆိုင်အနီးရှိ ရှောင်ကွင်းလမ်းမှ ပိုးသတ်ဆေး ၁၅ ဖာကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ အဆိုပါ ပိုးသတ်ဆေးဖာများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သုံးသိန်းသုံးသောင်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ၍ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ် တယ်လို့ သိရပါတယ်။

**DCCA**

## ရှောင်ကွင်းလမ်းမှ တရုတ်စားတော်ပဲ၊ တရုတ်ကြက်သွန်ဖြူနဲ့ တရုတ်ဝက်စာများ သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် Asia World Toll Gate အနီးရှောင်ကွင်းလမ်းပေါ်တွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် တရုတ်နိုင်ငံထွက် စားတော်ပဲ၊ ကြက်သွန်ဖြူနဲ့ ဝက်စာများအပါအဝင် Iron Display ပြုလုပ်ရန် Angle Iron နဲ့ Iron Sheet များကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိတဲ့တရုတ်စားတော်ပဲ၊ တရုတ်ကြက်သွန်ဖြူနဲ့ တရုတ်ဝက်စာ၊ Angle Iron၊ Iron Sheet များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် နှစ်သိန်းငါးသောင်းဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ၍ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။

**DCCA**

Vol: 15, No.3 Monday Jan 19 2015




၂၀၁၃ ခုနှစ်ဟာ မြန်မာပြည်ကနေ စိုက်ပျိုးထွက်ရှိတဲ့ ဖရဲသီး၊ သခွားမွှေးတွေကို တရုတ်ပြည်သို့ တင်ပို့ရောင်းချတဲ့ သက်တမ်းတစ်လျှောက်မှာ ဈေးနှုန်းအမြင့်ဆုံးရတဲ့ နှစ်ဖြစ်ခဲ့ပါတယ်။ အစေ့ပါ ဖရဲသီး တစ်ကီလို ၆ ယွမ်၊ အစေ့မဲ့ ဖရဲသီး ၇ ဒသမ ၅ ယွမ်၊ သခွားမွှေး ၁၆ ဒသမ ၅ ယွမ်ဈေးနှုန်းအထိ ရရှိခဲ့ပါတယ်။ ဒီဈေးနှုန်းတွေကို အရင်ကလည်း တစ်ခါမှ မရရှိခဲ့သလို နောင်ကာလတွေမှာ ပြန်ရနိုင်မယ် မရနိုင်ဘူးဆိုတာ ဘယ်သူမှ မခန့်မှန်း နိုင်ပါဘူး။ ၂၀၁၃ ခုနှစ်မှာ ဖရဲသီး၊ သခွားသီး အောင်မြင်အောင်စိုက်ပျိုး ဖြစ်ထွန်းခဲ့တဲ့သူတွေ တစ်နှစ်ထဲ မိသားစုတစ်စုက အိမ်စီးကား နှစ်စီး၊ သုံးစီး ဝယ်စီးနိုင်ခဲ့တဲ့ အထိ ရှိခဲ့ပြီး သခွားသီး ၁၂ ဘီး ကားတစ်စီး ဘောက်ချာရှင်းတာ သိန်း ၃၀၀ ကျော်ထိ ရရှိသွားတာလည်း ရှိခဲ့ဖူးပါတယ်။

၂၀၁၄ ခုနှစ်မှာတော့ ၂၀၁၃ ခုနှစ်ရဲ့ ပြောင်းပြန်ဖြစ်သွားပါပြီ၊ ၃ ဂဏန်းနဲ့ ၄ ဂဏန်းလားရာ ဆန့်ကျင်သလိုပါပဲ၊ ၂၀၁၃ ခုနှစ်ဟာ အကောင်းဆုံးနှစ်ဖြစ်ခဲ့သလို ၂၀၁၄ ခုနှစ်ဟာ ဖရဲသီး၊ သခွားမွှေး တရုတ်ပြည်ကို တင်ပို့ရောင်းချတဲ့ သက်တမ်းတစ်လျှောက်မှာ အဆိုးဆုံးနှစ်လို သတ်မှတ်လို့ရတဲ့ အနေအထားကို ရောက်နေပါတယ်။ ပြီးခဲ့တဲ့ကာလတစ်လျှောက်လုံးမှာ ဒီလိုအဖြစ်မျိုး မကြုံတွေ့ဘူးသလို နောင်လာမယ့် ကာလတွေမှာလည်း ဒီလို ၂၀၁၄ မှာ ဖြစ်ခဲ့တဲ့ သင်ခန်းစာကို ယူတတ်ကြမယ်ဆိုရင် ထပ်မံမကြုံတွေ့နိုင်တော့ဘူးလို့ မျှော် လင့်မိပါတယ်။ လက်ရှိ ၂၀၁၄ နှစ်ကုန်ခါနီးမှာတော့ ဖရဲသီး၊ သခွားမွှေး စိုက်ပျိုးတဲ့သူတွေ ၉၀ ရာခိုင်နှုန်းအထက် အရှုံးကြီးနဲ့ အရှုံးလေးပါပဲ။ မြတ်တဲ့လူ တော်တော်နည်းပါတယ်။ ကိုယ့်မှာရှိတဲ့ ဘာကို ရောင်းရမလဲဆိုတာ စဉ်းစားနေရပါပြီ။ စိုက်ပျိုးသူတွေရှုံးတော့ မူဆယ်က ပွဲရုံတွေလည်း မုန်တိုင်းအဖျားခတ်တာ မလွတ်နိုင်ပါဘူး။ တစ်စီးလုံးရောင်းတာ ကားခမလောက်လို့ခဏ (အဲဒီခဏက အချိန် အကန့်အသတ်မရှိပါ) စိုက်ပေးထားရတဲ့ အဖြစ်မျိုးကတော့ ဘယ်ပွဲရုံမှ မလွတ်ကင်းပါဘူး၊ အရင်တုန်းကတော့ အသီးရဲ့ အရည်အသွေးက အလွန်ကို ညံ့မှသာ ကားခမပေးလောက်တဲ့ အနေအထားမျိုးကြုံရတာပါ။ ဒီ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကုန်ထိကတော့ အလယ်အလတ်ကို အဖြေရှာကြည့်တဲ့အခါ တွေ့မိတဲ့အချက်တချို့ကို ဝေမျှကြည့်ခြင်းပါ။

### စိုက်ပျိုးထုတ်လုပ်မှုပမာဏ ဝယ်လိုအားထက်ပိုမိုခြင်း

ဖရဲသီး၊ သခွားသီးဟာ လတ်လတ်ဆတ်ဆတ်စားသုံးရတဲ့ သီးနှံဖြစ်ပြီး အချိန်ကြာကြာအထားခံတဲ့ သီးနှံမျိုးမဟုတ်ပါ။ တရုတ်နိုင်ငံ အနှံ့အပြားက မြန်မာပြည်မှ ဖရဲသီး၊ သခွားသီးတွေကို လာရောက်ဝယ်ယူကြတာကလည်း စားသုံးဖို့အတွက်သာ ဖြစ်ပါတယ်။ စက်မှု ကုန်ကြမ်းအတွက် လုံးဝမဟုတ်ပါ။ သူ့ရဲ့ စားသုံးနိုင်အား မလုံလောက်ရင် ဈေးတက်ပြီး စားနိုင်အား ပိုလျှံသွားရင် ဈေးကျမှာဖြစ်ပါတယ်။ လက်ရှိအနေအထားက စားသုံးနိုင်အားထက် ပိုမိုထုတ်လုပ်ရောင်းချတဲ့ အနေအထားမျိုးပါ။ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေဟာ တရုတ်နိုင်ငံမှာ ရာသီဥတုအလွန်အေးတဲ့ကာလဖြစ်ပါတယ်။ မြောက်ပိုင်းဒေသတွေဆိုရင် အအေးဆုံး(-)၁၀ ဒီဂရီစင်တီဂရိတ်ကနေ(-)၃၀ ဒီကရီစင်တီဂရိတ် ထိရှိပါတယ်။ အဲဒီဒေသတွေမှာ ဖရဲသီး၊ သခွားသီးတွေကို ဒီလိုအလွတ်ပုံထားလို့ မရပါဘူး။ ကောက်ရိုးကပ်တွေ၊ ဂွမ်းကပ်တွေနဲ့ လုံလုံခြုံခြုံအုပ်ထားရပါတယ်။ သာမန်လူတွေ ဖရဲသီးဝယ်မစားကြသလို နေရာတကာ အလွယ်တကူ ဝယ်စားလို့ ရနိုင်တဲ့ အနေအထားမျိုးလည်း ရောင်းချလို့မရတဲ့ ရာသီဥတုအနေအထားပါ။ အပူငွေ့ပေးထားတဲ့ Super Market တွေထဲမှာပဲ လက်လီရောင်းချကြပြီး ဟိုတယ်တွေ၊ KTV တွေ စားသောက်ဆိုင်ကြီးတွေမှာသာ အများဆုံးစားသုံးကြတာပါ။

၂၀၁၃ ခုနှစ် ဖရဲသီးရာသီအစ အောက်တိုဘာလ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ ဖရဲသီးကားအစီးရေ ၅၈၁၇ စီး၊ တန်ချိန်ပေါင်း ၇၉၂၈၃ တန်သာရှိပြီး ဒီနှစ် ၂၀၁၄ ခုနှစ် ရာသီအစ အောက်တိုဘာလ ၁ ရက်ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖရဲသီးကားအစီးရေ ၈၉၇၅ စီး၊ တန်ချိန်ပေါင်း ၁၃၁၈၃၉ တန်ထိရှိပါတယ်။ ပမာဏအနေနဲ့ ၁ ဒသမ ၆၆ ဆရှိပါတယ်။ သခွားသီးလည်း ၂၀၁၃ ခုနှစ် ရာသီအစ အောက်တိုဘာလ ၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကားစီးရေ ၁၀၆၂ စီး၊ တန်ချိန်ပေါင်း ၆၈၇၉ တန်သာရှိပြီး ဒီနှစ် ၂၀၁၄ ရာသီအစ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သခွားသီးကားစီးရေ ၃၉၄၃ စီး၊ တန်ချိန်ပေါင်း ၂၃၈၀၀ က စားသုံးဖို့ တစ်ခုတည်းအတွက်ပဲ ဝယ်တာဖြစ်တဲ့အတွက် စားသုံးနိုင်အားထက်ကို ကျော်လွန်သွားတာပါ။ ရောင်းလိုအားကများပြီး ဈေးနှုန်းကျပြီးရင်းကျနေတဲ့အတွက် ဝယ်ယူရောင်းချတဲ့ တရုတ်ကုန်သည်တွေမှာလည်း တချို့သောလူတွေ အရှုံးနဲ့မကင်းကြပါဘူး။

ဈေးနှုန်းအဆမတန်ကျဆင်းနေတဲ့အတွက် မူဆယ်(၁၀၅) မိုင်မှာရှိတဲ့ တချို့သော ပွဲရုံတွေက ဖရဲသီး၊ သခွားသီးတွေကို ကားအစီးလိုက် ဘာသာရေး အခမ်းအနားတွေ၊ မိဘမဲ့ကလေးကျောင်းတွေကို သွားရောက်လှူဒါန်းတာတွေရှိပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ ကြားရတဲ့သတင်းထူး တစ်ခုကတော့ စာသင်သား ၈၀၀ နီးပါးရှိတဲ့ မူဆယ်(၁၀၅) မိုင်က မိဘမဲ့ကျောင်းမှာ သခွားသီးလာလှူရင် လက်မခံနိုင်တော့ဘူးလို့ သတင်းကြားရပါတယ်။ အဲဒါနဲ့ အဲဒီကျောင်းမှာ စာပြနေတဲ့ ဆရာတစ်ယောက်ကို ဖုန်းဆက်မေးကြည့်တဲ့အခါ သတင်းကမှန်နေပါတယ်။ ကျောင်းမှာ ကားငါးစီးစာလောက်ရှိပြီး ကျောင်းမှာ ခွဲလည်း ကျွေးတယ်။ အပြင်ကနေ ကျောင်းလာတက်တဲ့ ကလေး ၅၀၀ လောက်ကိုလည်း ကျောင်းဆင်းရင် တစ်ယောက်ကို နှစ်လုံး၊ သုံးလုံး လောက်ယူပြန်ခိုင်းတယ်။ အဲဒီမှာ ဆေးရုံနဲ့ ဂျပန်မှလှူတဲ့ စာသင်ကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်က ပန်းရံလက်သမား အယောက် ၄၀ လောက်လည်း နေ့တိုင်းစားကြတယ်။ အဲဒါကို မကုန်နိုင်လို့ လက်မခံသေးတာပါတဲ့၊ ဒီလောက်ဆိုရင် ထိုက်သင့်သလောက်တော့ ရှင်းပါပြီ။

### အသီးရဲ့ အရည်အသွေးအဆင့်မမီခြင်း

ဒီအချက်ကလည်း တစ်နှစ်ပြီးတစ်နှစ်နဲ့ တစ်နေ့တခြားပိုမိုပေါ်လွင်ပီပြင်လာပါပြီ၊ ဒီ ၂၀၁၄ ခုနှစ် တန်ဆောင်မုန်းလပြည့်အထိ တစ်နိုင်ငံလုံးအနှံ့ ရွာခဲ့တဲ့မိုးကြီးဟာ ဖရဲသီးခင်း၊ သခွားသီးခင်းတွေကို လုံးဝထိခိုက်စေခဲ့ပြီး၊ အသီးရဲ့ အရည်အသွေးကို ဆိုးရွားစွာ နိမ့်ကျစေခဲ့ပါတယ်။ မြန်မာပြည်က ဖရဲသီးနဲ့ သခွားသီးတွေကို လာရောက်ဝယ်ယူတဲ့ဝယ်လက် တရုတ်နိုင်ငံဟာ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာနေပြီး ချမ်းသာလာတဲ့အလျှောက် ၎င်းတို့ရဲ့ အရည်အသွေးစံချိန်

> ဘက်ပေါင်းစုံက ပါဝင်ကူညီသင့်သူများ ဝိုင်းဝန်းလုပ်ဆောင်ကြမှသာ အရည်အသွေးရှိတဲ့ အသီးတွေကို အချိန်တိုတိုနဲ့ လတ်လတ်ဆတ်ဆတ် ဈေးကွက်ကိုရောက်အောင် ပို့ဆောင်နိုင်မှာဖြစ်ပြီး ထိုက်သင့်တဲ့ဈေးနှုန်းအမှန် ရရှိနိုင်မှာ ဖြစ်ပါတယ်။

သတ်မှတ်ချက်ဟာ တစ်နေ့တခြား ပိုမိုမြင့်မားလာပါတယ်။ ဝယ်လိုအားများလာပြီး ရောင်းလိုအားနည်းလို့ ရွေးချယ်ပိုင်ခွင့်နည်းတဲ့ အချိန်တုန်းကတော့ အရည်အသွေး စိစစ်မှုနည်းခဲ့ကြပေမယ့် လာရောက်ဝယ်ယူတဲ့ တရုတ်ကုန်သည်အများစုဟာ သူတို့ရောင်းချတဲ့ဒေသမှာ ဝယ်လိုအားများခဲ့တဲ့အတွက်ကြောင့် ထိုက်သင့်တဲ့အကျိုးအမြတ် ရရှိခဲ့ကြပါတယ်။ အဲဒီလို အနေအထားတွေ ကျော်လွန်ပြီးဖြစ်တဲ့ အခုလက်ရှိ အနေအထားမှာတော့ ချမ်းသာတဲ့စားသုံးသူ လူတန်းစားများလာတဲ့ အနေအထားတွေကြောင့် အရည်အသွေးမကောင်းတဲ့အသီးတွေ အတွက် နေရာကျဉ်းမြောင်းလာနေပြီဆိုတာထက် နေရာမရှိတော့မယ့် အနေအထားမျိုးမြင်တွေ့နေရပါပြီ။

ဝယ်လက်တရုတ်တွေရဲ့ အရည်အသွေးသေချာစိစစ်ရတဲ့




အကြောင်းရင်းကို လေ့လာကြည့်တဲ့အခါ သူတို့ရဲ့ ဝယ်ယူရောင်းချတဲ့ လုပ်ငန်းစဉ်အနေအထားကို လေ့လာသိရှိမိသလောက်ကိုလည်း ဝေမျှချင်ပါတယ်။ (၁၀၅) မိုင်မှာ ဖရဲသီး၊ သခွားသီးလာရောက်ဝယ်ယူတဲ့ တရုတ်နိုင်ငံအနှံ့အပြားက ကုန်သည်အားလုံးဟာ တစ်ဆင့်ပြန်လည်ရောင်းချဖို့ ဝယ်ယူတဲ့သူချည်းပါပဲ၊ ကိုယ်တိုင်စားသုံးဖို့ ဝယ်ယူသူမရှိပါ။ အနီးဆုံးဝယ်လက်ဖြစ်တဲ့ ယူနန်ပြည်နယ် မြို့တော်၊ ကူမင်းမြို့နယ်ဟာ (၁၀၅) မိုင်နဲ့ ကီလိုမီတာ ၇၀၀ ကျော်ကွာဝေးပါတယ်။ ကျန်တဲ့ ပြည်နယ်မြို့တော်တွေက ကီလိုမီတာ ၁၀၀၀ ကျော်ကနေ ကီလိုမီတာ ၄၀၀၀ ကျော်အထိ ရှိပါတယ်။ (၁၀၅) မိုင်ကနေ ဖရဲသီး၊ သခွားသီးများကို အစီးလိုက်ဝယ်ယူပြီး ကားအစီးလိုက်တစ်ခါတည်း အပြတ်ရောင်းချခြင်းမျိုး မဟုတ်ပါ။ ကီလိုရာဂဏန်းကနေ တစ်တန်နှစ်တန် လက်လီစိတ်ရောင်းချကြပါတယ်။ အဲဒီလို ရောင်းချတဲ့ နေရာမှာ ဝယ်ယူသူက တစ်လုံးချင်းကို သေချာစိစစ်ရွေးချယ်ပါတယ်။ မာကျောမှုမရှိတဲ့ အသံမကောင်းတဲ့ အမှည့်လွန်အသီးရွဲ့စောင်းတဲ့အသီး၊ အခွံပွန်းပဲ့တဲ့ အသီးတွေကို ပယ်ထုတ်ပြီး အကောင်းဆုံးကိုသာ ရွေးယူတာပါ။ ပယ်ထုတ်တာတွေကို ပယ်သီးစျေးနဲ့ လျှော့ရောင်းရတာပါပဲ။

တချို့သော မြို့ကြီးတွေမှာ ကားကြီးပေါ်ကနေ မရွေးချယ်ဘဲ အလုံးကောက်ချိန်ရောင်းတာရှိပါတယ်။ အဲဒီလို ရွေးချယ်ခွင့်မပြုဘဲ ဝယ်သူက သူ့ဆီမှာဖရဲသီးကို ခွဲလိုက်လို့ အမှည့်လွန်နေတာ၊ အနာကွက်ပါနေတာတွေ တွေ့ရင် ဖရဲသီးနှစ်ခြမ်းကို ယူလာပြီး ရောင်းတဲ့သူက အရွယ်တူအကောင်း တစ်လုံးနဲ့ လဲပေးရပါတယ်။ တရုတ်တစ်နိုင်ငံလုံးမှာ အဲဒီနည်းနဲ့ ရောင်းချရပါတယ်။ မြန်မာပြည်မှာလည်း ဖရဲသီးပွဲရုံတွေက ဗန်းသည်တွေကို ဖရဲသီးခွဲပေး၊ စိပ်ပေးရပါတယ်။ အမှည့်လွန်ပြီး အတွင်းသားမကောင်း၊ အစိပ်မခံတဲ့ ဖရဲသီးကို ရောင်းပေးလို့မရပါဘူး။ တရုတ်နိုင်ငံမှာလည်း အဲဒီသဘောပါပဲ။ (၁၀၅)မိုင်ကနေတစ်ဆင့် သယ်ပြီးသွားရောင်းတဲ့ လမ်းခရီးကဝေး၊ တစ်လုံးချင်းရွေးချယ်ပြီး ရောင်းချနေရတဲ့ အနေအထားတွေကြောင့် လက်ရှိအနေအထားအရ သခွားမွေး၊ ဖရဲသီးစိုက်ပျိုး ထုတ်လုပ်မှုနှုန်းမြင့်မားပြီး မြန်မာပြည်က ရောင်းလိုအားများနေတဲ့ အခြေအနေမျိုးမှာ အဝေးတင်ခံ၊ အထားခံနိုင်တဲ့ အရည်အသွေးအဆင့်မမီတဲ့ ဖရဲသီး၊ သခွားသီးတွေ စျေးကောင်းရနိုင်မှာမဟုတ်ပါ။ စျေးနိမ့်တဲ့အပြင် ပယ်သီးပါထွက်မှာပါ။

ပြီးသွားတဲ့ ၂၀၁၄ ခုနှစ်ရဲ့ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေ သုံးသပ်ချက်အရ စရောင်းကတည်းက ၂၀၁၃ ကာလတူ အခြေအနေနဲ့ နှိုင်းယှဉ်ရင် စျေးနှုန်းများစွာ နိမ့်ကျခဲ့ပါတယ်။ အဲဒီမှာ ဖရဲသီး၊ သခွားသီးစိုက် တောင်သူအများစုဟာ အသီးစျေးနှုန်း တစ်ရက်ပြီး တစ်ရက်စျေးတက်နိုးနဲ့ အသီးကိုနောက်ဆွဲပြီး ထားရင်းနဲ့ ထားလို့မရတော့တဲ့ အနေအထားရောက်မှ ခူးဆွတ်ပြီး တင်ရောင်းကြပါတယ်။ အပင်ပေါ်မှာ မှည့်တဲ့အနေအထား ရောက်နေပြီဖြစ်သည့် အတွက် (၁၀၅)မိုင်ရောက်တော့မှ အဝေးဝယ်လက်ကို ရောင်းချဖို့ ရောင်းပန်းမလှတော့ပါဘူး။ အဲဒီမှာ ရောင်းစျေးနှုန်းကမရပေမယ့် ထားလို့မသင့်တော်တော့ ရတဲ့စျေးနှုန်းနဲ့ ရောင်းရတဲ့အပြင် အမှည့်လွန်တာတွေကိုလည်း ပယ်ထုတ်တာခံရပါတယ်။ ဝယ်သွားတဲ့ တရုတ်ကုန်သည်ကလည်း တစ်ဆင့် ပြန်လည်ရောင်းချတဲ့ နေရာမှာ အသီးတွေက အမှည့်ဘက်များနေတဲ့အတွက် စျေးနှုန်းမတင်ရဘဲ အမြန်ရောင်းရတာပါပဲ။ အဲဒီလိုနဲ့ပဲ ၂၀၁၄ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာ နှစ်လလုံး အရည်အသွေးမပြည့်မီတဲ့ အသီးတွေဟာ စျေးနှုန်းတစ်ဆင့်ပြီးတစ်ဆင့် ကျလာလိုက်တာ ဒီဇင်ဘာလကုန်ခါနီးလောက်မှာ သခွားသီးကို ပေးလှူချင်တာတောင် မိဘမဲ့ကျောင်းက လက်မခံနိုင်တဲ့ အနေအထားမျိုးကို ရောက်သွားတော့တာပါပဲ။

## အရည်အသွေးကောင်းတဲ့အသီးနဲ့ အရည်အသွေးကောင်းရန် လိုအပ်ချက်များ

အရည်အသွေးကောင်းတဲ့ ဖရဲသီးဟာ လက်ရှိစျေးကွက်တောင်းဆိုမှုအရ အနည်းဆုံး 10 Kg ရှိရပါမယ်။ အမှည့်လွန်ခြင်း၊ အသီးနုပြီး အမှည့်လိုခြင်းမဖြစ်စေရပါ။ အခွံကြောပြောင်ချောပြီး အခွံသားပိုးစားထားခြင်း၊ နေလောင်ပြီး အရောင်လွင့်ခြင်း မရှိစေရပါ။ အတွင်းသား ရေဓာတ်မများဘဲ ကျစ်လျစ်ပြီး အရသာချိုရပါမယ်။ လတ်ဆတ်တဲ့ အညှာပါရမှာဖြစ်ပြီး အခွံပွန်းပဲ့ခြင်းမရှိစေရပါ။ ဖရဲသီးကို နေရောင်ပြင်းတဲ့အချိန်မှာ အပြင်ခွံအရောင်မပျက်စီးဖို့အတွက် ကောက်ရိုး (သို့မဟုတ်) သတင်းစာ စက္ကူအုပ်ပေးသင့်ပါတယ်။ သခွားသီးလည်း ဒီလိုပါပဲ၊ အမျိုးအစားအလိုက် အငယ်ဆုံး ၂ ကီလိုဂရမ်ရှိရပါမယ်၊ အပင်ရောဂါမဝင်ဘဲ လတ်ဆတ်တဲ့အညှာ ပါရမယ်။ အမှည့်လွန်ခြင်း၊ အသီးနုပြီး အမှည့်လိုခြင်းမဖြစ်ရပါ။ ရွှေသခွားဆိုရင် အပြင်အခွံမှာ အစက်အပြောက် ကင်းပြီး ကိုင်တွယ်သယ်ယူရာမှာ အခွံမပွန်းအောင် ဂရုစိုက်ရပါမယ်။ ပိုက်သခွားဆိုရင် အပြင်ခွံမှာ ရှိသင့်တဲ့ ပိုက်ကွက်ရှိရပါမယ်။

စိုက်ပျိုးရေးစကားအရ အသီးကောင်းဖို့အတွက် အပင်ကောင်းရှိဖို့ လိုပါတယ်။ အပင်မှာ ရောဂါပိုးမွှား ကင်းစင်ပြီး အပင်သန်မာနေမှသာ ကြံ့ခိုင်သန်စွမ်းတဲ့ အသီးကောင်းရမှာပါ။ အသီးကောင်း ထွက်လာရင် ခူးဆွတ်သင့်တဲ့အချိန်မှာ ခူးဆွတ်တတ်ဖို့လည်း လိုပါတယ်။ စျေးကွက်ကြောင့် စောခူးခြင်း၊ နောက်ဆွဲခူးခြင်း လုပ်လိုက်တဲ့အတွက် အသီးရဲ့ အရည်အသွေးညံ့သွားရင် ပိုပြီးနစ်နာတတ်ပါတယ်။ အသီးတွေကို ကိုင်တွယ် သယ်ယူရာမှာလည်း အသီးမနာအောင် အခွံမနာအောင် အခွံမပွန်းအောင် ဂရုစိုက်ရပါမယ်။ ကားပေါ်တင်တဲ့ နေရာမှာလည်း မျက်စိပသာဒရှိအောင် သေချာစွာစီပြီး တင်ရပါမယ်။ လမ်းခရီးတစ်လျှောက်မှာလည်း ဖုန်များတဲ့နေရာမှာ ဖုန်မတင်အောင် ကားနောက်ပိုင်းကို လုံလောက်စွာအုပ်မိုးပေးသင့်ပါတယ်။ လမ်းခရီးမှာ ကားဆရာကို ညင်သာအောင် မောင်းပေးဖို့၊ အချိန်မကြာအောင် မောင်းပေးဖို့ အကူအညီတောင်းရမှာပါ။

လက်ရှိအနေအထားအရ အသီးများကို (၁၀၅)မိုင်မှာ ရောင်းပြီး တရုတ်နိုင်ငံ ဝမ်တိန်မှာ ကားချင်း ပြောင်းတင်ရပါတယ်။ (၁၀၅) မိုင်မှာ ရောင်းတာအရောင်းအဝယ်မပြတ်သေးပါဘူး။ ဝမ်တိန်မှာ ကားချင်းပြောင်းတင်ပြီး မှသာ အရောင်းအဝယ်ပြီးတာပါ။ အသီးရဲ့ အရည်အသွေးကို တစ်လုံးချင်း အစစ်ဆေးခံရတာပါ။ အသီးအသေးတွေ အညံ့တွေကို အောက်မှာထားပြီး အကြီးတွေ အလှတွေကို အပေါ်မှာ ဖုံးပြီး ရောင်းလို့မရပါဘူး။ (၁၀၅) မိုင်မှာ ရောင်းတာအများဆုံး လေးနာရီအချိန်အတွင်းမှာ ကားအစီးရေ ၅၀၀ ကျော်ရောင်းရတာပါ။ ရောင်းတဲ့အချိန်မှာ အရည်အသွေးအပြီးစစ်ဆေးဖို့ မဖြစ်နိုင်ပါဘူး။ အရည်အသွေးပိုင်း မှန်မှန်ကန်ကန်လုပ်ဖို့ အလွန်အရေးကြီးပါတယ်။ မမှန်မကန်လုပ်ရင် လုပ်သူသာ ခံရမှာပါ။

## ပါဝင်ကူညီသင့်သူများ

လက်ရှိအခြေအနေမှာ သခွားသီး၊ ဖရဲသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းတစ်ခုလို့ ပြောလို့ ရနေပါပြီ။ ဖရဲသီးနဲ့ သခွားသီး နှစ်မျိုးပေါင်း တရုတ်ကို တန်ချိန် ၁၀၀၀ ကနေ ၅၀၀၀ ကျော်အထိ ရာသီချိန်မှာ နေ့စဉ်တင်ပို့နေရတာပါ။ စိုက်ပျိုးထုတ်လုပ်သူ၊ စိုက်ခင်းထဲက အလုပ်သမား၊ သယ်ယူပို့ဆောင်ဖို့ ပေါင်းကူးဆက်သွယ်ပေးတဲ့ ကားဂိတ်နဲ့ မော်တော်ကားများ၊ ရောင်းချတဲ့ပွဲရုံနဲ့ အလုပ်သမားများ စတဲ့လူဦးရေ သိန်းချီပတ်သက်ဆက်နွယ်နေပါတယ်။ တင်ပို့ရောင်းချတဲ့ တရုတ်နိုင်ငံဟာလည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေပြီး လူချမ်းသာတွေများ လာတဲ့နိုင်ငံပါ။ ဒီလုပ်ငန်းနဲ့ ပတ်သက်ဆက်သွယ်နေသူ အားလုံး ရေရှည်အကျိုးရှိဖို့အတွက် အရည်အသွေးကောင်းတဲ့ အသီးတွေထုတ်လုပ်နိုင်ဖို့ ဘက်ပေါင်းစုံက ဝိုင်းဝန်းလုပ်ဆောင်ကြရမှာပါ။ စျေးကွက်ဝယ်လိုအားနဲ့ ထုတ်လုပ်မှုပမာဏကတော့ တွက်ချက်ဖို့ခက်ခဲမှာပါ။ မြန်မာပြည်က သခွားသီး၊ ဖရဲသီး အချိန်တူထွက်တဲ့ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၊ ကွမ်ရှီးပြည်နယ်၊ ဟိုင်နန်ကျွန်းပြည်နယ်တွေမှာ ရာသီဥတုဖောက်ပြန်ပြီး မုန်တိုင်းကြီးတွေဝင်လို့ သူတို့ဆီက ဖရဲသီးခင်းတွေ၊ သခွားသီးခင်းတွေပျက်စီးတဲ့ နှစ်နဲ့ကြုံရင် မြန်မာနိုင်ငံက ထွက်ရှိသလောက်စျေးကောင်းရရှိတတ်ပါတယ်။

အရည်အသွေးကောင်းကောင်းနဲ့ ထွက်နှုန်းကောင်းဖို့အတွက် ဖရဲသီး၊ သခွားသီးစိုက်ပျိုးရာမှာ ခေတ်မီနည်းပညာနဲ့ နည်းစနစ်တွေ လေ့လာဆည်းပူး အသုံးချမှုရတော့မှာပါ၊ စိုက်ပျိုးသူတွေကိုယ်တိုင်ကလည်း နည်းပညာတွေကို တန်ဖိုးထားရမှာဖြစ်ပြီး နိုင်ငံတော်အပိုင်းကလည်း နည်းပညာကို ဖြည့်ဆည်းပေးရပါမယ်။ စိုက်ခင်းထဲက လုပ်သားတွေကစပြီး ဖရဲသီး၊ သခွားသီးတွေဟာ နိုင်ငံခြားပို့ကုန်ဖြစ်တဲ့အတွက် အစစအရာရာ ဂရုစိုက်ရလုပ်ရမယ်ဆိုတဲ့ အသိလေးရှိရမှာပါ။ သယ်ယူပို့ဆောင်ပေးတဲ့ မော်တော်ယာဉ်မောင်းတွေကလည်း ကိုယ့်ကားပေါ်က အသီးတွေမပျက်စီးအောင်၊ လတ်လတ်ဆတ်ဆတ်နဲ့ အချိန်မီရောက်အောင် ဝိုင်းဝန်းကြိုးစား ပေးရမှာပါ။ လက်ရှိကုန်သွယ်မှု ဖွံ့ဖြိုးလာတဲ့ အခြေအနေအရ ကုန်တင်မော်တော်ယာဉ်ကြီးတွေ များပြားလာပြီး လမ်းဖြတ်သန်းခကောက်ခံတဲ့ Toll Gate တွေမှာ ကုန်တင်မော်တော်ယာဉ်ကြီးတွေ လမ်းဖြတ်သန်းခပေးဆောင်ဖို့ကို အချိန်ကုန်ခံပြီး တန်းစီစောင့်ဆိုင်းနေရတဲ့ ပြဿနာကိုလည်း လမ်းဖောက်လုပ်တဲ့ ကုမ္ပဏီကြီးတွေက လက်ရှိလိုင်းတစ်လိုင်းကနေ နောက်တစ်လိုင်းတိုးပေးမယ်ဆိုရင် ပိုပြီးအဆင်ပြေမှာပါ။

(၁၀၅) မိုင်မှာရှိတဲ့ သစ်သီးပွဲရုံတွေကလည်း အခြေအနေမှန်ကို လေ့လာပြီး ဖြစ်သင့်တဲ့ ပေါက်စျေးအတိုင်း ရောင်းချနိုင်တဲ့ အရည်အသွေးမျိုးရှိအောင် လေ့လာဆည်းပူးသင့်တဲ့ အချက်အလက်တွေကို လေ့လာဆည်းပူးသွားရမှာပါ။ ပို့ကုန်သစ်သီးရဲ့ လတ်ဆတ်မှုဟာ အလွန်အရေးကြီးတဲ့အတွက် ခူးဆွတ်ရာကနေ စျေးကွက်ရောက်တဲ့အထိ အချိန်တိုလေကောင်းလေပါပဲ။ လက်ရှိ ရန်ကုန် - မန္တလေး အမြန်လမ်းကိုလည်း ကုန်တင်မော်တော်ယာဉ်ကြီးများ အသုံးပြုနိုင်မယ်ဆိုရင် ယခုထက်ခရီးတိုပြီး သယ်ဆောင်စရိတ်လည်း အထိုက်အလျောက်သက်သာသွားမှာပါ။ (၁၀၅) မိုင်မှာ လက်ရှိစစ်ဆေးနေတဲ့ စနစ်ကိုလည်း လက်ရှိထက်ပိုပြီး မြန်ဆန်စေချင်ပါတယ်။ (၁၀၅) မိုင်ကနေ ရောင်းချပြီးတဲ့ အသီးကားတွေ အစစ်ဆေးခံပြီး ရုံးတွင်းကိစ္စဆောင်ရွက်ပြီးတော့ ဝမ်တိန်မှာနေ့ချင်းကားပြောင်း တင်နိုင်တဲ့ အဆင့်ကို ရာနှုန်းပြည့်မရောက်နိုင်သေးပါ။ ကြူကုတ်-ပန်ဆိုင်းမှာ (၁၀၅) မိုင်ကနေ ဆင်းသွားတဲ့ အချို့သော အသီးကားတွေ ညအိပ်နေရတာ နေ့တိုင်းလိုလိုရှိပါတယ်။

ဘက်ပေါင်းစုံက ပါဝင်ကူညီသင့်သူများ ဝိုင်းဝန်းလုပ်ဆောင်ကြမှသာ အရည်အသွေးရှိတဲ့ အသီးတွေကို အချိန်တိုတိုနဲ့ လတ်လတ်ဆတ်ဆတ် စျေးကွက်ကိုရောက်အောင် ပို့ဆောင်နိုင်မှာဖြစ်ပြီး ထိုက်သင့်တဲ့စျေးနှုန်းအမှန် ရရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ စိုက်ပျိုးထုတ်လုပ်သူကစပြီး ပါဝင်ပတ်သက်နေတဲ့ လူတန်းစားအားလုံး အကျိုးဖြစ်ထွန်းပြီး ဖရဲသီး၊ သခွားသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းဟာလည်း ရေရှည်ရပ်တည် သွားနိုင်မယ့် လုပ်ငန်းမျိုးဖြစ်နိုင်မှာဖြစ်တဲ့အကြောင်း စေတနာကောင်းနဲ့ ရေးသားဖော်ပြအပ်ပါတယ်။

## ပြောင်း

### ၂၀၁၅ ခုနှစ်ရဲ့နှစ်ဆန်းမှာ ပြောင်းတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် နယ်စပ်စခန်းများမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှာ ကန်ဒေါ်လာ ၆ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၂၉၁၉ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ တန်ချိန်တွေကတော့ မူဆယ်မှ ၂၂၆၁၈ တန်နဲ့ ချင်းရွှေဟော်မှ ၃၀၁ တန်ဖြစ်ပါတယ်။ ယခုရက်သတ္တပတ်မှာ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကနေ ပြောင်းတင်ပို့မှု မရှိခဲ့ပါဘူး။ ယခင်ရက်သတ္တပတ်က ၃၉၁၄၅ တန်ထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ၁၆၂၂၆ တန် လျော့နည်းသွားတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်ရက်သတ္တပတ်က ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေး ၂၇၅၀၂၁ ကျပ်ဖြစ်ပြီး ယခုတစ်ပတ်မှာ ၂၇၄၃၃၆ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခမှာ ယခင်ရက်သတ္တပတ်က ပြောင်း တစ်ပိဿာကို ၁၀၁-၉၃ ကျပ်ရှိပြီး ယခုရက်သတ္တပတ်မှာ ၁၀၁-၉၆ ကျပ်သို့ သယ်ပို့ကားခများ ဈေးအနည်းငယ် မြင့်တက်လာတာ တွေ့ရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## သီဟိုဠ်စေ့

### ကော့သောင်း နယ်စပ်စခန်းမှ သီဟိုဠ်စေ့တင်ပို့မှု တတိယနေရာမှာရှိ

မြန်မာ-ထိုင်းနယ်စပ်မှာရှိတဲ့ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၀၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ သီဟိုဠ်စေ့တင်ပို့မှုမှာ ငါးမျိုးစုံနဲ့ ကင်းမွန်ပြီးလျှင် တတိယနေရာမှာ ရှိနေခဲ့ပါတယ်။ ၂၀၁၄ခုနှစ်တစ်နှစ်တာကာလအတွင်းမှာတော့ တန်ချိန် ၂၅၈ တန်ကျော် ကန်ဒေါ်လာ ၁ ဒသမ ၉၃၈ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ တစ်နှစ်တာတင်ပို့မှုကို လအလိုက် ဖော်ပြပေးလိုက်ပါတယ်-

ကန်ဒေါ်လာသန်း

| စဉ် | လအမည် | တန်ချိန် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဇန်နဝါရီ | ၁၈. ၈၆၀ | ၀. ၁၄၃ |
| ၂။ | ဖေဖော်ဝါရီ | ၂၇. ၈၄၀ | ၀. ၂၁၂ |
| ၃။ | မတ် | ၁၃. ၀၀၀ | ၀. ၀၉၉ |
| ၄။ | ဧပြီ | ၃၂. ၈၀၀ | ၀. ၂၄၉ |
| ၅။ | မေ | ၁၂. ၈၀၀ | ၀. ၀၉၇ |
| ၆။ | ဇွန် | ၁၆. ၅၀၀ | ၀. ၁၂၅ |
| ၇။ | ဇူလိုင် | ၁၃. ၃၂၀ | ၀. ၁၀၁ |
| ၈။ | ဩဂုတ် | ၃၅. ၁၈၀ | ၀. ၂၆၇ |
| ၉။ | စက်တင်ဘာ | ၃၃. ၄၂၀ | ၀. ၂၅၄ |
| ၁၀။ | အောက်တိုဘာ | ၉. ၁၀၀ | ၀. ၀၆၉ |
| ၁၁။ | နိုဝင်ဘာ | ၁၉. ၂၀၀ | ၀. ၁၂၀ |
| ၁၂။ | ဒီဇင်ဘာ | ၂၆. ၆၀၀ | ၀. ၂၀၂ |

၂၀၁၄ခုနှစ်အတွင်း သီဟိုဠ်စေ့တင်ပို့မှုမှာ ဩဂုတ်လတွင် အများဆုံးဖြစ်ပြီး အနီးစပ်ဆုံးကာလထက်လည်း ၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ဝဥ

# ဝဥခြောက် ပိုမိုတင်ပို့

ဝဥ ကိုဇွန်လမှာ စိုက်ပျိုးပြီး နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာဖော်ကြပါတယ်။ ယောနယ်မှာ ဝဥပင်ကို နှစ်နှစ်သားအထိရှိပြီးမှ တူးဖော်ယူကြပါတယ်။ ယောဒေသအခေါ် ဖျံ့ဥလို့လည်း ခေါ်ကြပါတယ်။ အလေ့ကျပေါက်တဲ့ ဝဥပင်များဟာ နတ်တော်၊ ပြာသိုလမှာ ဖြိုင်ဖြိုင်ပေါ်ပြီး တစ်ဥလျှင် အနိမ့်ဆုံး ၁ ပိဿာမှ ၂ ပိဿာကျော်ထိရှိတယ်လို့သိရပါတယ်။ ဒီလိုရာသီပေါ်ချိန်ဖြစ်လို့လည်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်ဈေးကွက်မှာ ဝဥခြောက်တင်ပို့မှုဟာ အပတ်စဉ်ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ဇန်နဝါရီ ၃ ရက်မှ ၉ ရက်သတ္တပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ဝဥခြောက် ၅၅ တန်ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ဝဥခြောက် တန် ၅၀ သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ဝဥခြောက်တင်ပို့မှု ပိုမိုလာပါတယ်။ ယခုအခါ ဝဥခြောက်လုပ်ငန်းတွေတွင်ကျယ်လာလို့တောထဲမှာ အလေ့ကျ ပေါက်ရောက်နေတာကို စိုက်ခင်းတွေနဲ့ စိုက်ပျိုးလာကြကာ မြောင်းဘောင်တင်ပြီးလည်း စိုက်ပျိုးလာကြတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ပြည်ပနိုင်ငံများသို့ ရော်ဘာတင်ပို့မှု

ပင်လယ်ရေကြောင်းကုန်သွယ်မှုနည်းလမ်းဖြင့် ပြည်ပနိုင်ငံများသို့ ရော်ဘာတင်ပို့ရာအများဆုံးတင်ပို့လျက် ရှိတဲ့နိုင်ငံတွေကတော့ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေဖြစ်ပြီး ယခုသီတင်းပတ်မှာ ဂျပန်နဲ့ ယူအေအီး နိုင်ငံတွေကို တင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၉၈၉ သန်းဖိုးရှိတဲ့ ရော်ဘာ ၁၀၃၇ တန်ကို အဆိုပါနိုင်ငံများကို တင်ပို့နိုင်ခဲ့ပြီး ယခင်ရက်သတ္တပတ်ထက် ၁၅၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ နိုင်ငံတွေအလိုက် တင်ပို့နိုင်မှုများကတော့ မလေးရှားနိုင်ငံကို RSS 3 ၂၀၈ တန်၊ RSS 5 ၇၂ တန်၊ MSR 20 ၁၆၈ တန်၊ စင်ကာပူနိုင်ငံကို MSR 20 ၁၉၆ တန်၊ ဂျပန်နိုင်ငံကို MSR 20 ၂၅၂ တန်နဲ့ အာရပ်စော်ဘွားများနိုင်ငံကို MSR 20 ၁၄၁ တန်ဖြစ်ပါတယ်။ ယခင်က ရော်ဘာ RSS 3 ကို အပို့များရာမှ ယခုတစ်ပတ်မှာ MSR 20 ကို ပိုမိုတင်ပို့လာနိုင်တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ YUNGXIN INDUSTRIES မှ ဂျပန်နိုင်ငံရဲ့ Buyer ရရှိပြီး MSR 20 ၂၅၂ တန်ကို တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှ အကူအညီပေးလျက်ရှိတဲ့ ရော်ဘာခြံနှစ်ခြံ မှ ကုန်ကြမ်းများကို စမ်းသပ်ဝယ်ယူပြီး ဂျပန်နိုင်ငံဈေးကွက်တွင် အသုံးပြုနိုင်တဲ့ ရော်ဘာကုန် ကြမ်းအရည်အသွေးစံချိန်အတိုင်း ပြည့်မီမှု ရှိ၊ မရှိကို ဂျပန်နိုင်ငံရှိ ဓါတ်ခွဲခန်းများတွင် စမ်းသပ်မယ်လို့ သိရပါတယ်။ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံမှ ထွက်တဲ့ရော်ဘာကုန်ကြမ်းများကို ဂျပန်ဈေးကွက်ဝင်ရော်ဘာကုန်ကြမ်းများအဖြစ် ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ကူညီမှုပေးရန် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ ဂျပန်နိုင်ငံရော်ဘာကုန်သည်များအသင်း၊ ဂျပန်နိုင်ငံကုန်ချောထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ယခုလက်ရှိတွင်လည်း မြန်မာ့ရော်ဘာကုန်ကြမ်းများကို အရည်အသွေးပိုင်းမြှင့်တင်ရန် လုပ်ဆောင်လျက်ရှိနေပြီး အဓိကအားဖြင့် မိမိတို့လုပ်ငန်းရှင်များဘက်က လိုက်နာဖို့လိုကြောင်း အရည်အသွေးသာမက အရေအတွက်ပိုင်းပါ ဝယ်ယူလိုတဲ့ ပမာဏ ပြည့်မီအောင် လုပ်ရမှာဖြစ်ကြောင်း၊ အရည်အသွေး၊ အရေအတွက်ပိုင်းကို တာဝန်ယူနိုင်ပါက နိုင်ငံတကာပေါက်ဈေးအတိုင်း ရရှိနိုင်မှာဖြစ်ကြောင်း၊ ဂျပန်နိုင်ငံရဲ့ လိုအပ်ချက်နဲ့ ဝယ်လိုအားကအရမ်းများ ကြောင်း သိရှိရပါတယ်။ ယခုလက်ရှိ အကူအညီပေးနေတဲ့ ခြံ နှစ်ခြံ ပြီးပါက ကျန်တဲ့ ခြံများကိုပါဆက်လက် ကူညီသွားမယ်လို့ သတင်းရရှိ ပါတယ်။

ယခုရက်သတ္တပတ်အတွင်းမှာတော့ နိုင်ငံတကာရော်ဘာဈေးများအပြောင်းအလဲသိပ်မရှိကြောင်းနဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးနှုန်းများလည်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။ အသင်းက ထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြလိုက်ပါတယ်-

ကန်ဒေါ်လာသန်း

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |

**ယဉ်ယဉ်အေး MIRT (DCCA)**

# နယ်စပ်စခန်းများမှ ရော်ဘာ တန် ၅၅၀ ကျော်တင်ပို့

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှာ မြန်မာ-တရုတ်နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၇၄၁ သန်းတန်ဖိုးရှိ ရော်ဘာ ၅၅၁ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် ၁၀၅ မိုင်မှ RSS 3 ၂၀၇ တန်၊ MSR 20 တန် ၅၀ တင်ပို့ခဲ့ရာ ယခုသီတင်းပတ်မှာ တန် ၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ RSS 3 ၂၉၄ တန်တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် ၂၇၉ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာဖြစ်ပေါ်နေတဲ့ ရော်ဘာဈေးကတော့ တစ်ဖက်နိုင်ငံဈေး ပြောင်းလဲမှုမရှိဘဲ မိမိဘက်ဈေး အနည်းငယ်ကျနေကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ယခုတစ်ပတ်ဈေးနှုန်း နှိုင်းယှဉ်ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဖက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း | ယခု | ယခင် | ပြောင်းလဲမှု | ရာခိုင်နှုန်း |
| ရော်ဘာ | ၁၄၈၆၉၆၀ | ၁၄၉၀၆၇၄ | ၃၇ | ၁၄ | ၀. ၂၅ | ၁၄၅၀ | ၁၄၅၀ | - |

**ယဉ်ယဉ်အေး MIRT (DCCA)**

## ရော်ဘာဈေးများ အလွန်အကျွံ ကျဆင်းနေသဖြင့် အိန္ဒိယနိုင်ငံတွင်းသို့ ပြည်ပမှတင်သွင်းမှုအား ရပ်တန့်ပေးရန် တောင်းဆို

ပြည်တွင်းရော်ဘာဈေးများ အလွန်အကျွံကျဆင်းနေသဖြင့် ပြည်ပမှ ရော်ဘာတင်သွင်းမှုအား ရပ်တန့်ပေးပါရန် ကီရာလာပြည်နယ်အစိုးရကဝန်ကြီးချုပ် နရိန္ဒရာမိုဒီအား တောင်းဆိုနေကြတယ်လို့ သိရပါတယ်။ ပြည်ပရော်ဘာတင်သွင်းမှု ရပ်တန့်ရေးအစီအစဉ်မှာ "Make in India" အစီအစဉ်ဖြင့် ပြည်ပမှ ရော်ဘာကုန်ကြမ်းတင်သွင်းမှုများကိုပါ ထည့်သွင်းကန့်သတ်ပေးရန် တောင်းဆိုထားတာဖြစ်ပါတယ်။

ကီရာလာပြည်နယ်ဝန်ကြီးချုပ် အူးမန်းချန်ဒီနဲ့ ပြည်နယ်အဆင့်မြင့် ခေါင်းဆောင် VS Achuthanandan တို့ အတူတကွ ဝန်ကြီးချုပ်ကို တွေ့ဆုံတောင်းဆိုခဲ့ကြတယ်လို့ သတင်းမှာဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံဟာ ပြည်ပမှ သဘာဝရော်ဘာတန်ချိန် ၃ ဒသမ ၂၅ သိန်းကျော် တင်သွင်းနေကြောင်း သိရပါတယ်။

**CMK**

# ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံအနီ မည်သည့်အချိန်တွင် ရောင်းချမည်ကိုလေ့လာစိစစ်ခြင်း

ကျော်မြင့်

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ၂၀၁၄ ခုနှစ် မေ၊ ဇွန်လတွင် စိုက်ပျိုးခဲ့သော ပဲစင်းငုံအနီများသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်း၍ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသရှိ မန္တလေး၊ မုံရွာ၊ပခုက္ကူ၊ မြင်းခြံဈေးကွက်များသို့ ပဲစင်းငုံ အနီအသစ် (New supplies) အဖြစ်စတင်ဝင်ရောက်လာသည်။ ယခုအချိန်အခါသည် ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံအနီအသစ်များ အရောင်းအဝယ်ပြုလုပ်သည့်ကာလဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ် စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပဲစင်းငုံ ဧက ၁ ဒသမ ၅၁ သန်းကျော်စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံး ပဲမျိုးစုံစုစုပေါင်းစိုက်ဧကမှာ ၁၁သန်းနီးပါးရှိသဖြင့် ပဲစင်းငုံစိုက်ဧကသည် တစ်နိုင်ငံလုံးပဲမျိုးစုံစုစုပေါင်းစိုက် ဧက၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲစင်းငုံကို ဧက ၅ ဒသမ ၂၉ သိန်းအများဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများသည် ဧက ၄ သိန်းကျော်စိုက်ပျိုးကြသည်။မြန်မာနိုင်ငံအလယ်ပိုင်း ဒေသစစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးများသည် ပဲစင်းငုံ စုစုပေါင်းဧက 1 'or4oe;စိုက်ပျိုးသဖြင့် တစ်နိုင်ငံလုံးစိုက်ပျိုးသည့် ပဲစင်းငုံဧက 1 'or 51 oe;ကျော်တွင် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသမှ ၉၃ ရာခိုင်နှုန်းကျော်ပါဝင်သည်။

ပဲစင်းငုံအဓိကစိုက်ပျိုးထွက်ရှိသောဒေသများမှ ဝယ်ယူ၍ ရန်ကုန်သို့သယ်ယူကြပြီး ရန်ကုန်မှပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်း ချကြသည်။ ရန်ကုန်မှ ပဲစင်းငုံ တင်ပို့ရောင်းချသူများသည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းတွင် နေ့စဉ်ဖြစ်ပေါ်သော မြန်မာ့မတ်ပဲဈေးအတက်အကျအပြောင်းအလဲပေါ် အခြေခံပြီး ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံအရောင်းအဝယ်ပြုလုပ်ကြသည်။ တစ်နည်းအားဖြင့် ပြည်တွင်းဈေးကွက် အထူးသဖြင့် ရန်ကုန် ပဲစင်းငုံဈေးသည် အိန္ဒိယနိုင်ငံမွန်ဘိုင်း တွင်ဖြစ်ပေါ်သော မြန်မာ့ ပဲစင်းငုံဈေးကို တုံ့ပြန် (Reflect) သည့် အခြေအနေတွင်ရှိသည်။ နယ်ဈေးကွက်မှ ရောင်းဝယ်သူများသည် ရန်ကုန်ပဲစင်းငုံဈေး အပြောင်းအလဲကို အားထားရောင်းဝယ်ကြသည်။

ယခုတင်ပြချက်သည် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်သူသည် မိမိတို့ ရိတ်သိမ်းပြီး သီးနှံကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell)၊ ပဲစင်းငုံ ရောင်းဝယ်သည့် ကုန်သည်သည် မိမိ လက်ဝယ်ရှိဝယ်ယူထားသော ပဲစင်းငုံကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell) ကို ဆုံးဖြတ်မှုအတွက် အထောက်အကူ ဖြစ်စေရန် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက် အလက်များ (Historical Market Information) ကို အခြေခံ၍ စုစည်းသုံးသပ် တင်ပြထားပါသည်။

ရန်ကုန်လအလိုက်ပဲစင်းငုံအနီဈေးပြောင်းလဲမှုကို ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ နှစ်အလိုက် ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။ ပဲစင်းငုံ အနီရောင်းချရမည့် အချိန်ကာလနှင့် ပတ်သက်၍ ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက် အလက်များပေါ် အခြေခံပြီး အကြမ်းအားဖြင့် အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်ပါသည်။

(၁) အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။

(၂) အချိန်စော၍ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။ သို့သော်အမြင့်ဆုံးဈေးကိုမရရှိခြင်း။

(၃) အချိန်နောက်ကျ၍ရောင်းချပါက ပဲစင်းငုံအနီဈေးအကျနှင့် တွေ့ကြုံရခြင်း။

**(၁) အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း။**

၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် လအလိုက် ပဲစင်းငုံ အနီဈေးပြောင်းလဲမှုသည် သင်္ကြန်ကာလ (ဧပြီ) နောက်ပိုင်း ရောက်လေ ဈေးမြင့်လာသော ဈေးပြောင်းလဲမှု (price movement) ကိုဖြစ်ပေါ်ခဲ့သည်။ ပဲစင်းငုံအနီ ရောင်းချသူသည်သင်္ကြန်ကာလ (ဧပြီ) လနောက်ပိုင်းရောက်မှ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့် (Rising price) နှင့် မလွဲမသွေတွေ့ကြုံရမည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ခုနစ်နှစ်တာကာလအတွင်း t c;eaemu u; a&mi;ygu ypi;i teap; tjriEi aw&u/&o nEprm;rm ၂၀၀၈ ခုနှစ် ၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များဖြစ်ပါသည်။ ရေးဆွဲဖော်ပြထားသော ပုံ-၁မှ ပုံ-၃ အထိလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

y1/ &euev t vuypi;i teap;
ajymi;vr(2008 cEp)




y2/ &euev t vuypi;i teap;ajymi;vr(2009 cEp)




y3/&euev t vuypi;i teap;ajymi;vr(2014 cEp)




ဇာစ်မြစ်။ www.etrademyanmar.com

ပဲစင်းငုံရောင်းဝယ်သည့် ကုန်သည်များသည် အချိန်နောက်ကျ ရောင်းပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရသည့်အခြေအနေတွင် သိုလှောင်စရိတ် (storage cost) ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။ ကိုင်တွယ်မှုစရိတ် (Handling cost)၊ ပိုးမွှားကာကွယ်စရိတ် (pest control)၊ ထုပ်ပိုးပစ္စည်းစရိတ် (Packaging material cost)၊ ဝယ်ယူသိုလှောင်သည့် သီးနှံတန်ဖိုးနှင့် ညီမျှသည့် ငွေကြေးပမာဏနှင့် ညီမျှသည့်အတိုးငွေ (ဘဏ်တွင်အပ်နှံပါက ရရှိမည့်အတိုးငွေ(opportunity cost of interest)ကို ပါထည့်သွင်းပြီး သိုလှောင်စရိတ် (storage cost) ကို တွက်ချက်ရမည်ဖြစ်ပါသည်။ တစ်လအတွက် သိုလှောင်စရိတ်မည်မျှ ရှိသည်။ တစ်ရက်သိုလှောင်စရိတ်မည်မျှရှိသည်ကို သိရှိရန်လိုအပ်ပါသည်။မည်သည့် ဈေးတွင် ရောင်းချပါက စီးပွားရေးတွက်ခြေကိုက်မည်ကို ခန့်မှန်းနိုင်ပါသည်။ ထို့အပြင်လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (up-to-date market information) နှင့် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်းအချက်အလက်များ (Historical Market Information) ပါ သိရှိရန် လိုအပ်ပါသည်။

**(၂) အချိန်စော၍ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရခြင်း၊ သို့သော်အမြင့်ဆုံးဈေးကိုမရရှိခြင်း**

y4/ &euev t vu ypi;i teap;ajymi;vr(2008 cEp)




y5/ &euev t vu ypi;i teap;ajymi;vr(2009 cEp)




➲စာမျက်နှာ - ၃၂ သို့

# မုံရွာခရိုင်၊ ဘုတလင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့တို့ ပူးပေါင်းပါဝင်လျက် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နေ့လယ်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့ရှိမြဝတီခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ဘုတလင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၇၃၅ ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးတက်တိုးနှင့် ဆရာ/ဆရာမ ၆၅ ဦး၊ ဘုတလင်မြို့မရဲစခန်းမှ စခန်းမှူးနှင့် ရဲအရာရှိများ၊ ဘုတလင်မြို့ မြဝတီရပ်ကွက် ရပ်မိရပ်ဖများ၊ ကျောင်းဈေးရောင်းချသူများ အပါအဝင် စုစုပေါင်း အင်အား ၁၈၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဟောပြောပွဲ အခမ်းအနားကို ဘုတလင်မြို့နယ် ပညာရေးမှူး ဒေါ်အုန်းလှက အဖွင့်အမှာစကားပြောကြား၍စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းစိုးကစားသုံးသူ အကာအကွယ်ပေးရေးအကြောင်းနှင့် ဓာတုဗေဒပစ္စည်း အသုံးပြုထားသည့် စားသောက်ကုန်များကြောင့် အန္တရာယ်ဖြစ်ရခြင်းများ၊ စားသုံးရန်မသင့်သည့် စားသောက်ကုန်များကိုနိုင်ငံတော်မှ တားဆီး အရေးယူနေမှုများ၊



စံချိန်စံညွှန်းမမီသည့် အသုံးအဆောင်ပစ္စည်းများကြောင့် တစ်ဦးတစ်ယောက်တည်းသာမက မိမိပတ်ဝန်းကျင်နှင့် ရပ်ကွက်၊ မြို့ရွာများအထိ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားတတ်ခြင်းအကြောင်းများ၊ ဉာဏ်ရည်ထူးချွန်ပြီး ကျန်းမာကြံ့ခိုင်သည့် ကျောင်းသား လူငယ်များ ဖြစ်ပေါ်လာစေရေး အတွက်နစ်နာမှုများကို စားသုံးသူရေးရာဦးစီးဌာနမှ ကာကွယ်ဆောင်ရွက်ပေးနေသည့်အပြင် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းပြီး ကာကွယ်ပေးနေမှုများ အကြောင်းကို မှတ်တမ်းဓာတ်ပုံ၊ ရုပ်ပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းပညာပေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းက မူမမှန်သည့် ကုန်စည်များအား ခွဲခြား စစ်ဆေးခြင်းအကြောင်း၊ ကုန်စည်များတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအချိုးအစားမှတ်တမ်း၊ သက်တမ်းကုန်ဆုံးရက်စွဲ၊ ဘားကုတ်များအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်က အရက်၊ ဘီယာ၊ ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာစသည်တို့တွင် လူကိုစွဲလမ်းစေသော ဓာတုဗေဒပစ္စည်း ပါဝင်နေမှုများ၊ ယင်းတို့ကြောင့် ခံစားရမည့် ကျန်းမာရေးနှင့် စီးပွားရေးထိခိုက်သည့် အကြောင်းများ ရှင်းလင်းဟောပြောပါသည်။ ထို့အတူ ဒေါ်ကေသီအောင် ကလည်း အသင့်စားစားသောက်ကုန်နှင့် မုန့်မျိုးစုံ၊ အချိုရည်၊ ဂျယ်ရီ၊ အေးခဲအသား နှင့် အကင်မျိုးစုံ တို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်မှုများအကြောင်း ဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲ ကျင်းပနေစဉ် တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ပါဝင်သည့် လက်ကမ်းစာစောင်များ နှင့် နိုင်ငံပိုင် သတင်းစာများမှ တရားဝင် ကြေညာထားသည့် စားသုံးရန် မသင့်သည့် စားသောက်ကုန်စည်များ အမည်စာရင်းပါ စာစောင်များ ဝေငှပေးခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနသည် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရာပေါင်း ၈၄ နေရာတွင် လူဦးရေ ၂၇၈၂၇ ဦးအား ပညာပေးဟောပြောခဲ့ပြီး အသိပညာပေး ပိုစတာ ၁၂၆ ခုနှင့် လက်ကမ်းစာစောင်ပေါင်း ၁၇၉၄၀ စောင်အား ဖြန့်ဝေပညာပေးခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီး အစိုးရ အဖွဲ့၏ အနီးကပ်လမ်းညွှန်မှုနှင့်အတူ မိတ်ဖက်ဝန်ကြီးဌာနများနှင့် အတူလက်တွဲပူးပေါင်းလျက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**သိန်းစိုးသစ်**

## တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို စားသုံးသူပြည်သူများသိရှိအောင် မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်လျက်ရှိသည့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် နေ့လယ်က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

တွံတေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးသန်းထွဋ်နိုင်က လူတိုင်း အစားအသောက်များနှင့် ကင်းကွာ၍မရကြောင်း၊ တစ်မျိုးသားလုံးကျန်းမာရေးနှင့် သက်ဆိုင်သဖြင့် မြို့နယ်အတွင်း နေထိုင်လျက်ရှိသည့် စားသုံးသူပြည်သူများ အသိပညာဗဟုသုတ တိုးပွားရန်လိုအပ်သည်အားလျော်စွာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာမှတ်သားကြပါရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်း က နိုင်ငံတော်မှ ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ဥပဒေ၏ ရည်ရွယ်ချက်အောင်မြင်စေရန် ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ ဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူများ၏ နစ်နာမှုကိုဖြေရှင်းပေးရန် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ကြောင်း အဆိုပါအဖွဲ့ကို အထောက်အကူပြုရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူမှ တိုင်ကြားလျှင် တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်းများကို ဆောင်ရွက်ပေးမည့် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၈ ဦးဖြင့် လည်းကောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သော ကုန်စည်များနှင့် ပြည်ပမှဝင်ရောက်လာသော ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရန် စစ်ဆေးဆောင်ရွက်ပေးမည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

စားသုံးသူများအနေဖြင့် နားမလည်ဖတ်ရှု၍မရသည့် စာသားများနှင့် ရေးသားထားသည့် ဘေးဥပဒ် အန္တရာယ်ဖြစ်စေသည့် အစားအစာ၊ ဆေးဝါးများကို ဝယ်ယူစားသုံးခြင်းမပြုရန်လိုကြောင်း၊ ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများ၏အညွှန်း၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် မှာလည်း စားသုံးသူ၏တာဝန်ပင် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများတွင် စားသုံးသူကို တိကျမှန်ကန်သည့် သတင်းအချက်အလက်ပေးရန်၊ စံချိန်စံညွှန်းမမီသည့် ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းမပြုရန်မှာလည်း ထုတ်လုပ် ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူး လွန်လျှင် အရေးယူခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကို တစ်ဦးတစ်ယောက်တည်းဆောင်ရွက်၍မရကြောင်းနှင့် အားလုံးဝိုင်းဝန်းပူပေါင်းဆောင်ရွက်ရန်လိုကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ တွံတေးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဒေါက်တာနေဝင်းသွင်က ပြည်သူများ၏ ကျန်းမာရေးအတွက် ဌာနအနေဖြင့်ကာကွယ်ရေးနှင့် ကုသရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းသား/ကျောင်းသူများ ဘေးဥပဒ်အန္တရာယ် ကင်းသည့် အစားအစာများစားသောက်နိုင်ရန် ကျောင်းကျန်းမာရေးစီမံချက်ဖြင့် ကျောင်းမုန့်ဈေးတန်းမှ မုန့်နမူနာများယူ၍ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာတွင် ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သော အစားအသောက်၊ အလှကုန်နှင့်ဆေးဝါးများကို စားသုံးသူများမှ ပိုမိုရှောင်ရှားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ ပါသည်။

မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူးဒေါ်ခင်စန္ဒာက စီးပွားရေး လုပ်ငန်းရှင်များက မိမိအကျိုးစီးပွားကိုသာကြည့်၍လုပ်ကိုင်သဖြင့် အန္တရာယ်ရှိသည့်အစားအစာများ၊ အန္တရာယ်ရှိသည့် လူသုံးကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ဈေးကွက်အတွင်း များပြားနေခြင်းဖြစ်ကြောင်း၊ “ကျန်းမာရေး ကောင်းမွန်ပြီး သက်ကောင်းရှည်ဘဝကိုရရှိစေရန်” လတ်ဆတ်သန့်ရှင်းသည့်အစားအစာများကို စားသုံးရန်၊ သဘာဝအတိုင်း စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စားသုံးရန်၊ ဘေးဥပဒ်ဖြစ်မည့် အစားအစာများကို စားသုံးခြင်းမပြုရန်လိုကြောင်း၊ အစားအသောက်နှင့် အသုံးအဆောင် ပစ္စည်းများ၏ ဘေးအန္တရာယ်များအကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ တွံတေး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများစုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# ကျန်းမာစေသော အစားအသောက်များအတွက်စားသုံးသူများ၏ အခွင့်အလမ်းအပေါ် အလေးထား၍ ကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ ၂၀၁၅ အား ကျင်းပပြုလုပ်သွားမည်

ကမ္ဘာ့နိုင်ငံများတွင် ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်မှုများဖြစ်သည့် ကိုယ်အလေးချိန် လွန်ကဲခြင်းနှင့် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ သွေးထဲတွင် ဂလူးကို့စ်သကြားဓာတ်မြင့်မားခြင်း၊ ကိုလက်စထရော မြင့်မားခြင်း စသည်တို့သည် အသက်အန္တရာယ်ကို ဆိုးရွားစွာ ထိခိုက်လျက်ရှိသည့် အကြောင်းရင်း ၁၀ ခုအနက် ၄ ခုတွင် ပါဝင်ကြောင်း သိရသည်။ ယင်းတို့အနက် အဝလွန်ကဲခြင်းဖြစ်ပွားပါက ၎င်းအတွက် ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာ ၂ ထရီလီယံ ရှိမည်ဖြစ်ပြီး ကျန်းမာရေးနှင့် မညီညွတ်သောနေထိုင်စားသောက်မှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ စားသုံးသူကာကွယ်ရေးအဖွဲ့သည် ကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ ၂၀၁၅ ၏ အဓိကရည်ရွယ်ချက်အဖြစ် စားသုံးသူများအား ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုများကိုပြုမူ ဆောင်ရွက်နိုင်ရေးအတွက် အကူအညီပေးအပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။ ကမ္ဘာပေါ်မှစားသုံးသူများအားလုံးသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို လွယ်ကူစွာရရှိနိုင်ရန်နှင့် ပိုမို ညီညွတ်မျှတပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အစားအသောက်စနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရရှိကြပါသည်။ ကမ္ဘာပေါ်ရှိလူသားအားလုံးတို့၏ ကျန်းမာရေးကို အတိဒုက္ခရောက်စေမည့် နေထိုင်စားသောက်မှုနှင့်ဆက်နွယ်သော ရောဂါများမှာ အဝလွန်ကဲခြင်း၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ဖြစ်ကြပါသည်။ ထို့ပြင် ကိုယ်အလေးချိန်လွန်ကဲပြီး အလွန်ဝဖြိုးသောသူများ၏ အရေအတွက်သည်လည်း မြင့်တက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် အဝလွန်ကဲသူများ အရေအတွက်မြင့်မားလာမှုကိုထိန်းချုပ်ရန် ကြိုးစားလျက်ရှိသော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။

ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှုသည် ကျန်းမာရေးကို ထိခိုက်စေသည့်အဓိက အကြောင်းအရင်း တစ်ခုပင်ဖြစ်ပါသည်။ သို့သော် ဆင်းရဲနွမ်းပါးသော ကမ္ဘာ့လူနေမှုစနစ်များနှင့် အဆင့်အတန်းနိမ့်ကျသော နေထိုင်စားသောက်မှုများက ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားသည့် ကျန်းမာရေးထိခိုက်မှုထက် ပိုမိုသာလွန်နေ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့အပြင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဝင်ငွေတိုးတက်မှုနှုန်းပေါ်တွင်လည်း လူတို့၏ အဝလွန်ကဲမှုက သာလွန်နေကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါသာလွန်နေမှုသည် ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်လျက်ရှိကြောင်း သိရသည်။ အထူးသဖြင့် ကမ္ဘာတောင်ဘက်ခြမ်းရှိ နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော အဝလွန်ကဲမှုပြဿနာသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အပေါ်တွင်လည်း သက်ရောက်လျက်ရှိကြောင်း သိရသည်။

စားသုံးသူများကိုယ်တိုင်နှင့် ၎င်းတို့၏ ရွေးချယ်မှုများသည် အဆိုပါပြဿနာအား ဖြေရှင်းရန် အဓိကကျလျက်ရှိပါသည်။ စားသုံးသူများအတွက် ကျန်းမာရေးနှင့်လျော်ညီသော နေထိုင်စားသောက်မှုကို ရွေးချယ်နိုင်မည့် အခွင့်အလမ်းများမှာလည်း နည်းပါးလျက်ရှိပြီး ယင်းကဲ့သို့ဖြစ်ပေါ်ရခြင်းမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော အစားအသောက်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ နိုင်ငံတကာ အစားအသောက် ကုမ္ပဏီကြီးများ၏ ဈေးကွက်အလေ့အထများကြောင့်ဖြစ်ခြင်း၊ စားသုံးသူများအတွက် အရည်အသွေးကောင်းမွန် သော အစားအသောက်များကို ရွေးချယ်ဝယ်ယူနိုင်ရန် သတင်းအချက်အလက်များ ရယူနိုင်မှုမရှိခြင်းတို့ ကြောင့်ဖြစ်ပါသည်။

ကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ ၂၀၁၅ ကို ကျင်းပရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ International Convention to Protect and Promote Healthy Diets အရဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးမှုများနှင့် ရောဂါများကိုလျော့နည်းစေခဲ့သည့် the Framework Convention for Tobacco Control နှင့်ဆောင်ရွက်သည့်လုပ်ငန်းစဉ်များမှာ ဆင်တူလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတကာအစားအသောက်နှင့် အဖျော်ယမကာကုမ္ပဏီများ၏ အလေ့အထကိုလည်း မီးမောင်းထိုးပြနိုင်သဖြင့် ၎င်းတို့၏ပြုမူဆောင်ရွက်မှုများကို တိုက်ရိုက်လွှမ်းမိုး ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ ၂၀၁၅ ကို ကျင်းပခွင့်ရရှိခဲ့ခြင်းကြောင့် Consumer International အနေဖြင့် ၎င်း၏ အားထုတ် ဆောင်ရွက်မှုများအား အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံချက်ဖြင့် ကမ္ဘာလုံးဆိုင်ရာညီလာခံကျင်းပနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးအတည်ပြုချက်ကို ရရှိနိုင်ရန်ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်ပါသည်။

အဆိုပါကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ ၂၀၁၅ ကို ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့စားသုံးသူအခွင့်အလမ်းနေ့ကို ၁၉၈၃ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ရွှေ့ပြောင်းသွားလာနေထိုင်ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများ၊ အလုပ်သမားများအား စားသုံးသူများ၏ အခွင့်အရေးများကို သိရှိစေရန်နှင့် အပြည်ပြည်ဆိုင်ရာစားသုံးသူ အခွင့်အရေးလှုပ်ရှားမှုများကို ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းအချင်းချင်း သွေးစည်းညီညွတ်မှု ရှိစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေး

ဇန်နဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမင်းသိန်းက နိုင်ငံတော်မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဥပဒေ၏ ရည်ရွယ်ချက် အောင်မြင်စေရန် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ၏ နစ်နာမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့ကို အထောက်အကူပြုရန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ကြောင်း ပြောကြားခဲ့သည်။



ထို့ပြင်စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီအနေဖြင့် စားသုံးသူများ၏ တိုင်ကြားမှုအပေါ် လက်ခံ ဆောင်ရွက်ခြင်းနှင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများသည် စားသုံးသူအပေါ် အမှန်တကယ် ထိခိုက် နစ်နာမှုရှိ/မရှိကို စုံစမ်းစစ်ဆေးပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီသည် ပြည်တွင်း။ပြည်ပမှဝင်ရောက်လာသော ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရန် စစ်ဆေးခြင်းနှင့် ပြည်တွင်းတွင်လည်း လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများအား ဖြန့်ဖြူးရောင်းချခြင်း မရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် အခွင့်အရေး၊ ရပိုင်ခွင့်များကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ တာဝန်၊ တားမြစ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာစိုးဝင်းက အစားအစာများသည် စိုက်ပျိုးသည်မှ စားသုံးရန် စားပွဲသို့ ရောက်သည်အထိ (From Farm to Table) ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်မှာ အရေးကြီးကြောင်း၊ အစားအစာများပြုလုပ်ရာတွင် ရုပ်ဝတ္ထုပစ္စည်းများဖြစ်သည့် ဖန်ကွဲစ၊ ဆံပင်ချည်၊ ကလစ်၊ ကြက်ဥခွံများ ပါဝင်ခြင်းကြောင့် Physical Health ကိုထိခိုက်စေခြင်း ၊ဓါတုပစ္စည်းများပါဝင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရေမသန့် ရှင်းခြင်းတို့ကြောင့် Chemical Health ကိုထိခိုက်စေခြင်း၊ ဇီဝပစ္စည်းများပါဝင်သည့် ကုန်ကြမ်းပစ္စည်းများ၊ ကုန်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများရှိ ဝန်ထမ်းများ သန့်ရှင်းမှုမရှိခြင်းကြောင့် Biology Health ကိုထိခိုက်စေခြင်းစသည်တို့ဖြစ်ပေါ်လျှင် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါကြောင်းနှင့် အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းစေရန် အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်း ဘဏ္ဍာရေးမှူး ဒေါ်အမာချိုမှ အသင်းသူ/အသင်း သားများအနေဖြင့် “မသေမချင်း မနေတတ်၍ ဒီအလုပ်လုပ်နေရ” စကားအတိုင်း စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် ပလတ်စတစ်များ အသုံးပြုခြင်းမှ လျှော့ချရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းမုန့်ဈေးတန်းတွင် ဘေးဥပဒ်အန္တရာယ်ကင်းသည့်မုန့်များကို ရောင်းချနိုင်ရန် ဈေးသည်များကို အသိပညာနှင့် ဗဟုသုတပေးရန် လိုအပ်ကြောင်း၊ စားသုံးသူပြည်သူများအနေဖြင့် အစားအသောက်များ စားသုံးရာတွင် ရွေးချယ်စားသုံးကြ ရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲ သို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေး အသင်း ဘဏ္ဍာရေးမှူးနှင့်တစ်ဦး၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းငါးကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း ၁၉ ကျောင်းတို့မှ ဆရာ/ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးရောင်း ချသူများ စုစုပေါင်း ၇၈ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးကြည်(စားသုံးသူ) ရန်ကုန်**

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် အောက်တိုဘာလတွင် စတင်မည်

မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် ဒိုင်ဝါကုမ္ပဏီတို့ပူးတွဲတည်ထောင်သည့် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကို လာမည့် အောက်တိုဘာလအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်အဆိုပါ ရန်ကုန်စတော့ အိတ်ချိန်းဈေးကွက်တွင် စတော့ရောင်းဝယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်မည့်ကုမ္ပဏီများအား လုပ်ငန်းများလုပ်ကိုင်နိုင်ရန် လျှောက်လွှာများ ခေါ်ယူထားကြောင်းသိရသည်။ အဆိုပါလျှောက်လွှာများကို ဖေဖော်ဝါရီ ၂၇ ရက်နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငွေကြေးသက်သေခံလက်မှတ် ကြီးကြပ်အုပ်ချုပ်ရေးကော်မရှင်က ပြောကြားခဲ့သည်။

အဆိုပါကော်မရှင်က ခွင့်ပြုမည့် ဝန်ဆောင်မှုလိုင်စင်လေးမျိုးမှာ အာမခံသူ၊ အရောင်းအဝယ်ပြုလုပ်သူ၊ အကျိုးဆောင်သူနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တို့ဖြစ်ပြီး လိုင်စင်တစ်မျိုးစီတွင် ရင်းနှီးမြှုပ်နှံမှုအဆင့် ကွဲပြားခြားနားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံငွေကြေးသက်သေခံလက်မှတ် ကြီးကြပ်အုပ်ချုပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကို ယခုနှစ်အောက်တိုဘာလတွင် စတင်မည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်ကုမ္ပဏီနှစ်ခုတို့ တည်ထောင်ထားသည့် ဖက်စပ်ကုမ္ပဏီတစ်ခုကလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာ့စီးပွားရေးဘဏ်က ရှယ်ယာ ၅၁ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး ဒိုင်ဝါကုမ္ပဏီက ၃၀ ဒသမ ၂၅ ရာခိုင်နှုန်း၊ ဂျပန်အိတ်ချိန်းဂရု(ပ်)က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်း ပိုင်ဆိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြမည့် စီးပွားရေးလုပ်ငန်းများသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးများ ရယူနိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် အဆိုပါလုပ်ငန်းများရှိ ရှယ်ယာများကို အရောင်း အဝယ်ပြုလုပ်နိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ငွေကြေးသက်သေခံလက်မှတ်ဆိုင်ရာ ဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လက ပြဋ္ဌာန်းခဲ့ပြီး ဆက်စပ်စည်းမျဉ်း စည်းကမ်းများကို ဆက်လက်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# အင်ဖာ-မန္တလေး မော်တော်ယာဉ်လိုင်း ပြေးဆွဲနိုင်ရေး မိုရေး-အင်ဖာလမ်းကြောင်းအား လေ့လာ

မဏိပူရပြည်နယ်၊ အင်ဖာမြို့နဲ့ မြန်မာနိုင်ငံ မန္တလေးမြို့တို့ကို မော်တော်ယာဉ်လိုင်းပြေးဆွဲရာမှာ အဝေးပြေး ကားလမ်းမကြီးဖောက်လုပ်နိုင်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ မဏိပူရကိုယ်စားလှယ်အဖွဲ့တို့ဟာ ဇန်နဝါရီလ ၁၂ ရက်နေ့က ကားလမ်းမကြီးကို စတင်ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ခဲ့တယ်လို့ ဇန်နဝါရီလ ၁၃ ရက်နေ့ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။

အင်ဖာနဲ့ မိုရေးမှာ ကီလိုမီတာ ၁၁၀ ကွာဝေးပြီး မိုရေးနဲ့ မန္တလေးမြို့တို့မှာ ၄၆၉ ကီလိုမီတာကွာဝေးပါတယ်။ မော်တော်ယာဉ်လိုင်းပြေးဆွဲသည့် အခါတွင် အိန္ဒိယ-မြန်မာနယ်စပ် တမူးမှာ ၂၈ ရက်ကြာ နေထိုင်ခွင့်ရှိတဲ့ ပြည်ဝင်ဗီဇာကို နှစ်နိုင်ငံအစိုးရတို့က ဆောင်ရွက်ပေး သွားမယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

အင်ဖာမှ မန္တလေးသို့ မော်တော်ယာဉ်လိုင်း ပြေးဆွဲမယ့်ကိစ္စနဲ့ စပ်လျဉ်းပြီး ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်တဲ့ တမူးခရိုင်အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး တစ်ဖက်နိုင်ငံကိုယ်စားလှယ်အဖွဲ့နဲ့ မိုရေး-အင်ဖာလမ်းကြောင်းအား လိုက်လံလေ့လာကြည့်ရှုခဲ့ကြပြီး တမူးမှ မန္တလေးထိ လမ်းကြောင်းကိုလည်း နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့က လိုက်လံလေ့လာကြည့်ရှုသွားမယ်လို့ သတင်းမှာဖော်ပြထားပါတယ်။

**နေထက်မင်း(တမူး)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅×၅၀) ပေ | အခန်းဖွဲ့ (ပ)ထပ် | ၉၅၀ သိန်း | | ၀၉/၂၅၀/၈၂၈၂၀၂ |
| ၂။ | မြေ | အင်းစိန်မြို့နယ်၊(က/ခ) ရပ်ကွက် | (၂၀×၆၀)ပေ | မြေသီးသန့် | ၈၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | မြေ | သာကေတမြို့နယ်၊ ရတနာအိမ်ရာ | (၈၀×၆၀)ပေ | မြေသီးသန့် | ၃၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | တိုက်ခန်း | ပုဇွန်တောင်၊(၅၁)လမ်း၊အပေါ်လမ်း | (၁၂.၅×၆၀)ပေ | ဟောတိုက် | ၁၃၅၀ သိန်း | | ၀၉/၂၅၀/၈၂၈၂၀၂ |
| ၅။ | အိမ်/မြေ | အင်းစိန်၊ ဂျပန်လမ်း | (၃၅×၆၅)ပေ | 2 RC | ၄၈၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | ကွန်ဒိုခန်း | သယ်န်းကျွန်း၊ သုဝဏ္ဏလမ်းဆုံ ရွှေအင်ကြင်းရိပ်မွန် | (၂၅၀၀)စ/ပေ | (၄)လွှာ၊ အဆင့်မြင့်ပြင်ပြီး | ၁၅ သိန်း | (တစ်လအငှားနှုန်း) | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း၊ (၁၄/၂)ရပ်ကွက် | (၃၇×၅၇)ပေ | BN (၁)ထပ် | ၂၇၅၀ သိန်း | (ကားဂိုဒေါင်ပါ) | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | လုံးချင်းအိမ် | သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ် | (၆၄၀၀)စ/ပေ | RC (၂)ထပ် MB (၃)ခန်း | ၃၈ သိန်း | (တစ်လအငှားနှုန်း) | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | ခြံမြေ | ပြင်ဦးလွင်မြို့ညောင်နီရွာအနီး | (၆၀×၁၈၀)ပေ | မြေသီးသန့် | ၂၅၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၈၄ |

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်သည့် ကားအမျိုးအစားများအား တင်သွင်းရာတွင် အခွန်ရာခိုင်နှုန်းများစွာ လျှော့ချပေးရန် လိုအပ်သည်ဟု ဆို

မြန်မာ့ကားဈေးကွက်တွင် ကားအမျိုးအစား အမျိုးမျိုးကို တင်သွင်းလျက်ရှိရာတွင် အိမ်စီးကားများ၏ ၈၀ ရာခိုင်နှုန်းမှာ ဓာတ်ဆီအင်ဂျင်သုံးကားများဖြစ်ပြီး ၁၈ရာခိုင်နှုန်းမှာ ဒီဇယ်အင်ဂျင် သုံးကားများဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ကားများနှင့် Hybrid သုံးအင်ဂျင်ကားများမှာ တစ်ရာခိုင်နှုန်းသာရှိကြောင်း Motor.com.mm ၏ စစ်တမ်းကောက်ယူမှုများအရ သိရသည်။

ရောင်းချမည့်လုပ်ငန်းသုံး မော်တော်ယာဉ်များတွင်မူ ၇၉ ရာခိုင်နှုန်းက ဒီဇယ်အင်ဂျင်သုံး ကားများဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ ဓာတ်ဆီအင်ဂျင်သုံးကားများဖြစ်ကြောင်း သိရသည်။ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ကားများမှာ ဈေးကွက်အတွင်း တစ်ရာခိုင်နှုန်းကိုရရှိထားကြောင်း တွေ့ရသည်။

ယခုအခါတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေး လုပ်ဆောင်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့်ကားများ တင်သွင်းခြင်းထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနည်းပါးသည့်ကားများကို တင်သွင်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည်ဖြစ်သည်ဟု ဆို သည်။

မြန်မာ့ကားဈေးကွက်အတွင်း Hybrid ကားများတင်သွင်းမှုနှင့်ပတ်သက်၍ Motor.com.mm ၏ Country Manger ဖြစ်သူ Ms. Rianne Roggema က "Hybrid ကားတွေဟာ ကမ္ဘာကြီးပူနွေးလာစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးပါတယ်။ မြန်မာနိုင်ငံဟာ အရင်တုန်းကလိုမဟုတ်ဘဲ ရာသီဥတု ဖောက်ပြန်မှုတွေ ဒီနှစ်ပိုင်းမှာ တော်တော်များလာတာကို တွေ့ရပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ သစ်တောပြုန်းတီးမှုတွေကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ပေးနိုင်ဖို့ Hybrid ကားတင်သွင်းမှုအပေါ် ပံ့ပိုးပေးသင့်ပါတယ်။ Hybrid ကားအသစ်တွေကို တင်သွင်းတဲ့အခါမှာ အခွန်ရာခိုင်နှုန်းများစွာ လျှော့ပေးတာမျိုးတွေကို ပြုလုပ်ပေးသင့်သလို Hybrid ကားတွေရဲ့ အဓိကအခက်အခဲဖြစ်တဲ့ ဘက်ထရီလဲလှယ်မှုစတဲ့ အပိုပစ္စည်းရရှိနိုင်မှုအခြေအနေတွေကိုပါ အပြည့်အဝ ပံ့ပိုးသင့်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးနိုင်သည့် Hybrid ကားအမျိုးအစားများ ထုတ်လုပ်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးက ကူညီပံ့ပိုးပေးနေပြီး ကားကုမ္ပဏီများကလည်း Hybrid ကားများကို ထုတ်လုပ်လျက်ရှိသည်။

စတင်ထုတ်လုပ်သည်မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ကမ္ဘာတစ်ဝန်းတွင် Hybrid ကားအစီးရေ ကိုးသန်းကျော် ရောင်းချခဲ့ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်အတွင်း Hybrid ကား အစီးရေခြောက်သိန်းကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါစီအာဗီ (2002) | ယာယီ | ၁၅၀ သိန်း | (၂.၀ ဓာတ်ဆီ) |
| ၂။ | ဂရင်းစတားရက် (2009) | ယာယီ | ၂၁၀ သိန်း | |
| ၃။ | နယူးစတားရက် (2007) | ယာယီ | ၁၄၅ သိန်း | |
| ၄။ | တိုယိုတာ (အာလ်ဖတ်) (2004) | ယာယီ | ၂၄၀ သိန်း | ၃.၀ ဓာတ်ဆီ |
| ၅။ | တိုယိုတာ(ဗုရှ်) (2003) | ယာယီ | ၁၆၅ သိန်း | ၁.၈ ဓာတ်ဆီ |
| ၆။ | ကာလ်ဒီနာဗင် (2004) | ယာယီ | ၁၂၈ သိန်း | ၁.၈ ဒီဇယ် |
| ၇။ | နီဆန်း(၂ ခန်းပစ်ကပ်) (2014) | ယာယီ | ၃၅၀ သိန်း | |
| ၈။ | ကလူဂျာ (2002) | ယာယီ | ၁၉၅ သိန်း | ၂.၄ ဓာတ်ဆီ |
| ၉။ | အစ်(ပ်)ဆန် (2001) | ယာယီ | ၁၅၀ သိန်း | ၂.၄ ဓာတ်ဆီ |
| ၁၀။ | စူဇူကီးကယ်ရီထရပ် (2005) | ယာယီ | ၇၀ သိန်း | |

SN

## သင့်ကျန်းမာရေး



# အရေပြား ကင်ဆာ

## ဒေါက်တာလွင်သန့်

အမည်းရောင်အရေပြားကင်ဆာ (၄)မျိုးခွဲနိုင်တယ်။ (၁) အပေါ်ယံရှပ်ပြီး ပျံ့နှံ့တဲ့ အမျိုးအစား(-) (၂) အကျိတ်ဖြစ် နေတဲ့အရေပြားကင်ဆာ (၃) အညိုကွက်ကစပြီး၊ အမည်းရောင်အရေပြားကင်ဆာနှင့် (၄)ခြေလက်တို့မှာဖြစ်တဲ့ အညိုကွက် အမည်းရောင်အရေပြားကင်ဆာတို့ ဖြစ်တယ်။

(၁) အပေါ်ယံရှပ်ပြီးပျံ့နှံ့တဲ့ အမျိုးအစားက လူဖြူများမှာ အဖြစ်များတယ်။ အမည်းရောင် အရေပြားကင်ဆာရဲ့ ၇၀ ရာခိုင်နှုန်းဖြစ်တယ်။ အရွယ်ရောက်ပြီးသူများမှာအဖြစ်များလို့ ခန္ဓာကိုယ်အနှံ့ဖြစ်နိုင်တယ်။ ကျောဘက်မှာဖြစ်နိုင်ပြီး အမျိုးသမီးများ ခြေသလုံးမှာ အဖြစ် များတယ်။

(၂) အကျိတ်ကဲ့သို့ဖြစ်နေတဲ့ အမည်းရောင်ကင်ဆာဟာ အမည်းရောင် အရေပြားအားလုံးရဲ့ (၁၅-၃၀ ရာခိုင်နှုန်း) ရှိတယ်။ အမိုးခုံးသဏ္ဍာန်ရှိတဲ့ အဖုအကျိတ်နာဖြစ်ပြီး အညှာရှိတယ်။ ကိုယ်ခန္ဓာအနှံ့ဖြစ်နိုင်တယ်။ အညိုရင့်ရောင် (သို့) နီညိုရောင်ရှိတယ်။ အရောင်မရှိဘဲဖြစ်နိုင်တယ်။ အကျိတ်ကဲ့သို့ အမည်းရောင် အရေပြားကင်ဆာဟာ စဖြစ်တာနဲ့ အရေပြားအတွင်းလွှာကို လျင်မြန်စွာဖောက်ထွင်းဝင်ရောက်စေတယ်။ ယင်းတို့ဟာ သွေးရည်ဖုများ၊သွေးများမှဲ့များနဲ့အဖု၊ အကျိတ်၊ အသားပိုများနဲ့ ဆင်တူမှားယွင်းတတ်တယ်။

(၃) အညိုကွက်မှ စလို့ဖြစ်တဲ့ အမည်းရောင်အရေပြားကင်ဆာဟာ ၄-၁၀ ရာခိုင်နှုန်း ရှိတယ်။ ကင်ဆာဖြစ်နိုင်တဲ့ အညိုကွက်စတင်ပြီး မကုသဘဲထားရင် နှစ်ပေါင်းများစွာ အပေါ်ယံ အရေပြားလွှာအတွင်း ရေပြင်ညီ ပျံ့နှံ့နေတတ်တယ်။ အရေပြားရဲ့ အောက်လွှာအတွင်းထိုးဖောက်ဝင် ရောက်ပြီး ဒေါင်လိုက်ကြီးထွားကာ အညိုကွက်မှစပြီး ဖြစ်ပေါ်တဲ့ အမည်းရောင် အရေပြားကင်ဆာဖြစ်လာတယ်။ အဖု၊ အကျိတ်တွေ့ရတယ်။

(၄) ခြေ၊ လက်တို့မှာ ဖြစ်တဲ့အညိုကွက်မှဖြစ်လာတဲ့ အမည်းရောင်အရေပြား ကင်ဆာဟာ အရေပြားအားလုံးရဲ့ ၂-၈ ရာခိုင်နှုန်းရှိတယ်။ လက်ဖဝါး၊ ခြေဖဝါး၊ လက်ဆစ်၊ ခြေဆစ်များ၊ လက်သည်း၊ ခြေသည်းအောက်မှာ ဖြစ်တယ်။ အခြားအမည်းရောင် အရေပြားကင်ဆာနဲ့မတူပဲ လူမျိုးစုအားလုံးမှာ ဖြစ်ပွားတာတူတယ်။ အခြားလည်းရှိနိုင် သေးတယ်။

**ကုသပါ။** အမည်းရောင်အရေပြား ကင်ဆာနဲ့ဆင်တူတဲ့ ကင်ဆာမဟုတ်တဲ့ အနာ (အသားမာဖုများ ရှိနိုင်ပါတယ်) ကင်ဆာဖြစ်နိုင်တဲ့ အညိုကွက်များဟာ များသောအားဖြင့် နေရောင်ခြည်ဒဏ် ခံရနိုင်တဲ့နေရာဖြစ်တဲ့ အသက်ကြီးပိုင်းလူတို့ရဲ့ ဦးခေါင်း၊ လည်ပင်း၊ ခြေ၊ လက်တို့မှာဖြစ်တယ်။ ကင်ဆာဖြစ်နိုင်တဲ့ အညိုကွက်များ၊ မြုံနေတဲ့ အမည်းရောင် အရေပြားကင်ဆာများဖြစ်ရင်၊ ချက်ချင်းဖြတ်ထုတ်ပစ်ရမယ်။ ကင်ဆာဆေး ကျွေးရမယ်။ ဓာတ်ရောင်ခြည်ကင်ရမယ်။

ပုံမှန်မဟုတ်တဲ့ မှဲ့များက အမည်းရောင် အရေပြားကင်ဆာဖြစ်သွားတတ်တယ်။ အချင်းခြောက်မီလီမီတာ အဖုများဖြစ်ပြီး၊ အရေအတွက်များ စွာရှိတယ်။ အချင်းမှာ ၆ မီလီမီတာအထိရှိတတ်တယ်။ ကျောက်စရစ်ခဲ မျက်နှာပြင်လိုရှိနေပြီး အနက်ရောင်၊ အညိုရောင်၊ အနီနှင့်ပန်းရောင်ရောနေတဲ့အရောင်ဖြစ်တယ်။ အရောင် ပြောက်ကျား၊ အမည်း(သို့)မီးခိုးနေရာကွက်ကျားဖြစ်လာတယ်။ မျိုးရိုးလိုက်ပြီး တွေ့ရသလို မှဲ့များအနေနဲ့တွေ့ရတယ်။

**ကာကွယ်ခြင်း။** အရေပြားကင်ဆာ ကာကွယ်ဖို့ နေရောင်ကတိုက်ရိုက်လာတဲ့ ခရမ်းလွန်ရောင်ခြည်ဒဏ်မကျရောက်အောင် အပူချိန်၁၀၁ ဒီဂရီဖာရင်ဟိုက်ရှိတဲ့နေပူထဲထွက်ရင်၊ အမိုး၊ အကာ၊ အအုပ်အဆောင်းနဲ့ သွားသင့်တယ်။ နေရောင်ထဲအလုပ်လုပ်သူများ မှာ ပိုမိုဖြစ်နိုင်ဖို့ အခွင့်အရေးများလို့ နေရောင်ခံမိတ်ကပ်၊ သနပ်ခါးလိမ်း ထားသင့်တယ်။ အင်္ကျီပွပွချောင်ချောင်ဝတ်ပြီး၊ ထီး(သို့)ဦးထုပ်ဆောင်းရမယ်။ နေရောင်ထိတွေ့ပြီး နှစ်နာရီကြာတိုင်း တစ်ကြိမ်လိမ်းပေးရမယ်။ ခရမ်းလွန်ရောင်ခြည် ခံနိုင်ရည်ရှိတဲ့ မျက်မှန်များ ဝတ်ဆင်ရမယ်။ နေရောင်ခံပြီးပါက ထပ်လိမ်းခြင်းလုပ်ပေးရမယ်။ အရေပြားကင်ဆာကာကွယ်ခြင်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်လို့ နေပူထဲထွက် ရင် အလုပ်လုပ်ရင်သုံးသင့်ပါတယ်။ တမင်တကာနေရောင်ခြည်ခံခြင်း၊ နေလှုန်းခြင်း ရှောင်ရမယ်။ အလှပြင်ခန်းများ အသားညိုရောင်လုပ်ပေးရင် ယင်းကိုရှောင်ရမယ်။ ရောဂါကို မရင့်မီကုသသင့်တယ်။



# တစ်ပတ်လျှင် အလုပ်ချိန် ၄၈ နာရီထက် ပို၍ အလုပ်လုပ်သောသူများသည် အရက်အလွန်အကျွံသောက်သုံးသူများကဲ့သို့ အသက်အန္တရာယ် ထိခိုက်နိုင်

တစ်ပတ်လျှင် အလုပ်ချိန် ၄၈ နာရီထက်ပို၍ အလုပ်လုပ်သောသူများသည် အရက်အလွန်အကျွံ သောက်သုံးသူများကဲ့သို့ အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူများက လေ့လာတွေ့ရှိထားကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

တစ်ပတ်လျှင် အရက် ၁၄ခွက်ကျော်သောက်သုံးသည့် အမျိုးသမီးများနှင့် တစ်ပတ်လျှင်အရက် ၂၁ခွက်ကျော် သောက်သုံးသည့် အမျိုးသားများသည် အသည်းရောဂါ၊ ကင်ဆာရောဂါ၊ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ ရောဂါပြဿနာများကို ခံစားရမည်ဖြစ်ကြောင်း ဆေးပညာရပ်ဆိုင်ရာကျွမ်းကျင်သူများက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ တစ်ပတ်လျှင်အလုပ်ချိန် (အချိန်ပိုအလုပ်ချိန်များအပါအဝင်) ၄၈ နာရီကျော်ကြာ အလုပ်လုပ်သောသူများသည်လည်း အရက်အလွန်အကျွံ သောက်သုံးသည့်သူများကဲ့သို့သော ရောဂါဝေဒနာများကို ခံစားရနိုင်ကြောင်းဖြင့် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို ကိုးကား၍ ဖော်ပြခဲ့ကြသည်။

ဥရောပဒေသတွင် အလုပ်လုပ်ချိန်ကိုအချိန်ပိုအလုပ်ချိန်များအပါအဝင် တစ်ပတ်လျှင် ၄၈နာရီသာ ပေးထားသည်။ သို့သော် တချို့သောနိုင်ငံများတွင် အလုပ်လုပ်ကိုင်ကြသည့် အလုပ်သမားများသည် လုပ်ခလစာများ တိုးတက်ရရှိရန် သို့မဟုတ် ရာထူးတိုးရာတွင် လျင်မြန်စေရန် သို့မဟုတ် အလုပ်များ အလျင်အမြန် ပြီးမြောက်စေရန် တို့အတွက် အလုပ်ချိန်များကို ပိုမိုလုပ်ကိုင်ကြသည်ကိုတွေ့ရှိနေရကြောင်းဖြင့် အဆိုပါလေ့လာသူတို့က ရေးသားဖော်ပြထားသည်။

အဆိုပါလေ့လာချက်များအရ အလုပ်ချိန်ကြာရှည်မှုကြောင့် ဖြစ်ပေါ်လာသည့် ရောဂါများသည်အရက်ကို အလွန်အကျွံသောက်သုံးမှုကြောင့် ရောဂါများဖြစ်ပွားရမှုနှင့် တူညီဆက်စပ်နေကြောင်းဖြင့် ပြောကြားခဲ့သည်။

တစ်ပတ်လျှင် အလုပ်ချိန် ၄၉ နာရီမှ ၅၄ နာရီကြား အလုပ်လုပ်သောသူများသည် ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်များကျဆင်းခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ ဆုံးဖြတ်ချက်များမှားယွင်းခြင်းနှင့် လုပ်ငန်းခွင်မတော်တဆဖြစ်ခြင်းများ စသည့် အန္တရာယ်များနှင့်လည်း ကြုံတွေ့ရနိုင်ကြောင်းဖြင့် Finnish Institute of Occupational Health မှ ပရော်ဖက်ဆာ မာရီအန်နာဗီတာရန်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# ဂျာမနီနိုင်ငံတွင် ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးအသစ် H5N8 ကို တွေ့ရှိ

ဂျာမနီနိုင်ငံတွင် ငှက်တုပ်ကွေး ဗိုင်းရစ်စ်ပိုးအသစ်ဖြစ်သည့် H5N8 ကို တွေ့ရှိခဲ့ရကြောင်းဖြင့် ဂျာမနီနိုင်ငံ ပြည်တွင်းမီဒီယာများက ဖော်ပြထားချက်ကို ကိုးကား၍ စီအန်န်အေသတင်းတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံမှ အွန်လိုင်းမီဒီယာတစ်ခုဖြစ်သည့် Spiegel Online က အဆိုပါငှက်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သည့် ဗိုင်းရပ်စ်ပိုးအသစ် တစ်မျိုးကို ရော့စ်တော့တိရစ္ဆာန်ဥယျာဉ်တွင် တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါတိရစ္ဆာန်ဥယျာဉ်သည် ဂျာမနီနိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် မာလင်ဘတ်ဂ်မြို့တွင်ရှိကြောင်း၊ ယင်းတိရစ္ဆာန်ဥယျာဉ်မှ ငှက်တုပ်ကွေးရောဂါကို ဖြစ်ပွားနိုင်သည့် အမြင့်ဆုံးသော ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးဖြစ်သည့် H5N8 ကို တွေ့ရှိခဲ့ရကြောင်းဖြင့် ရော့စ်တော့မြို့တော်ရှိ အုပ်ချုပ်မှုရုံး၏ ပြောကြားချက်ကို ကိုးကားပြီး ဖော်ပြထားသည်။

အဆိုပါဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် ဘဲနှစ်ကောင်မှာ ချက်ချင်းသေဆုံးသွားကြကြောင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ကြ သည်။

ယင်းဗိုင်းရပ်စ်ပိုးသည် လူများကို ကူးစက်နိုင်ခြင်း ရှိ၊ မရှိကို မသိရှိရသေးသော်လည်း လူတို့အနေဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသွားသည့် ကြက်များ ဘဲများ စသည့်တိရစ္ဆာန်များ စားသုံးခြင်းကိုရှောင်ကြဉ်ကြရန်နှင့် မိမိပတ်ဝန်းကျင်တွင် ယင်းကဲ့သို့ တိရစ္ဆာန်သေဆုံးမှုများရှိခဲ့ပါက ဒေသဆိုင်ရာအာဏာပိုင်များသို့ အကြောင်းကြားစေလိုကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၉-၁-၂၀၁၅ မှ ၂၅-၁-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးအခြေအနေများ တိုးတက်သည့်သဘော ရှိနေတတ်ပါသည်။ အလုပ်အကိုင်ကောင်းမွန်၍ငွေကြေးကံကောင်းနေမည်။ ရေနံနှင့်ပတ်သက်သော ဓာတ်ဆီ၊ ဓာတ်ငွေ့လုပ်ငန်းများ အကျိုးဖြစ်ထွန်းနိုင်သည့်ကာလ ဖြစ်ပါသည်။ ပညာရေးနှင့်စီးပွားရေးရောနှောနေတတ်သည်။ ဉာဏ်စွမ်းရည်နှင့် ဝီရိယပေါင်းစပ်ဖို့ လိုအပ်ပါသည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောထိုးအကြောတင်ဝေဒနာများခံစားရတတ်သည်ကိုသတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်စိတ်သဘောကွဲလွဲမှုများနှင့်သံသယများ ရောထွေးနေတတ်ပါသည်။

**ယတြာ။ သံဃာတော်နှင့် သီလရှင်အားထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** ပါးနပ်သော စီးပွားရေးဝန်းကျင်မှ လူများနှင့် တွေ့ဆုံလျှင်အကျိုးစီးပွား အမြတ်အစွန်းအတွက် သင့်ကိုခုတုံးလုပ်တတ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင်ရေနှင့်ရေထွက်ပစ္စည်းများ၊ ဝင်ငွေကောင်းပြီးစီးပွားဖြစ်ထွန်းမည့်ကာလ ဖြစ်သည်။ ပညာရေးတွင် မိမိရွေးချယ်သင်ယူသော ပညာရပ် ထူးချွန်လိမ့်မည်။ ကျန်းမာရေးတွင် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိနေတတ်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် တက်ညီလက်ညီပျော်ရွှင်စွာ စီးပွားရှာရလိမ့်မည်။

**ယတြာ။ အပေါင်းအသင်းများကိုလက်ဖက်သုတ်နှင့် ရေနွေးကြမ်းတိုက်ကျွေးပါ။**



**အင်္ဂါသားသမီးများအတွက်** အနှောင့်အယှက်များ၊ အပြိုင်အဆိုင်များနှင့် ရင်ဆိုင်ဖြေရှင်းရင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ အရင်းအနှီးများ စွန့်စားမှုပြုလုပ်ရတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ဂျုံ၊ ပြောင်း၊ စားသောက်ကုန်များ အကျိုးဖြစ်ထွန်းမှုအားကောင်းပါလိမ့်မည်။ ပညာရေးတွင် ဉာဏ်စွမ်းရည်နှင့် ဝီရိယပေါင်းစပ်ဖို့လိုလိမ့်မည်။ အချစ်ရေးတွင် ကံမကောင်းတတ်ပါ။ ကျန်းမာရေးအနေဖြင့် အစာအိမ်နှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ဘုရားတွင်ဆီမီးတိုင်များပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေး အောင်မြင်တိုးတက်ရန်အတွက် လုပ်ငန်းများပုံမှန်လည်ပတ်နိုင်ရန်ကြိုးစားရတတ်သည်။ စီးပွားရေးလုပ်ငန်းခွင်တွင် လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ် ရေးပစ္စည်းများ အမြတ်အစွန်း ရရှိနေတတ်ပါသည်။ ပညာရေးတွင် စိတ်အေးအေးထားပြီး သေချာစွာဂရုစိုက်လျှင်အောင်မြင်မှုရရှိနေပါလိမ့်မည်။ ကျန်းမာရေးတွင် အစာအိမ်ရောဂါ၊ လေထိုး လေအောင့် ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မေတ္တာတရားကို ရင်ဝယ်ပိုက်ထွေးနေတတ်သည်။

**ယတြာ။ ၂၄ ပစ္စည်း (ပဌာန်း) ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** မိမိ၏ စွမ်းဆောင်ရည်နှင့်ပြီးစီးအောင်မြင်နိုင်သော်လည်း မိတ်ဆွေကောင်းတို့၏ စေတနာဖြင့်ကူညီမှု ပြုပြီးကြိုးစားအားထုတ်မှုတို့ကြောင့် အမြတ်များရရှိနေတတ်ပါသည်။ ပညာရေးကံကောင်းပါသည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောရောဂါ၊ မျက်စိ ရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အကောင်းအဆိုး ရောထွေးနေရတတ်သည်။

**ယတြာ။ အပေါင်းအသင်းများကို ဘယာကြော်ကျွေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်နေတတ်ပါသည်။ လုပ်ငန်းတစ်ခုတည်းမဟုတ်ဘဲ ဖြန့်ကြက်၍ လုပ်နေရတတ်သည်။ ပညာရေးတွင်သူများထက် ပိုအောင်မြင်လိမ့်မည်။ အချစ်ရေးတွင် အချစ်စစ်အချစ်မှန်ရှာမတွေ့သေးပါ။ အိမ်ထောင်ရေးတွင် တကျက်ကျက်ဖြစ်နေရတတ်သည့်သဘော ရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဆီး၊ ကျောက်ကပ် စသည့် ရောဂါခံစားရမည်ဖြစ်ပါသည်။

**ယတြာ။ ဘုရားကိုသစ်သီးဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေရာတွင် အရင်းအနှီးများ စွန့်စားမှုပြုလုပ်ရတတ်သည်။ ရွှေ၊ ငွေ ကျောက်မျက်ရတနာ စသည်တို့နှင့် အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အောင်မြင်မှုရနေမည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်နုံးချိနွမ်းနယ်ခြင်း၊ အာရုံကြောရောဂါတို့ ဖြစ်တတ်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေး ကံမကောင်းသေးပါ။

**ယတြာ။ ဘုရားကိုရောင်တော်ဖွင့်ပေးပါ။**

# တမာဆီယူရီးယားမြေသြဇာသည် သီးနှံအထွက်တိုးရေးအတွက် အထောက်အကူဖြစ်

တမာဆီ ပက်ဖျန်းထားတဲ့ ယူရီးယားမြေသြဇာကို အသုံးပြုခြင်းဖြင့် သီးနှံအထွက်တိုးရေးကို အထောက်အကူဖြစ်စေကြောင်း အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး ရာဒါမိုဟန်ဆင်းဂ်က ဘင်ဂါလုရုမှာပြုလုပ်တဲ့ တမာဆီ ယူရီးယားမြေသြဇာ (Neam coated Urea) မိတ်ဆက်ပွဲအခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။ ယူရီးယား ဓာတ်မြေသြဇာမှာ ပါဝင်တဲ့ နိုက်ထရိုဂျင်ကို အပင်များက အပြည့်အဝစုပ်ယူနိုင်စွမ်းမရှိတဲ့အတွက် လေလွင့်ဆုံးရှုံးမှုများ ရှိနေပါတယ်။ တမာဆီ အုပ်ထားတဲ့ယူရီးယားကို အသုံးပြုခြင်းအားဖြင့် ယူရီးယားသုံးစွဲမှုကို လျှော့ချပေးနိုင်မယ်လို့ ဆိုပါတယ်။ ယူရီးယားသုံးစွဲမှုကို လျှော့ချနိုင်ခြင်းအားဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချပေးရာရောက်ပါတယ်။ အိန္ဒိယနိုင်ငံဟာ နှစ်စဉ်ဓာတ်မြေသြဇာတန်ချိန် သိန်း ၄၀ မှ ၆၀ အထိ ပြည်ပမှ တင်သွင်းနေရပါတယ်။ ဒါကြောင့် တမာဆီ အုပ်ထားတဲ့ ယူရီးယားကို အသုံးပြုခြင်းအားဖြင့် နိုင်ငံခြားငွေ ချွေတာရာရောက်စေမယ်လို့ ဆင်းဂ်က ပြောပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့ကျစေနိုင်ကြောင်း၊ ယခုကဲ့သို့ အသုံးပြုခြင်းအားဖြင့် မြေဆီလွှာကို တာရှည်ထိန်းသိမ်းနိုင်စေတယ်လို့လည်း ဖြည့်စွက် ပြောကြားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ တမာကို မြေသြဇာအဖြစ်အသုံးပြုနေတာ ၁၀ စုနှစ်များစွာ ရှိနေပြီဖြစ်ပါတယ်။ တမာပင်ကရတဲ့ မြေသြဇာနဲ့ အိန္ဒိယစိုက်ပျိုးရေးသမားတွေဟာ ရှေးယခင်ကပင် မိတ်ဆွေတွေဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ပန်းမာလ်ဥယျာဉ် စိုက်ပျိုးသူများအနေဖြင့်လည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ ခေတ်မီနည်းပညာများနဲ့ စက်ပစ္စည်းကိရိယာများကို သုံးစွဲစိုက်ပျိုးထုတ်လုပ်ကြရန် စိုက်ပျိုးရေးဝန်ကြီးက တိုက်တွန်းပြောကြားခဲ့တယ်လို့ သတင်းများမှာဖော်ပြထားပါတယ်။

**CMK**

# ကသာ သကာရည်ဈေးကွက်

“ဒီမှာတော့ ကြံကိုလွန်ခဲ့တဲ့ တစ်လလောက်ကတည်းက စခုတ်ခဲ့ပါတယ်။ တစ်ဧက ၂၈ တန်လောက် ထွက်မယ်။ အချောင်းလိုက် ထီးချိုင့်မြို့နယ်၊ မောင်းကုန်းသကြားစက်ကို တင်ပို့တယ်။ ကြံတစ်တန် ၄၀၀၀၀ ကျပ်ဈေးရတယ်ဆိုပေမယ့်၊ ခုတ်ခ ၃၅၀၀၊ ကားတင်ခ ၂၅၀၀၊ ဟိုအရောက်ကားခ ၁၆၅၀၀ ကို တောင်သူက ကုန်ကျခံရတာဆိုတော့ တစ်တန်အမြတ် ၁၇၅၀၀ ကျပ်ပဲ ရှိပါတယ်။ တချို့ကို ဒီမှာပဲ သကာရည်ချက်ပြီး မန္တလေးကိုတင်ပို့တယ်။ ကြံချက်ဖို ၈-၁၀ ခုလောက်ရှိမယ်။ ကြံကြိတ်ခုံတချို့လည်း ပိုကောင်းအောင် ပြုပြင်နေကြတုန်းပဲ။ လွန်ခဲ့တဲ့လဝက်က တစ်ရက်ကို ၄-၅ ပိုင်းလောက်တင်ပို့နိုင်ခဲ့တယ်။ ခုတော့ ၁၅၀၀-၂၀၀၀ လောက်ရှိနေပါပြီ။ နှစ်စဉ်တော့ ပိဿာချိန် ၅၁ သိန်းကျော်ပါတယ်။ အရင်တစ်ပတ်က ထက် ပွက်ရည်ဈေး ၂၀ ကျပ်တက်ခဲ့လို့ ခုဆိုတစ်ပိဿာ ၄၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်”လို့ ကြံတောင်သူတစ်ဦးကပြောပါတယ်။

**စွမ်းရည်-ကသာ**

# ဈေးအေးပေမယ့် ပုံမှန်အရောင်းအဝယ်ရှိနေတဲ့ မန်းသကြား

မန္တလေးမြို့ သကြားကုန်စည်ဒိုင် (မြန်မာနိုင်ငံသကြား၊ သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) သကြား၊ သကာရည်နဲ့ စက်ကျရည်များကို အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များ စက်ပိုင်များ လာရောက် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှာ သကာပွက်ရည် တစ်ပိဿာ ၄၉၀ ကျပ်မှ ၅၁၀ ကျပ်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်ပြီး စက်ကျရည် တစ်ပိဿာ ၃၈၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ သကြား A ၈၂၀ ကျပ်၊ သကြား B ၈၀၀ ကျပ်၊ သကြား C ၇၉၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

သကာပွက်ရည်ဈေးအေးမှုနဲ့အတူ သကြားဈေးနှုန်းလည်း အေးလျက်ရှိပါတယ်။ ဒီဇင်ဘာလလယ်မှစပြီး ဈေးကွက်ဝင်လာတဲ့ သကာပွက်ရည်များ ယခုလမှာ လှိုင်လှိုင်ပေါ်လာတဲ့အတွက် ဈေးနှုန်းအနည်းငယ် အေးတာကြောင့် အဲဒီပွက်ရည်အပေါ် မူတည်တဲ့ သကြားဈေးလည်း ကျဆင်းရတာဖြစ်ကြောင်း၊ တရုတ်မှလည်း သကြား (အကြမ်း) များကို မှာယူဝယ်ယူမှုလည်းရှိကြောင်း ပြည်တွင်းမုန့်မျိုးစုံလုပ်ငန်း၊ နို့ဆီချက်လုပ်ငန်း၊ အရက်ချက်လုပ်ငန်း၊ အချိုရည်လုပ်ငန်းများမှ အဓိက ဝယ်ယူမှုရှိကြောင်း တစ်ရက်ကို ပျမ်းမျှပိဿာ ၃၀ အိတ် ၄၅၀၀ မှ ၆၀၀၀ အိတ်ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ သကြားဈေးအေးပေမယ့် အရောင်းအဝယ် ပုံမှန်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**



# ဖရဲ၊ လိမ္မော် စုံလင်စွာ တင်ပို့နိုင်တဲ့ ဒို့မြန်မာ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၅ ဇန်နဝါရီလ ၁ ရက်မှ ၁၀ ရက် တာကာလအတွင်း ကန်ဒေါ်လာ ၅ ဒသမ ၅၂၀ သန်းတန်ဖိုးရှိ ဖရဲသီး ၄၃၅၄၁ တန်၊ ကန်ဒေါ်လာ ၁ ဒသမ ၂၀၁ သန်းတန်ဖိုးရှိ သခွားမွှေး ၅၈၈၉ တန်ခွဲ ကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းတန်ဖိုးရှိ ဆီးသီး တန် ၁၅၀၀ နဲ့ ကန်ဒေါ်လာ ၅၂၅ တန်ဖိုးရှိ အုန်းသီး ၃ တန်ခွဲကို လည်းကောင်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၃၃၅ တန်ဖိုးရှိ ဖရဲသီး ၁၈ တန်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၄၃၂၇ တန်ဖိုးရှိ လိမ္မော်သီး ၁၃၂ တန်ကိုလည်းကောင်း အသီးသီးတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

# မြို့ကြီးများ၏ ၁၉-၁-၂၀၁၅ မှ ၂၃-၁-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၁-၂၀၁၅) | အင်္ဂါ(၂၀-၁-၂၀၁၅) | ဗုဒ္ဓဟူး(၂၁-၁-၂၀၁၅) | ကြာသပတေး(၂၂-၁-၂၀၁၅) | သောကြာ(၂၃-၁-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၃၀%<br>၂၈°C/၈၃°F | နေသာ<br>၃၀°C/၈၆°F | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၈°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၂°C/၉၁°F | တိမ်အသင့်အတင့်<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၂°C/၉၀°F |
| မန္တလေးမြို့ | နေသာ<br>၂၇°C/၈၀°F | နေသာ<br>၂၈°C/၈၂°F | နေသာ<br>၂၉°C/၈၅°F | နေသာ<br>၃၀°C/၈၆°F | နေသာ<br>၃၀°C/၈၆°F |
| မြစ်ကြီးနား | နေသာ<br>၂၃°C/၇၄°F | နေသာ<br>၂၄°C/၇၅°F | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၆°C/၇၈°F |
| လားရှိုး | ၅၀%<br>၁၈°C/၆၅°F | တိမ်အသင့်အတင့်<br>၂၁°C/၇၀°F | နေသာ<br>၂၃°C/၇၃°F | နေသာ<br>၂၃°C/၇၄°F | နေသာ<br>၂၃°C/၇၃°F |
| ကျိုင်းတုံ | ၇၀%<br>၂၀°C/၆၈°F | တိမ်အသင့်အတင့်<br>၂၄°C/၇၅°F | တိမ်အသင့်အတင့်<br>၂၄°C/၇၆°F | တိမ်အသင့်အတင့်<br>၂၆°C/၇၉°F | တိမ်အသင့်အတင့်<br>၂၆°C/၇၈°F |
| လွိုင်ကော် | ၆၀%<br>၂၂°C/၇၂°F | နေသာ<br>၂၄°C/၇၆°F | နေသာ<br>၂၅°C/၇၇°F | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၆°C/၇၈°F |
| တောင်ကြီး | ၆၀%<br>၁၇°C/၆၃°F | နေသာ<br>၁၉°C/၆၆°F | နေသာ<br>၂၁°C/၆၉°F | နေသာ<br>၂၁°C/၇၀°F | နေသာ<br>၂၁°C/၆၉°F |
| မော်လမြိုင် | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၈၉°F |
| ဘားအံ | နေသာ<br>၃၁°C/၈၈°F | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၂°C/၈၉°F |
| တောင်ငူ | ၃၀%<br>၂၉°C/၈၅°F | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၉၀°F | နေသာ<br>၃၁°C/၈၈°F |
| မုံရွာ | နေသာ<br>၂၆°C/၇၈°F | နေသာ<br>၂၈°C/၈၂°F | နေသာ<br>၂၉°C/၈၄°F | နေသာ<br>၂၉°C/၈၅°F | နေသာ<br>၃၀°C/၈၆°F |
| ပုသိမ် | နေသာ<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၃°C/၉၁°F | နေသာ<br>၃၂°C/၉၀°F |
| မြိတ် | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၇°F | တိမ်အသင့်အတင့်<br>၃၁°C/၈၈°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၁°C/၈၈°F |
| စစ်တွေ | နေသာ<br>၂၇°C/၈၀°F | နေသာ<br>၂၇°C/၈၁°F | နေသာ<br>၂၈°C/၈၂°F | နေသာ<br>၂၈°C/၈၃°F | နေသာ<br>၂၈°C/၈၂°F |
| မကွေး | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၁°C/၈၇°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၈၉°F | နေသာ<br>၃၂°C/၈၉°F |
| ဖလမ်း | နေသာ<br>၁၇°C/၆၂°F | နေသာ<br>၁၈°C/၆၄°F | နေသာ<br>၁၉°C/၆၇°F | နေသာ<br>၂၁°C/၆၉°F | နေသာ<br>၂၁°C/၇၀°F |



## အိန္ဒိယနိုင်ငံတစ်ဝန်း အအေးလှိုင်းများဖြတ်သန်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ကျောင်းများ ပိတ်ထားခဲ့ရ

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အအေးလှိုင်းများ ဖြတ်သန်းမှုကြောင့် နှင်းများ ထူထပ်စွာကျရောက်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ အအေးလှိုင်းများ ဖြတ်သန်းမှုကြောင့် ဥတ္တရာပရာဒေ့ရှ် ပြည်နယ်တွင်လည်း ကျောင်းများ ပိတ်ထားခဲ့ရကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် ဒေလီတွင်လည်း အပူချိန်မှာစံချိန်တင် ကျဆင်းခဲ့ရာ မြို့တော်ဒေလီ၏ ဆောင်းရာသီပုံမှန် အပူချိန်ထက်ပင် ကျဆင်းလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြို့တော်ဒေလီတွင် အပူချိန်သည် ၄ ဒီဂရီဆဲလ်ဆီးယပ်စ်အောက်သို့ ကျဆင်းလျက်ရှိပြီး နှင်းများထူထပ်စွာ ကျရောက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ နှင်းများ ထူထပ်စွာကျရောက်နေမှုကြောင့် ပြည်နယ်များကို ဖြတ်သန်းသွားလာသည့် ရထားခရီးစဉ်များ နှောင့်နှေးခဲ့ရသည်။

အိန္ဒိယမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ နှင်းများ ထူထပ်စွာကျရောက်နေမှုကြောင့် မီတာ ၅၀ အကွာကိုပင် မြင်ရရန်ခက်ခဲလျက်ရှိသည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင်လည်း ဇန်နဝါရီ ၁၄ ရက်အထိတိုင်အောင် အပူချိန်များ ကျဆင်းလျက်ရှိပြီး အအေးလှိုင်းများဖြတ်သန်းလျက်ရှိသဖြင့် ကျောင်းများနှင့်ကောလိပ်များကို ပိတ်ထားရန် အမိန့်ထုတ်ပြန်ထားကြောင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

ထို့ပြင် အအေးလှိုင်းဖြတ်သန်းမှုမှာ ပိုမိုကျရောက်လာနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသဖြင့် ကျောင်းများကို ဇန်နဝါရီ ၂၁ ရက်အထိ ပိတ်ထားဦးဖြစ်သည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသများတွင်လည်း မိုးများရွာသွန်းခဲ့သဖြင့် အအေးပိုလျက်ရှိကြောင်း၊ အအေးလှိုင်းဖြတ်သန်းမှုများကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် လူသေဆုံးမှုများ တိုးပွားလာနိုင်ကြောင်းဖြင့် မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

## တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် အင်အားရစ်ချ်တာစကေး ၅ ရှိသည့် အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ အဆိုပါငလျင်သည် ဇန်နဝါရီလ ၁၄ရက်နေ့ မွန်းလွဲ ၁နာရီ ၂၁မိနစ်အချိန်တွင် လှုပ်ခတ်သွားခြင်းဖြစ်ပြီး တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၏ အနောက်တောင်ဘက် လီရှန်မြို့ကိုဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံမြေငလျင်တိုင်းတာရေးဗဟိုအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်လှုပ်ခတ်မှုသည် ချန်ဒူပြည်နယ်၏ မြို့အတော်များများအပြင် ရာအန်းနှင့်ယီဘင်းမြို့များသို့လည်း ရိုက်ခတ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ငလျင်လှုပ်ခတ်မှုကြောင့် စီချွမ်ပြည်နယ်တွင် နေထိုင်ကြသည့်ပြည်သူများမှာ နေအိမ်များ၊ ရုံးများ စသည့် အဆောက်အအုံများအတွင်းမှ အပြင်သို့ပြေးထွက်ခဲ့ကြသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၃၃၀၀၀ ကျော်ပျက်စီးခဲ့ရသည်။ လူဦးရေပေါင်း ၃၂၀၀၀ ခန့်မှာ ငလျင်ဘေးဒုက္ခကို ခံစားခဲ့ကြရကြောင်းဖြင့် ရှန်ဟိုင်းဒေးလီးသတင်းစာတွင် ဖော်ပြထားသည်။ ထို့ပြင် ဇန်နဝါရီ ၁၁ ရက်ကလည်း တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ အူဂါဒေသတွင်လည်း အင်အားရစ်ချ်တာစကေး ၅ ရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် အူဂါဒေသရှိ လူနေအိမ်ခြေပေါင်း ၅၁ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး လူပေါင်း ၁၅၀၀ကျော်မှာ ငလျင်ဘေးဒဏ်ကို ခံစားခဲ့ရကြောင်းဖြင့် အူဂါဒေသမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုများမရှိခဲ့ကြောင်း ထပ်မံပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.3 Monday Jan 19 2015

# အာရှဖလားပြိုင်ပွဲဝင်မည့် ပဏာမမြန်မာယူ-၂၂ ကစားသမားများရွေးချယ် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် လေ့ကျင့်လျက်ရှိ



၂၀၁၆ အေအက်ဖ်စီ ယူ-၂၂ ခြေစစ်ပွဲနှင့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းကို ဖွဲ့စည်းပြီးဖြစ်ရာ အဆိုပါ မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ကစားသမားများကို ရွေးချယ်လေ့ကျင့်ပေးနိုင်ရေးအတွက် ကလပ်အသင်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများတွေ့ဆုံ၍ ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြန်မာယူ-၂၃အသင်းကို ပဏာမလက်ရွေးစင် ကစားသမား ၃၈ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ ယင်းကစားသမားများမှာ ဧယျာဝတီမြေအသင်းမှ ဖြိုးပိုင်စိုး၊ ရဲထက်အောင်၊ သက်ပိုင်ဦး၊ ဝင်းဇင်ဦး၊ ဇော်ဇော်နိုင်၊ ရဲလင်းအောင်၊ ရတနာပုံအသင်းမှ ရဲဝင်းအောင်၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ ဒွေးကိုကိုချစ်၊ဇင်မင်းထွန်း၊ ရန်ကုန်ယူနိုက်တက်မှ အောင်ဝေဖြိုး၊ ဇော်ဝင်း၊ ဇာနည်ထက်၊ သန်းထက်အောင်၊ဇွန်မိုးအောင်၊ ဧရာဝတီယူနိုက်တက်မှအောင်ကျော်နိုင်၊ ဟိန်းသီဟဇော်၊ နေလင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ ဇွဲကပင်အသင်းမှ ကိုကိုဟိန်း၊ သိန်းဇော်၊ထက်ဇော်ထွန်း၊ ဇင်ဖြိုးအောင်၊မကွေးအသင်းမှ ကျော်ဇင်ဖြိုး၊ ကောင်းဆက်နိုင်၊ အောင်ရှိုးသာမောင်၊ မျိုးမင်းဇော်၊ ချင်းယူနိုက်တက်အသင်းမှ ချစ်စုမိုး၊ဆွမ်လန်မန်၊ သလန်ဟုပ်ထန်၊ ကမ္ဘောဇအက်ဖ်စီမှ သိန်းနိုင်ဦး၊ စိုးပိုင်သွေး၊ နေပြည်တော်အသင်းမှ နေဇော်အောင်၊ငြိမ်းတေဇာဝင်း၊ ရခိုင်ယူနိုက်တက်မှ ပြည်မိုး၊ ဟံသာဝတီအသင်းမှ ရန်အောင်လင်းနှင့် ဆောက်သမ်းမြန်မာအသင်းမှ ရန်နိုင်ထွေးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစားသမားများအား နည်းပြချုပ်အေဗရာမိုဗစ်နှင့် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်တို့က လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာအသင်းသည် ၂၀၁၆ AFC Cup ခြေစစ်ပွဲတွင် အုပ်စု(စ)တွင် ဩ စတြေးလျ၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်အသင်းတို့နှင့် တစ်အုပ်စုတည်းတွင် ကျရောက်နေပြီး မတ်လ ၂၇ ရက်တွင် တရုတ်(တိုင်ပေ)၊ ၂၉ ရက်တွင် ဟောင်ကောင်၊ ၃၁ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်များအားလုံးကို တရုတ်(တိုင်ပေ)တွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

# အမျိုးသမီးယူ-၁၉ အသင်း ကစားသမားများကို အမျိုးသားအားကစားပွဲတော်မှ ရွေးချယ်မည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား အထောက်အကူဖြစ်စေရန်ဖွဲ့စည်းထားသည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းအတွက် ကစားသမားများကို ကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်မှ ရွေးချယ်မည်ဖြစ်ကြောင်း မြန်မာယူ-၁၉အသင်းလက် ထောက်နည်းပြ ဒေါ်ဇင်မာဝမ်းက ပြောကြားခဲ့သည်။

ယခင်ဖွဲ့စည်းထားသည့်အသင်းမှ သက်ကြီးကစားသမားများနှင့် ခြေစွမ်း တိုးတက်မှုမရှိသည့် ကစားသမားများနေရာတွင် အစားထိုးနိုင်ရန် ကစားသမားသစ်များကိုခေါ်ယူရန် ပြင်ဆင်ရခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ယူ-၁၉ အသင်းမှကစားသမားများကို တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရန်အတွက် ခွင့်ပေးထားပြီး အမျိုးသားအားကစားပွဲတော်မှ ရွေးချယ်မည့်ကစားသမားများနှင့် ပူးပေါင်းကာ ကစားသမား ၃၀ ဦးဖြင့် ဧပြီ ၁ ရက်တွင် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း မြန်မာယူ-၁၉ အသင်းက သတင်းထုတ်ပြန်ထားသည်။

မြန်မာယူ-၁၉အသင်းကို နည်းပြချုပ်အဖြစ် မနောမြေအသင်း၏ နည်းပြချုပ် ဦးဝင်းမြင့်သွင်က တာဝန်ယူထားပြီး လက်ထောက်နည်းပြများအဖြစ် ဒေါ်ဇင်မာဝမ်း၊ ဒေါ်မေခင်ယမင်းအစရှိသည့် လက်ရွေးစင်ကစားသမားဟောင်းများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

# ပြည်ပကစားသမားခေါ်ယူမှု စိတ်ကြိုက်မဖြစ်ခဲ့ဟု ကမ္ဘောဇအသင်းနည်းပြ ဦးမင်းဇော်ဦး ဖွင့်ဟ

ယခုနှစ် ဘောလုံးရာသီအတွက် ရာသီကြိုပြင်ဆင်မှုများကို အစောဆုံးပြုလုပ်ခဲ့သည့် ကမ္ဘောဇအသင်း၏ နည်းပြချုပ် ဦးမင်းဇော်ဦးက ၎င်းအနေဖြင့် အသင်းအတွက် ပြည်ပကစားသမားခေါ်ယူရာတွင် စိတ်ကြိုက်မဖြစ်ခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။




ကမ္ဘောဇအသင်းသည် ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရန် ရည်မှန်းထားသောအသင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကစားသမားများစွာကို ခေါ်ယူထားသော အသင်းတစ်သင်းဖြစ်သည်။

ကမ္ဘောဇအသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးမင်းဇော်ဦးက "ကျွန်တော်တို့ဒီနှစ်မှာ ချန်ပီယံဆုကို ရယူနိုင်ဖို့ အခြားအသင်းတွေထက် ပိုမိုပြင်ဆင်ခဲ့ပါတယ်။ ပြည်ပ ကစားသမားတွေလည်း အများကြီးခေါ်ယူပြီး စမ်းသပ်ခဲ့တယ်။ ဒါပေမယ့် စိတ်ကြိုက်မရခဲ့ဘူး။ ဒါကြောင့် ရတဲ့သူကိုပဲ ရွေးချယ်ခဲ့ရပါတယ်။ အခု အသင်းမှာရောက်ရှိနေတဲ့ ပြည်ပကစားသမားတွေဟာ ကျွန်တော်တို့အသင်းရဲ့ စိတ်ကြိုက်ရွေးချယ်ခွင့်ရခဲ့တဲ့ ကစားသမားတွေ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇအသင်းသည် ပြည်ပကစားသမား ခေါ်ယူမှုအဖြစ် ဟားလ်စီးတီးအသင်း၏ တိုက်စစ်မှူးဟောင်း ဖိုလန်၊ မော်လ်ဒိုက်ဗ်လက်ရွေးစင်ကွင်းလယ်ကစားသမား ဘာကာအာရစ်၊ ဂျော်ဂျီယာနိုင်ငံသားဂျော်ဂျီနှင့်နေပြည်တော်အသင်းနောက်ခံလူဟောင်း နိုင်ဂျီးရီးယားနိုင်ငံသား အိုဘာဒင်တို့ကို ခေါ်ယူထားသည်။



## မြန်မာအမျိုးသမီးဘောလုံးအသင်း နည်းပြချုပ်ရာထူးအတွက် ဂျာမနီလူမျိုးမော်နီကာစတက်နှင့် MFF ဆွေးနွေးမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် နည်းပြချုပ်အဖြစ် ဂျာမနီလူမျိုး မော်နီကာစတက်အား ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံသူ မော်နီကာစတက်သည် ယခုလက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဇန်နဝါရီလ တတိယပတ်အတွင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မော်နီကာစတက်ကို ခေါ်ယူနိုင်ဖို့အတွက် ပထမဦးဆုံး သူနဲ့အရင်ဆွေးနွေးမှာပါ။ သူ့ဘက်က လက်ခံခဲ့မယ်ဆိုရင်တော့ လူငယ်အမျိုးသမီး ဘောလုံးစီမံကိန်းအတွက်ပါ ရေရှည်စာချုပ်ချုပ်ပြီး ခေါ်ယူသွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းအား ယခုအခါတွင် နည်းပြချုပ်အဖြစ် လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းက ယာယီတာဝန်ယူလျက်ရှိသည်။ အကယ်၍ မော်နီကာစတက်အား စာချုပ်ချုပ်ဆိုခေါ်ယူ၍မရခဲ့ပါက ယူ-၂၀ နည်းပြချုပ် ဂက်ဖရိုင်းဒရစ်၏ အကူအညီဖြင့် ဂျာမနီနိုင်ငံသားတစ်ဦးကို ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ACL နှင့် AFC Cup ပွဲစဉ်များတွင် မန္တလာသီရိကွင်းကို အိမ်ကွင်းအဖြစ် ရတနာပုံအသင်း အသုံးပြုသွားမည်

ယခုနှစ် အာရှချန်ပီယံလိဂ် (Asia Champion League) နှင့် အာရှဘောလုံးအဖွဲ့ချုပ်ဖလား(Asian Football Confederation Cup) ပြိုင်ပွဲများကို ၂၀၁၄ခုနှစ်မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ အဖြစ်အောင်ပွဲခံခဲ့သည့်ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများအားဝင်ရောက်ယှဉ်ပြိုင်မည့် ရတနာပုံဘောလုံးအသင်းအနေဖြင့် အိမ်ကွင်းအဖြစ် ဗထူးကွင်းတစ်ကွင်းတည်းသာ ရှိကြောင်း၊ ယင်းဘောလုံးပြိုင်ပွဲများအား ပရိသတ် အနည်းငယ်သာဆံ့သည့် အိမ်ကွင်းတွင်ဧည့်ခံကစားရန်မှာ မဖြစ်နိုင်သဖြင့် မန္တလေးမြို့ပေါ်ရှိ မန္တလာသီရိဘောလုံးကွင်းအား အိမ်ကွင်းအဖြစ်အသုံးပြုရန် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံသို့ တင်ပြတောင်းခံခဲ့ကြောင်း သိရသည်။

ယခုအခါတွင်တရားဝင်ခွင့်ပြုချက် ရရှိခဲ့သဖြင့် အဆိုပါပွဲစဉ်များအား အိမ်ကွင်းအဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ရတနာပုံအသင်းသည် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စင်ကာပူအသင်း ဝါရီယာအက်ဖ်စီနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်မှစတင်ကာ ACL နှင့် AFC Cup ပွဲစဉ်များ အားလုံးကို ရတနာပုံအသင်းအနေဖြင့် မန္တလာသီရိအားကစားကွင်းအား အိမ်ကွင်းအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ မန္တလာသီရိအားကစားကွင်းသည် ပရိသတ် ၃၀၀၀၀ ကျော် ဝင်ဆံ့သည့် အားကစားကွင်းဖြစ်သည်။



## ဟာလ်မီတန်ကို စာချုပ်သက်တမ်း သုံးနှစ် ထပ်မံသက်တမ်းတိုးရန် မာစီဒီးစ် ပြင်ဆင်နေ

မာစီဒီးစ်အသင်းသည် ဖော်မြူလာဝမ်း ကမ္ဘာ့ချန်ပီယံ လူးဝစ်ဟာလ်မီတန် ကို စာချုပ်သက်တမ်းသုံးနှစ် ထပ်မံသက်တမ်းတိုးရန်စီစဉ်လျက်ရှိသည်။

အီတလီကားမောင်းသမားဟာလ်မီတန်မှာ ၂၀၁၃ ရာသီတွင်မှ မာစီဒီးစ်သို့ ရောက်ရှိလာသူဖြစ်ပြီး သုံးနှစ် စာချုပ် ချုပ်ဆိုထားသဖြင့် ယခုရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ သို့ရာတွင်မာစီဒီးစ်အသင်းက ၎င်းအား လက်လွှတ်လိုခြင်းမရှိဘဲ အသင်း၌ဆက်ထိန်းထားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မာစီဒီးစ်အသင်းအကြီးအကဲတိုတိုဝုဒ်မှာ မကြာသေးမီကမှ ဟာလ်မီတန်ကို စာချုပ်သစ်ချုပ်နိုင်ခြင်း မရှိလျှင် ဖာနန်ဒိုအလွန်ဆို(သို့မဟုတ်) ဗယ်တီရီဘော့တက်စ်နှင့် အစားထိုးမည်ဟု ပြောကြားထားသူဖြစ်သည်။ လက်ရှိအချိန်တွင်မူ ဟာလ်မီတန်အားဆက် ထိန်းနိုင်ရန်ကြိုးစားမှုကို အရှိန်မြှင့် ပြုလုပ်လာပြီး တစ်ရာသီလုပ်ခယူရို သန်း ၂၀ အပြင် ဂရင်းပရီပွဲစဉ်တစ်ခု ဗိုလ်စွဲတိုင်း ယူရိုတစ်သန်း၊ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့လျှင် ယူရို ငါးသန်းချီးမြှင့်မည်ဆိုသည့် အပိုဆုကြေးများဖြင့်လည်း ဆွဲဆောင်ထားသည်။

အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာသည် ၂၀၁၆ ရာသီမှစ၍ ဖော်မြူလာဝမ်းဂရင်းပရီပြိုင်ပွဲတစ်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနိုင်ရန် ကြိုးစားလျက်ရှိသည်။ ဖော်မြူလာဝမ်းပြိုင်ပွဲကို Lusail မြို့ရှိ လမ်းပေါ် ပြိုင်ကားကွင်းသစ်ကြီးတွင်ကျင်းပရန် စီစဉ်ထားကာ ဖော်မြူလာဝမ်းအဖွဲ့ချုပ်၏ သဘောတူညီမှုရရှိခဲ့ပါက ဘာရိန်းနှင့် ယူအေအီးပြီးလျှင် ဖော်မြူလာဝမ်းပြိုင်ပွဲကို တတိယမြောက် ကျင်းပခွင့်ရသည့် အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

## ဘောလုံးလောကထဲကို ရော်နယ်ဒို ပြန်လည်ဝင်ရောက်လာပြီ




ဘရာဇီးနိုင်ငံ၏ဘောလုံးသူရဲကောင်း ရော်နယ်ဒိုသည် မြောက်အမေရိကဘောလုံးလိဂ်၏ ဒုတိယတန်းကလပ်အသင်း တစ်သင်းဖြစ်သည့် Fort Lauderdale ကလပ်နှင့် စာချုပ် ချုပ်လိုက်သည့်အတွက် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

ဘောလုံးသမားဘဝမှ ကာလအတန်ကြာအနားယူခဲ့သည့် ရော်နယ်ဒိုသည်အဆိုပါ ဒုတိယတန်းကလပ်အသင်းတွင် တိုက်စစ်မှူးအဖြစ်ဖြင့် ပါဝင်ကစားမည်ဖြစ်သည်။ ဖီဖာ၏ အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့ဖူးသည့် ရော်နယ်ဒိုသည် အသက် ၃၈နှစ်ရှိပြီဖြစ်ပြီး ကိုရင်သီယန်အသင်းတွင် ၎င်း၏ ဘောလုံးသမားဘဝကို ရပ်တန့်ခဲ့ပြီးနောက် ယခုအခါကျမှသာ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ရော်နယ်ဒိုက “ဘောလုံးကို ချစ်မြတ်နိုးတဲ့သူတစ်ယောက်ဟာ ဘောလုံးကိုလွယ်လွယ်စွန့်လွှတ်လိုက်ဖို့မဖြစ်နိုင်ပါဘူး။ ကျွန်တော်ရခဲ့တဲဒဏ်ရာတွေက ကျွန်တော့် ကို အနားယူဖို့ပြောနေခဲ့တယ်”ဟုပြောကြားခဲ့သည်။ ၎င်းသည်ရီးရဲလ်မက်ဒရစ်နှင့် အင်တာမီလန်အသင်းတွင်ကစားခဲ့ပြီး ဒဏ်ရာပြဿနာများကြောင့် ဘောလုံးလောကကို ကျောခိုင်းခဲ့ရခြင်းဖြစ်သည်။

## ပွဲဦးထွက်ဥရောပတိုးဆုဖလားကို တောင်အာဖရိကအိုးပင်းတွင် ဆူလီဗန်ရယူနိုင်ခဲ့

အင်္ဂလန်ဂေါက်သီးကစားသမား အင်ဒီဆူလီဗန်သည် ပွဲဦးထွက် ဥရောပ တိုးဆုဖလားကို တောင်အာဖရိကအိုးပင်းတွင် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက်၂၈နှစ်ရှိ ဆူလီဗန်သည်ပြိုင်ပွဲပေါင်း ၈၄ပွဲ ယှဉ်ပြိုင်အပြီးတွင်မှ ပထမဆုံးဆုဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။ ဆူလီဗန်သည် တောင်အာဖရိကအိုးပင်း၏ နောက်ဆုံးနေ့ပွဲစဉ်အပြီးတွင် အိမ်ရှင်ဂေါက်သီးသမားချားလ်ရှဝပ်ဇင်နှင့် လျှော့ရိုက်ချက် ၁၁ ချက်စီ တူညီနေသဖြင့် Play Off ကစားခဲ့ရသည်။

ထိုသို့ကစားရာတွင် ပထမဆုံးကျင်းပိုမှာပင် ဆူလီဗန်က ဘာဒီရပြီး ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ မာစတာ ချန်ပီယံရှဝပ်ဇင်မှာ နောက်ဆုံးနေ့ပွဲစဉ်မတိုင်မီ ငါးချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့သလို နောက်ဆုံးငါးကျင်းအလိုတွင်လည်း လေးချက်အသာရထားခဲ့သည်။

သို့ရာတွင် ကျင်းအမှတ် ၁၆၌ နှစ်ချက်ပိုရိုက်ပြီး လက်ပျက်သွားသဖြင့် ဆူလီဗန်နှင့် ရိုက်ချက်ခြင်း တူသွားကာ ကျင်းပိုကစားပြီး ချန်ပီယံဆုကို လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ဆူလီဗန်သည် ၂၀၁၆ ရာသီကုန်သည်အထိ ဥရောပတိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားပြီး တွန်မီဟော်တန်(၁၉၇၀)နောက်ပိုင်း ဥရောပတိုးဆုဖလားကို ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန်ဂေါက်သီးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

## ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေ အဆင့်တစ်အဖြစ် ဆီရီနာဝီလျံ သတ်မှတ်ခံရ

အမေရိကန် တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံသည် ကျင်းပတော့မည့် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်တစ်ရှိကစားသမားအဖြစ် သတ်မှတ်ခြင်းခံရကြောင်း သိရသည်။

ဆီရီနာဝီလျံသည် ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ငါးကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့သူဖြစ်သည့်အတွက် ယခုနှစ်ပြိုင်ပွဲတွင်လည်း နိုင်ခြေအဆင့်တစ်အဖြစ်သတ်မှတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခင်ဩစီ အိုးပင်းချန်ပီယံဟောင်းဖြစ်သူ မာရီယာရှာရာပိုဗာမှာမူ နိုင်ခြေအဆင့် နှစ်အဖြစ် သတ်မှတ်ခြင်းခံရသည်။ ရိုမေးနီးယားတင်းနစ်ချန်ပီယံ ဆီမိုနာဟဲလ်ပ်မှာ နိုင်ခြေအဆင့်သုံးအဖြစ် သတ်မှတ်ခံရသည်။ ဆီမိုနာဟဲလ်ပ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုသာရရှိခဲ့သော်လည်း ယခုပြိုင်ပွဲတွင် နိုင်ခြေအဆင့်သုံးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ဝင်ဘယ်ဒန်ချန်ပီယံ ပီထရာကီဗီတိုဗာကိုမူ နိုင်ခြေအဆင့်လေးအဖြစ် သတ်မှတ်ခဲ့ပြီး ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည့် အန်နာအိုင်ဗန်နိုဗစ်မှာမူ အဆင့် ငါးအဖြစ်သတ်မှတ်ခံခဲ့ရသည်။ ပြီးခဲ့သည့်နှစ်က ဩစီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုသာရရှိခဲ့သည့် တရုတ်တင်းနစ်မယ် လီနာမှာ WTA ပြိုင်ပွဲများအပြီးတွင် တင်းနစ်ကစားသမားအဖြစ်မှ အနားယူသွားခဲ့သည်။

## ကိုပါအမေရိကဖလားပွဲယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဟု ရော်နယ်ဒင်ဟိုဆို

ဘရာဇီးအသင်းအနေဖြင့် ကိုပါအမေရိကဖလားပွဲ ယှဉ်ပြိုင်ရန် အသင့် ဖြစ်နေပြီဟု ဘရာဇီးဘောလုံးသမားဟောင်း ရော်နယ်ဒင်ဟိုက ပြောကြားလိုက်သည်။ ဘရာဇီးအသင်းသည် ပြီးခဲ့သည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းကို ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်ခဲ့ရသဖြင့် စိတ်ပျက်မိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုပါအမေရိကဖလား ငါးကြိမ်ရရှိခဲ့သည့် ဘရာဇီးအသင်းသည် ယခုနှစ်အတွင်းကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ရက်တွင် ပီရူးအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်အုပ်စု(င)၌ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲမစမီဘရာဇီးအသင်းသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မတ် ၂၆ ရက်တွင် ပြင်သစ်နိုင်ငံ၊ စိန့်ဒင်းနစ်မြို့၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

“ဘရာဇီးအသင်းဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာထိပ်ဆုံးမှာရှိနေတဲ့ အသင်းတစ်သင်းပါ။ ကျွန်တော် အခု ဘရာဇီးအသင်းမှာ ပြီးခဲ့တဲ့ရက်သတ္တပတ်ကတည်းက အသင်းနဲ့အတူ လေ့ကျင့်နေပါပြီ”လို့ ရော်နယ်ဒင်ဟိုက ပြောကြားခဲ့သည်။

## ဘရစ္စဘိန်းချန်ပီယံဆုနှင့်အတူ ကစားသမားဘဝ ပွဲတစ်ထောင်မြောက်နိုင်ပွဲကို ဖက်ဒဲရားရယူ ဩစီအိုးပင်းပြိုင်ပွဲတွင် နိုင်ခြေအဆင့် နှစ်အဖြစ် သတ်မှတ်ခံရ




ဆွစ်ဇာလန်တင်းနစ်သမား ဖက်ဒဲရားသည် ဘရစ္စဘိန်းနိုင်ငံတကာတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆုကြေးစားတင်းနစ်သမားဘဝ၏ ပွဲတစ်ထောင်မြောက် နိုင်ပွဲကို ရယူနိုင်ခဲ့သည်။

ဖက်ဒဲရားသည် ဇန်နဝါရီလ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် ဗိုလ်လုပွဲတွင် ကနေဒါတင်းနစ်သမား ဘရာအိုနစ်ကို ၆-၄၊ ၆-၇၊ ၆-၄ဖြင့် ၂နာရီ၁၃မိနစ်ကြာ အကြိတ်အနယ်ကစားပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲရားအတွက်ပို၍ဂုဏ်ယူစရာကောင်းသည်မှာဆုကြေးစား ဘဝသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် ပွဲတစ်ထောင်မြောက်နိုင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆုကြေးစားခေတ် (Open Era) စတင်သည့် ၁၉၆၈ ခုနှစ်နောက်ပိုင်း ပွဲတစ်ထောင်နှင့်အထက် နိုင်ပွဲရယူနိုင်ခဲ့သည့် တင်းနစ်သမားမှာ သုံးဦးသာရှိသည်။ ပွဲအများဆုံးအနိုင်ရထားသူမှာ ဂျင်မီကော်နားဖြစ်ပြီး ၁,၂၅၃ ပွဲ အနိုင်ရထားကာ ဆုဖလားပေါင်း ၁၀၉လုံးဆွတ်ခူး နိုင်ခဲ့သည်။ ၎င်း၏နောက်တွင် အီဗန်လင်ဒယ်က နိုင်ပွဲ ၁,၀၇၁ပွဲ(ဆုဖလား ၉၄လုံး) ဖြင့်ဒုတိယလိုက်နေပြီး ဖက်ဒဲရားက နိုင်ပွဲ တစ်ထောင် (ဆုဖလား ၈၃ လုံး)ဆွတ်ခူးထားသည်။

ဖက်ဒဲရားမှာ ဘရစ္စဘိန်းပြိုင်ပွဲအပြီး နောက်တစ်ရက်တွင် ဆစ်ဒနီသို့သွားရောက်၍ Fast4 တင်းနစ် သရုပ်ပြပွဲတွင် ဝင်ရောက်ဆင်နွှဲခဲ့သေးသည်။ ထိုပွဲတွင် ဖက်ဒဲရားက အိမ်ရှင် တင်းနစ်သမား လေတန်ဟေးဝစ်ကို၄-၃၊ ၂-၄၊ ၃-၄၊ ၄-၀၊ ၄-၃ဖြင့် အကြိတ်အနယ်ကစားပြီး အနိုင်ရခဲ့သည်။

၎င်းတို့နှစ်ဦးမှာ အသက် ၃၃ နှစ်စီ ရှိနေကြပြီး ၂၀၀၀ပြည့်လွန်နှစ်များက အစဉ်အလာပြိုင်ဘက်များဖြစ်ခဲ့ကြသည်။ ၁၉၉၉ နောက်ပိုင်း (၂၇) ကြိမ်တွေ့ဆုံခဲ့ရာတွင် ဖက်ဒဲရားက ၁၈ ပွဲနိုင်၍ ဟေးဝစ်က ၉ပွဲအနိုင်ရခဲ့သည်။ ယခုသရုပ်ပြပြိုင်ပွဲအပြီးတွင် ဖက်ဒဲရားမှာ ဩစီအိုးပင်းပြိုင်ပွဲကျင်းပမည့် မဲလ်ဘုန်းသို့တိုက်ရိုက်သွားရောက်ခဲ့သည်။

ဩစီအိုးပင်းပြိုင်ပွဲတွင် ဖက်ဒဲရားသည်နိုင်ခြေအဆင့်နှစ်အဖြစ် သတ်မှတ်ခြင်းခံထားရပြီး ဂျိုကိုဗစ်က နိုင်ခြေအဆင့် တစ်၊ ရာဖေးနာဒယ်က နိုင်ခြေအဆင့် သုံးနှင့် မိုရေးက နိုင်ခြေအဆင့် ခြောက်အဖြစ် သတ်မှတ်ခံထားရသည်။

➲စာမျက်နှာ ၁၃ ပြည်တွင်းဈေးကွက်တွင် ... မှ အဆက်

ပုံ၆။ ရန်ကုန်လအလိုက် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (၂၀၁၄ ခုနှစ်)




၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် အချိန်စော၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအမြင့်နှင့် တွေ့ကြုံရမည်ဖြစ်ပါသည်။ သို့သော်အမြင့်ဆုံးဈေးနှုန်းကို မရောက်ရှိခဲ့သည်ကို တွေ့ရသည်။ **ဇန်နဝါရီလမှ သင်္ကြန်ကာလ (ဧပြီလ)အတွင်း** ရောင်းချပါက နောက်ပိုင်းလများတွင် ဖြစ်ပေါ်သော အမြင့်ဆုံးဈေး မရရှိခြင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ ရေးဆွဲဖော်ပြထားသော ပုံ-၄မှ ပုံ-၆ အထိလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**(၃) အချိန်နောက်ကျ၍ ရောင်းချပါက ပဲစင်းငုံအနီဈေးအကျနှင့် တွေ့ကြုံရခြင်း။**

၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် လအလိုက် ပဲစင်းငုံ အနီဈေးပြောင်းလဲမှုသည် မေလနောက်ပိုင်းတွင် ပဲစင်းငုံအနီဈေးကျ (decline in price) မှုဖြစ်ပေါ်ခဲ့သည်။ ပဲစင်းငုံအနီရောင်းချသူသည် သင်္ကြန်ကာလ နောက်ပိုင်း (မေလ)နောက်ပိုင်းရောက်မှ ရောင်းချပါက ပဲစင်းငုံအနီဈေးအကျ (decline in price) နှင့် မလွဲမသွေတွေ့ကြုံရမည်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ခုနစ်နှစ်တာကာလအတွင်း အချိန်နောက်ကျရောင်းပါက ပဲစင်းငုံအနီ ဈေးအကျနှင့် တွေ့ကြုံရသည့်နှစ်များမှာ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များဖြစ်သည်။ ရေးဆွဲဖော်ပြထားသော ပုံ-၇ မှ ပုံ-၉ အထိလေ့လာ ကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ၇။ ရန်ကုန်လအလိုက် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (၂၀၁၀ ခုနှစ်)




ပုံ၈။ ရန်ကုန်လအလိုက် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (၂၀၁၁ ခုနှစ်)




ပုံ၉။ရန်ကုန်အလအလိုက် ပဲစင်းငုံအနီဈေးပြောင်းလဲမှု (၂၀၁၃ ခုနှစ်)




ပုံ၁၀။ လအလိုက်ပျမ်းမျှပဲစင်းငုံအနီဈေးပြောင်းလဲမှု(၂၀၁၂ ခုနှစ်)




ဇာစ်မြစ်။ www.etrademyanmar.com

၂၀၁၂ ခုနှစ်တွင်လည်း အချိန်နောက်ကျရောင်းချပါက ပဲစင်းငုံအနီဈေးအကျ နှင့် တွေ့ရသည့် အခြေအနေမျိုးဖြစ်ပါသည်။ ထူးခြားချက်မှာ ဇန်နဝါရီလမှ ဩဂုတ်လထိ ရှစ်လတာကာလအတွင်း ဈေးအမြင့်နှင့် တွေ့ကြုံရသော်လည်း အောက်တိုဘာလနောက်ပိုင်း ဈေးကျသွားခဲ့သည်။ ရေးဆွဲဖော်ပြထားသော ပုံ-၁၀ ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ပဲစင်းငုံကို မည်သည့်အချိန်တွင် ရောင်းချမည်နည်း (When to sell) ကို ဆုံးဖြတ်မှုအတွက်အထောက်အကူဖြစ်စေရန် ပြီးခဲ့သည့်ကာလများက ဈေးကွက် သတင်းအချက်အလက်များ (Historical Market Information) နှင့် လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (up-to-date market information) ကိုသိရှိရန် လိုအပ်ပါသည်။

စွန့်စားမှု (Risk)=နည်းပါးစေရန် ပဲစင်းငုံစိုက်ပျိုး ထုတ်လုပ်သူအနေဖြင့် ဇန်နဝါရီလမှ သင်္ကြန်ကာလ(ဧပြီလ) အတွင်း ရောင်းချသင့်ပါသည်။ ပဲစင်းငုံ ရောင်းဝယ်သည့် ကုန်သည်များအနေဖြင့် အချိန်နောက်ကျရောင်းချပါက ပဲစင်းငုံ အနီဈေးကျသည့် ဈေးနှုန်းပြောင်းလဲမှု (price movement)မျိုးကို သတိပြုရန်လိုအပ်ပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

# ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း နည်းပညာပေးရေး အထောက်အကူပြုမည့် အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် "အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ သင်တန်း" အား ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စစ်ကိုင်း- မန္တလေးကားလမ်းရှိ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ပါတယ်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဌေးလွင်၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူ၊ ဒု- တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်နိုင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဆောင်းဒါးရက်ကန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံက အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး အိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်တဲ့ ရက်ကန်းလုပ်ငန်းကို အခြေခံတဲ့ "အထည်ပန်းပုံရိုက် နှင့် ဆေးရေးပန်းချီသင်တန်း" ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျေးလက်လုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်များဖြစ်သော အရင်းအနှီး ရရှိရေး၊ နည်းပညာရရှိရေးနှင့် ဈေးကွက်ဖော်ဆောင်နိုင်ရေးတို့အနက် အရင်းအနှီးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ အထိုက်အလျောက် ထုတ်ချေးပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ယခုအချိန်အထိ ရက်ကန်းလုပ်ငန်းတစ်ခုတည်းအတွက် ပုံ့ပိုးချေးငွေကျပ် ၆၅၆၄ ဒသမ ၅ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ အရင်းအနှီးအပြင် နောက်ထပ်လိုအပ်ချက်တစ်ခုဖြစ်တဲ့ နည်းပညာရရှိရေး အတွက် လိုအပ်တာကြောင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ကော်မတီ နှင့်အတူ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဌေးလွင်နှင့် မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူတို့မှ အမှာစကားများ ပြောကြားခဲ့ပြီး အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# Trade Facilitation & Trade Promotion

## ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနဖွင့်လှစ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန ဖွင့်လှစ်ခြင်းနှင့်ပြည်ပပို့ကုန် အလားအလာရှိသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံတက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ရတနာပုံကုန်သွယ်မှုဗဟိုဌာနကို ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။




ပြည်ပပို့ကုန်အလားအလာရှိသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပွဲစားကုန်သည်စက်ပိုင်များအသင်းနှင့် ဆန်စပါး ကုန်စည်ဒိုင်တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်အောင်က သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေး စာတမ်း၊ ပွဲစားကုန်သည်စက်ပိုင်များအသင်း အတွင်းရေးမှူး ဦးကျော်သွင်က ပြည်ပပို့ကုန်သီးနှံများဖွံ့ဖြိုးတိုးတက်ရေးစာတမ်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ဆွေဟိန်းက ဆီနှင့် ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်း၊ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးစိုးဦးက Value Added များ ပိုမိုထုတ်လုပ်နိုင်ရေးစာတမ်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူမှ ပြည်ပပို့ကုန်အလာအလာ ရှိသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးကြသည်။

**သီဟကိုကို(မန္တလေး)**

## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၆) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများ ရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင် တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၆) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါ သည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခု တည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန် စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည် ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင်ပါဝင်မည် ဖြစ်ပါသည်။

သင်တန်းကို အမှတ် ၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ် ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ် ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီထိ) ဖြင့် လေးလကြာမြင့်မည် ဖြစ်ပါ သည်။

သင်တန်းဝင်ခွင့် လျှောက်လွှာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်လက်ခံပြီး၊ သင်တန်း ဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## မုံရွာတွင် အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းပညာပေးသင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအနက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒေသတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားလာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ပံ့မှုနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်ကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ ပူးပေါင်းကြီးကြပ်ပြီး အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းပညာပေးသင်တန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ရာ မုံရွာ၊ ဆားလင်းကြီး၊ ပုလဲ၊ ဘုတလင်၊ ခင်ဦး၊ တန့်ဆည်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၀ ဦးတက်ရောက်ခဲ့ကြပါတယ်။

အဆိုပါသင်တန်းကိုမုံရွာရက်ကန်းနှင့် အသက်မွေးသင်တန်းကျောင်းနဲ့ ဆောင်းဒါးကျောင်းတို့မှ သင်တန်းနည်းပြ နှစ်ဦးက ၂၈ ရက်တိုင်တိုင် အသေးစိတ် သင်ကြားပြသခဲ့ကြပြီး ဇန်နဝါရီ ၁၅ ရက်နေ့တွင် သင်တန်းဆင်းပွဲကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးမျိုးမြင့်နိုင်၊ မုံရွာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သိန်းဌေးနဲ့ ဆရာများ၊ ဧည့်သည်တော် များနဲ့ သင်တန်းသားများ စုစုပေါင်း ၄၅ ဦးတက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မောင်းနဲ့ ကျောင်းအုပ်ကြီး ဒေါ်သိန်းဌေးတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားပြီး၊ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောဆိုကာ နည်းပြဆရာမှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့် ပေးခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ အိမ်တွင်းမှုနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မိမိနဲ့ တစ်ကွ မိသားစုအပြင် ဒေသရှိ ရွာသူရွာသားများအား ထပ်ဆင့်နည်းပညာ ပြန့်ပွားစေခြင်းဖြင့် တစ်ဦးချင်းဝင်ငွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် များစွာအထောက်အကူရရှိစေတယ်လို့ သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ဗိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.3 Monday Jan 19 2015

# ထိုင်းအစားအစာနဲ့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များကို အာဆီယံက အများဆုံးတင်သွင်း

ကုန်သွယ်မှုအတားအဆီးတွေကို လျှော့ချရာမှာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်အကောင်အထည်ဖော်နေတဲ့ ကျေးဇူးကြောင့် ထိုင်းနိုင်ငံနဲ့ အိမ်နီးချင်းလေး နိုင်ငံတို့ရဲ့ လယ်ယာစိုက်ပျိုးရေးကုန်စည်တွေနဲ့ အစားအစာတွေကို နယ်စပ်ဖြတ် ကျော်ကုန်သွယ်မှုက တန်ဖိုးအရရော ပမာဏအရပါတိုးတက်ခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနဲ့ မလေးရှားနိုင်ငံတွေကို ထိုင်းနိုင်ငံက အဓိကထားတင်ပို့တာက ဟင်းသီးဟင်း ရွက်၊ သကြား၊ ကြက်သားနဲ့ ဝက်သားတို့ဖြစ်ကြောင်း အမျိုးသားလယ်ယာ စိုက်ပျိုးရေးကုန်စည်နဲ့ အစာအစာစံနှုန်းဗျူရို (National Bureau of Agricultural Commodity and Food Standards-ACFS) ရဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ပီဆန်ပွန်ဆာပစ်က ပြောပါတယ်။

အပြန်အလှန်အားဖြင့် ထိုင်းနိုင်ငံ ကပဲအမျိုးမျိုး၊ တိရစ္ဆာန်အစားအစာပြောင်းနဲ့ ပုစွန်တို့ကိုတင်သွင်းပါတယ်။ ထိုင်းနိုင်ငံနဲ့ ဒီလေးနိုင်ငံတို့ရဲ့ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးက ဘတ် ဘီလီယံ ၁၀၀ ဝန်းကျင်ရှိပြီး အနာဂတ်ကာလမှာ ဆက်လက်မြင့်တက်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ထိုင်းနိုင်ငံက ကမ္ဘာ့ဈေးကွက်ထဲကိုတင်ပို့တဲ့ အစားအစာနဲ့ လယ်ယာစိုက်ပျိုးထုတ်ကုန်တန်ဖိုးက ဘတ် တစ်ထရီလီယံရှိပြီး ဒီအထဲက လေးပုံ တစ်ပုံကို အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံကို တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီထုတ်ကုန်တွေကို ကုန်သွယ်ရာမှာ အာဆီယံဒေသက ထိုင်းနိုင်ငံရဲ့ အကြီးမားဆုံးကုန် သွယ်ဖက်ဒေသဖြစ်လာပါတယ်။

အပင်များနဲ့ ကုန်းနေ၊ ရေနေ တိရစ္ဆာန်များအတွက် ရောဂါကင်းရှင်းရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု လုပ်ငန်းများကြီးထွားရေးအတွက် လယ်ယာစိုက်ပျိုးရေးနဲ့ သမဝါယမဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အထွေထွေအတွင်းရေးမှူးက ပြောပါတယ်။ နယ်စပ်တစ်လျှောက် ကုန်စည်စစ်ဆေးမှုလုပ်ငန်းတွေရဲ့ စွမ်းဆောင် ရည်တိုးမြှင့်ဖို့အတွက် ဒီရောဂါကင်းရှင်းရေးစခန်းတွေက အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

# ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဇန်နဝါရီ တတိယပတ်အတွင်း ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) ကို ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက် အထိ ဒါးဗို့စ်မြို့မှာကျင်းပမှာဖြစ်ကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။

အစည်းအဝေးကို ကော်ပိုရေးရှင်း ခေါင်းဆောင်များနဲ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၄၀ မှ နိုင်ငံခေါင်းဆောင်များနဲ့ အစိုးရအဖွဲ့ အကြီးအကဲများ အပါအဝင် နိုင်ငံရေးနယ်ပယ်မှခေါင်းဆောင်များလည်း တက်ရောက် မည်ဖြစ်ရာ စုစုပေါင်း ၂၅၀၀ ကျော် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။

(၄၅)ကြိမ်မြောက်ကျင်းပတဲ့ ဒီဖိုရမ်ကို ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်၊ တရုတ်ဝန်ကြီးချုပ် လီကယ်ရှင်း၊ ပါကစ္စတန်ဝန်ကြီးချုပ် မိုဟာမက်နာဝပ်ရှရစ်နဲ့ ဆွစ်ဇာလန်သမ္မတ ဆီမွန်နက်တာဆွမ်မာဂူလာတို့လည်း တက်ရောက် မှာဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးမှာ စိန်ခေါ်မှု ပေါင်းစုံနဲ့ ရင်ဆိုင်နေရတဲ့ ယခုလို ကာလမျိုးမှာကျင်းပတဲ့ (၄၅)ကြိမ် မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးမှာ "The New Global Context" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။

ပထဝီနိုင်ငံရေးတင်းမာမှုများ၊ ရောဂါကပ်ဘေး၊ ဖွံ့ဖြိုးမှုအမျိုးမျိုးကွဲပြားမှုပြဿနာနဲ့ စွမ်းအင်ဆိုင်ရာ ပြဿနာသစ်များကိုလည်း ဆွေးနွေးပွဲအစီအစဉ်မှာ ထည့်သွင်းထားပါတယ်။

ယခုနှစ်ဆွေးနွေးပွဲက ကမ္ဘာ့ယုံကြည်မှုကို ဆန်းသစ်ဖော်ဆောင်ပေးမယ့် ခရီးစဉ်ရဲ့အစဖြစ်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ဖိုရမ်ကိုစတင်တည်ထောင်ခဲ့သူ နဲ့အမှုဆောင်ဥက္ကဋ္ဌဖြစ်သူ ကလော့ရှဝပ်ကပြောပါတယ်။ ဖိုရမ်မှာ သဘာဝဝန်းကျင်နဲ့ သယံဇာတရှားပါးမှု ပြဿနာ၊ ကျွမ်းကျင်သူခန့်ထားရေးနဲ့ လူသားအရင်းအနှီး၊ ကျားမတန်းတူညီမျှမှု၊ ရေရှည်ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အစားအစာလုံခြုံရေးနဲ့ လယ်ယာစိုက်ပျိုးရေး စတဲ့ပြဿနာတွေပါဝင်မှာ ဖြစ်ပါတယ်။

ဆွေးနွေးပွဲမှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု၊ အင်တာနက်ရဲ့ အနာဂတ်၊ ကမ္ဘာ့ရာဇဝတ်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူမှုရေးနဲ့ ဘဏ္ဍာရေးစနစ်အနာဂတ်စတဲ့ ကိစ္စရပ်တွေကိုလည်း ဆွေးနွေးမှာဖြစ်ပါတယ်။

# ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမယ်လို့ ကမ္ဘာ့ဘဏ်ကခန့်မှန်း



ကမ္ဘာ့စီးပွားရေးအင်ဂျင်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးကျဆင်းပေမယ့် ရေနံစိမ်းဈေးနှုန်း ကျဆင်းမှုရဲ့ကျေးဇူးကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုမြင့်တက်လာလိမ့်မယ်လို့ ကမ္ဘာ့ဘဏ်က ဇန်နဝါရီ ၁၃ ရက်က ခန့်မှန်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

နိုင်ငံတစ်ခုရဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုပမာဏကို ကျယ်ကျယ်ပြန့်ပြန့် တိုင်းတာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)က ၂၀၁၅ ခုနှစ်မှာ နှစ်အလိုက်တိုးတက်နှုန်း ၄ ဒသမ ၈ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်နှစ်ကရှိခဲ့တဲ့ ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်နှုန်းထက် ပိုမိုမယ့်သဘောဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၃ ရာခိုင်နှုန်းရှိမယ်လို့ ကမ္ဘာ့ဘဏ်ကခန့်မှန်းပါတယ်။

စိတ်ပျက်စရာကောင်းတဲ့ ၂၀၁၄ ကို ကျော်ဖြတ်ပြီးတဲ့နောက် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးနှုန်းက ယခုနှစ်မှာ မြင့်တက်မယ်လို့ ခန့်မှန်းပါတယ်။ ရေနံစိမ်းဈေးနှုန်းကျဆင်းမှု၊ အမေရိကန်စီးပွားရေး ခိုင်မာမှုနဲ့ ကမ္ဘာ့အတိုးနှုန်းတွေ ဆက်လက်ကျဆင်းမှုစတဲ့ အခြေအနေတွေအပြင် ထွန်းသစ်စဈေးကွက် အတော်များများမှာ တိုးတက်မှုတွေ ရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ထွန်းသစ်စ ဈေးကွက်တွေကို ဦးဆောင်နေတဲ့ တရုတ်နိုင်ငံမှာ ဖွဲ့စည်းတည်ဆောက်မှု ပြုပြင်ပြောင်းလဲရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး လှုံ့ဆော်အားပေးမှုအစီအစဉ်ကိုတစ်စတစ်စ လျှော့ချမှုနဲ့ ကြွေးမြီတိုးပွားလာမှာကို ဟန့်တားမယ့် အစီအမံတွေကြောင့် တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ၂၀၁၄ ခုနှစ်မှာ ၇ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၉ ရာခိုင်နှုန်းသာဖွံ့ဖြိုးမှုရှိမယ်လို့ ခန့်မှန်းထားပါတယ်။ တရုတ်နိုင်ငံရဲ့ ဂျီဒီပီက ယခုနှစ်မှာ ၇ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ၂၀၁၆ ခုနှစ်မှာ ၇ ရာ ခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။

နောက်ထပ် ထွန်းသစ်စစွမ်းအားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံက ဇွန်နောက်ပိုင်း ၆၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့တဲ့ ရေနံစိမ်းဈေးနှုန်းအခြေအနေကြောင့် အကျိုးခံစားခွင့်ရတဲ့နိုင်ငံတွေ ထဲမှာ ပါဝင်ခဲ့ပါတယ်။

ရေနံဈေးနှုန်းတွေ ကျဆင်းတဲ့အတွက် ငွေကြေးဖောင်းပွမှုကိုတိုက်ဖျက်နေကြတဲ့ ဘရာဇီးလ်၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနဲ့ တူရကီနိုင်ငံတို့လို ထွန်းသစ်စနိုင်ငံတွေ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ပြောပါတယ်။ ဒါပေမယ့် ရေနံထုတ်လုပ်တဲ့နိုင်ငံတွေကတော့ ရေနံဈေးနှုန်း ကျဆင်းတဲ့ဒဏ်ကို ခံစားနေရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံလွတ်လပ်တဲ့ မိုးကောင်းကင် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်

အာဆီယံဒေသမှာ ကိုးလတာ ကာလအတွင်း စရိတ်ကျဉ်းခရီးသည်တင်လေယာဉ်ကြီး သုံးစင်းတို့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရခဲ့ပါတယ်။ ဒါပေမယ့် ဒီဖြစ်ရပ် တွေက လာမယ့်ဇန်နဝါရီ ၁ ရက်မှာ စတင်အကောင်အထည်ဖော်တော့မယ့် အာဆီယံလွတ်လပ်တဲ့ကောင်းကင် (ASEAN Open Skies) မူဝါဒကို အဟန့်အတားဖြစ်စေမှာ မဟုတ်ဘူးလို့ နေးရှင်းသတင်းမှာဖော်ပြပါတယ်။

ဒါပေမယ့် ဒီမူဝါဒကို ၂၀၁၅ ခုနှစ် အကုန်မှာအပြည့်အဝ အကောင်အထည်ဖော်တဲ့အခါ လေယာဉ်ပျံသန်းမှု လုံခြုံရေးဆိုင်ရာစံနှုန်းတွေ တိုးမြှင့်ဖို့နဲ့ အခြားကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကိုအလေးပေးဆောင်ရွက် သွားမှာဖြစ်ပါတယ်။

လွတ်လပ်တဲ့မိုးကောင်းကင် အကောင်အထည်ဖော်ရေးလမ်းကြောင်းမှာ ခလုတ်ကန်သင်း လုံးဝကင်းရှင်းတယ်လို့မဆိုနိုင်ပေမယ့် စရိတ်ကျဉ်းလေကြောင်းလိုင်းတွေအပါအဝင် အာဆီယံလေကြောင်းလိုင်းတွေက အာဆီယံ လွတ်လပ်တဲ့ မိုးကောင်းကင်မူဝါဒကို အကောင်အထည်ဖော်ဖို့အတွက် အသင့်အနေအထားရှိနေပါပြီ။

လုံခြုံရေးဆိုင်ရာ စံနှုန်းတွေတိုးမြှင့်သတ်မှတ်တာက မလေးရှားနဲ့ အင်ဒိုနီးရှားလေကြောင်းလိုင်းတွေကြုံတွေ့ခဲ့ရတဲ့ ဝမ်းနည်းစရာအဖြစ်အပျက်တွေကြောင့်ချည်း မဟုတ်ပါဘူး။ ဒီလေကြောင်းလိုင်းသွားလာရေးလုပ်ငန်း ဘေးကင်းလုံခြုံရေး အတွက် အာဆီယံအဖွဲ့ဝင်တွေက အမြဲတမ်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။

“လေကြောင်းလိုင်းတွေမှာ ဝမ်းနည်းစရာအဖြစ်အပျက်တွေပေါ် ပေါက်ပြီးနောက်ပိုင်းမှသာ ဘေးကင်းလုံခြုံရေးကိစ္စကို ခြေမကိုင်မိလက်မကိုင်မိထလုပ်တာ မဟုတ်ပါဘူး။ လေကြောင်းသွားလာရေးမှာ ဘေးကင်းလုံခြုံရေးက အမြဲတမ်း အရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ ဘေး ကင်းလုံခြုံရေးကိစ္စအတွက် ဆင်ခြေဆင်လက်တွေပေးမယ့် လေကြောင်းလိုင်း မရှိပါဘူး။ ဘေးကင်းလုံခြုံရေးက သူတို့အတွက်ထိပ်တန်းဦးစားပေးအဖြစ် အမြဲရှိနေမှာပါ” လို့ လေကြောင်းသွားလာရေးလေ့လာဆန်းစစ်ရေးမှူးတစ်ဦးကပြောပါတယ်။

အာဆီယံလွတ်လပ်တဲ့မိုးကောင်း ကင်မူဝါဒက အဖွဲ့ဝင်နိုင်ငံတွေအတွက် လေကြောင်းလုပ်ငန်းအတွက် ဖြေလျှော့မှုတွေ ဆောင်ရွက်ပေးရုံသာမက လေကြောင်းသွားလာမှုဘေးကင်းလုံခြုံရေး၊ လေကြောင်းသွားလာရေးစီမံခန့်ခွဲမှု၊ မြို့ပြလေကြောင်းနည်းပညာ၊ လေကြောင်းသွားလာမှုဝန်းကျင်ကို အကာအကွယ်ပေးရေးနဲ့ လေကြောင်းသယ်ယူပို့ဆောင်မှု မူဘောင်စတဲ့ကိစ္စတွေကိုလည်း ထည့်သွင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

## ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို အင်ဒိုနီးရှားက ဦးစားပေးဆောင်ရွက်မည်

နိုင်ငံအတွင်းရှိ ဒေသအတော်များများမှာ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးကွန်ရက်တွေ တည်ဆောက်ဖို့နဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့အတွက် အင်ဒိုနီးရှား စွမ်းအင်နဲ့ ဓာတ်သတ္တု၊ သယံဇာတဝန်ကြီးဌာနက ယခုနှစ်မှာရန်ပုံငွေတွေ ပိုမိုလျာထားကြောင်း ဂျာကာတာပို့စ် သတင်းမှာ ဖော်ပြပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်တဲ့အတွက် အသုံးပြုမှုနည်းပါးနေဆဲဖြစ်တဲ့ ပြည်တွင်းသဘာဝဓာတ်ငွေ့ သုံးစွဲမှုကို တိုးမြှင့်ပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

နိုင်ငံတော်ဘတ်ဂျက်ကို ပြင်ဆင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်ရာ ယခုဆောင်ရွက်မယ့် ဘတ်ဂျက်လျာထားချက်ကလည်း နိုင်ငံတော်ဘတ်ဂျက်ပြင်ဆင်ချက်ထဲမှာ ပါဝင်ပါတယ်။ ဘတ်ဂျက် ပြင်ဆင်မှုအရ ဝန်ကြီးဌာနက နောက်ထပ် ဘတ်ဂျက်ရူပြား ၅ ထရီလီယံ (ဒေါ်လာ ၃၉၃ ဘီလီယံ) ထပ်မံရရှိမှာဖြစ်တဲ့အတွက် စုစုပေါင်းသုံးစွဲရမယ့် ဘတ်ဂျက်က ရူပြား ၁၅ ထရီလီယံရှိမှာဖြစ်ကြောင်း စွမ်းအင်နဲ့ သယံဇာတဝန်ကြီး ဆူဒါမန်ကပြောပါတယ်။

နောက်ထပ် တိုးပေးလိုက်တဲ့ ဘတ်ဂျက်ကို စွမ်းအင်အမျိုးမျိုးဖြန့်ကြက်အသုံးပြုရေး အစီအစဉ်တွေမှာ သုံးစွဲမှာဖြစ်ကြောင်း ဒီအစီအစဉ်တွေထဲမှာ သဘာဝဓာတ်ငွေ့အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပြီး နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖြစ်တဲ့ PT Perusahaan Listrik Nagara (PLN) ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်ကို ဆောက်လုပ်ဖို့၊ ဓာတ်ဆီကိုသုံးစွဲနေဆဲဖြစ်တဲ့ဒေသတွေအတွက် သဘာဝဓာတ်ငွေ့ရည် (အယ်လ်ပီဂျီ)သုံးစွဲနိုင်အောင်လှောင်ကန် ၂ သန်း တည်ဆောက်ဖို့၊ ဒီဇယ်ကနေ အယ်လ်ပီဂျီပြောင်းပြီး ငါးဖမ်းသမားတွေသုံးစွဲနိုင်အောင်ကွန်ဗာတာ ၅၀၀၀၀ ကို ဖြန့်ဖြူးဖို့နဲ့ တိုင်းပြည်ရဲ့ပြင်ပနေရာမှာ လျှပ်စစ်ဓာတ်အား ဝယ်ယူဖြည့်တင်းရေးကိုဆောင်ရွက်ပေးဖို့တို့ ပါဝင်ပါတယ်။

ဘတ်ဂျက်ထဲက ရူပြား ၅ ဒသမ ၀၄ ထရီလီယံကို လျှပ်စစ်ဓာတ်အားအစီ အစဉ်တွေအတွက် အသုံးပြုမှာဖြစ်ပြီး ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ဆောင်ရွက်ပေးမှာဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားလုပ်ငန်း ညွှန်ကြားရေးမှူး ဂျာမန်းက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ရေနံဈေးနှုန်းနဲ့ နိုင်ငံသုံးငွေကြေးတန်ဖိုး ကျဆင်းမှုကြောင့် မလေးရှား စီးပွားရေးကို ထိခိုက်

ရေနံဈေးနှုန်းတွေ ဆက်တိုက်ကျဆင်းတဲ့အတွက် မလေးရှားသုံးငွေကြေး ရင်းဂစ်ကို ထိခိုက်မှုတွေရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်စတုတ္ထသုံးလပတ်အတွင်း ငွေကြေးတန်ဖိုးရဲ့ ကျဆင်းမှုက ၁၉၉၈ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်း နောက်ပိုင်းအမြင့်မားဆုံးဖြစ်ခဲ့ပါတယ်။ ငွေကြေးတန်ဖိုးကျဆင်းတဲ့နှုန်းက အာရှထွန်းသစ်စဈေးကွက်ရှိ ငွေကြေးအားလုံးထဲမှာ အမြင့်မားဆုံးဖြစ်ကြောင်း မီဒီယာသတင်းတွေမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ်မှာ ဘရင့်ရေနံဈေးနှုန်းက ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းမှုကြောင့် အာရှဒေသရှိ တစ်ခုတည်းသော ရေနံအသားတင် တင်ပို့နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံ ဝင်ငွေကိုလည်း အကြီး အကျယ်ကျဆင်းစေခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်မှာ မလေးရှားရင်းဂစ်တန်ဖိုး က ၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းတဲ့အတွက် အာရှဘဏ္ဍာရေးအကျပ်အတည်းပြီးနောက်ပိုင်းမှာ စံချိန်သစ်တင်တဲ့ကျဆင်းမှုဖြစ်ပါတယ်။ ဒီဇင်ဘာတစ်လတည်း လစဉ်ကျဆင်းနှုန်းက ၃ ဒသမ ၃ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ ရေနံလုပ်ငန်းကရတဲ့ဝင်ငွေက မလေးရှားနိုင်ငံ ဝင်ငွေရဲ့သုံးပုံတစ်ပုံရှိကြောင်း Bank of America မှ စီးပွားရေးပညာရှင် ဟက်ဘင်ချွာကပြောပါတယ်။

ဒီလိုအခြေအနေတွေကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနဲ့ ၂၀၁၅ ခုနှစ် ဘတ်ဂျက်လိုငွေကျဆင်းဖို့အတွက် ထားရှိတဲ့ ဒီရည်မှန်းချက်နှစ်ခုစလုံးကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးလို့ သူကခန့်မှန်းပါတယ်။

မလေးရှားနိုင်ငံက ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၅ ရာခိုင်နှုန်း ကနေ ၆ ရာခိုင်နှုန်းအထိ ရှိရမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် Bank of America ကတော့ ၄ ဒသမ ၆ ရာခိုင်နှုန်းပဲရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဘတ်ဂျက်လိုငွေကို ၂၀၁၅ ခုနှစ် ဂျီဒီပီရဲ့ ၃ ရာခိုင်နှုန်းပဲရှိဖို့ အစိုးရက ရည်မှန်းထားပါတယ်။ Bank of America က ၃ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

## ဗီယက်နမ်သံမဏိထုတ်လုပ်ရေးကဏ္ဍက အစိုးရထံမှ အကူအညီတောင်းခံ

သံမဏိရောင်းလိုအားကဝယ်လိုအားကို ကျော်လွန်ခြင်းနဲ့သံမဏိတင်သွင်းမှုကြောင့်ဖြစ်ပေါ်လာတဲ့ အကျပ်အတည်းများပိုမိုကြီးထွားလာခြင်းတို့ ကြောင့် ယခုနှစ်မှာ ဗီယက်နမ်သံမဏိ ထုတ်လုပ်ရေးကဏ္ဍအနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် အစိုးရမှကူညီပေးပါရန် ပန်ကြားထားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်သံမဏိထုတ်လုပ်မှု စုစုပေါင်းက တန် ၂၂ သန်းရှိမယ်လို့ ခန့်မှန်း



ထားရာဝယ်လိုအားရဲ့ နှစ်ဆနီးပါးထိရောက်ရှိနေကြောင်း ဗီယက်နမ် သံမဏိအသင်းရဲ့ အဆိုအရသိရပါတယ်။ ဒါပေမယ့် ဗီယက်နမ်သံမဏိထုတ်ကုန်ကို အမျိုးမျိုးခွဲခြားထုတ်လုပ်နိုင်ခြင်းမရှိတဲ့အတွက် သွင်းကုန်ကိုမှီခိုနေ ရဆဲဖြစ်ပါတယ်။

သံမဏိဝယ်လိုအားက ဒီနှစ်ထဲမှာ ထိထိရောက်ရောက်တိုးတက်လာဦးမှာမဟုတ်ကြောင်းနဲ့ ကဏ္ဍရဲ့ထုတ်လုပ်မှုက ၂၀၁၄ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းတိုးတက်လာပြီးနောက်ပိုင်း ယခုနှစ်မှာ ၁၁ ဒသမ ၈ ရာခိုင်နှုန်းအထိတိုးတက်လာဦးမှာဖြစ်ကြောင်းအသင်းကပြောပါတယ်။ မကြာသေးမီနှစ်များအတွင်း အိမ်ခြံမြေဈေးကွက်ကို ဖြေလျှော့ပေးလိုက်တဲ့ အစိုးရရဲ့ အစီအမံတွေက အထောက်အကူပေးခဲ့တာကြောင့် ယခင်နှစ်က ဒီကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း အသင်းကပြောပါတယ်။ ဒါကြောင့် ကြုံတွေ့ရတဲ့အခက်အခဲတွေကို ကျော်လွှားနိုင်တာဖြစ်ကြောင်း လုပ်ငန်းပိုင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေက ပြောပါတယ်။ ယခုနှစ်မှာလည်း ဒီကဏ္ဍအတွက် ခက်ခဲကျပ်တည်းတဲ့ နှစ်တစ်နှစ် ဖြစ်နိုင်ကြောင်း ခန့်မှန်းကြပါတယ်။ သွင်းကုန်နိုင်ငံတွေကကျင့်သုံး တဲ့ ကုန်သွယ်မှု ခံစစ်အစီအမံတွေကြောင့် ကမ္ဘာ့စီးပွားရေးပေါင်းစည်းမှု ဖြစ်စဉ်တွေဟာ ပြည်တွင်းသံမဏိထုတ်လုပ်သူတွေကိုအခက်အခဲကြုံတွေ့စေဦးမှာဖြစ်ကြောင်း ခန့်မှန်းကြပါတယ်။

တန်ပြန်စုပုံခွန်ကောက်ခံခြင်းကဲ့သို့သော ကုန်သွယ်မှု ခံစစ်အစီအမံတွေကြောင့်ဗီယက်နမ်ပြည်တွင်းထုတ်လုပ် သူတွေမှာငွေကြေးအရဆုံးရှုံးမှုတွေ အပြင် ပို့ကုန်ကျဆင်းမှုတွေလည်းကြုံတွေ့ စေနိုင်ကြောင်းအသင်းရဲ့ ဒုတိယဥက္ကဋ္ဌ ငုယင် ဗန်ဆူအာက ပြောပါတယ်။

## ယခုနှစ်အတွက်ကောင်းစွာပြင် ဆင်ထားဖို့ထိုင်းခရီးသွားလုပ်ငန်းကောင်စီက အော်ပရေတာတွေကို သတိပေး

နိုင်ငံအများအပြားတွင် စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမှုနဲ့ ပြင်းထန်တဲ့ယှဉ်ပြိုင်မှုတို့က ယခုနှစ် ခရီးသွားလုပ်ငန်းတိုးတက်မှုကို ဆက်လက်ပြီး အဟန့်အတားပြုလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းကောင်စီ (TCT) က ပြောကြားချက်ကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

“ဒီလိုစိုးရိမ်မှုက အော်ပရေတာရာပေါင်းများစွာအတွက် TCT က ခံစားမိတဲ့စိုးရိမ်မှုဖြစ်ပါတယ်။ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာမှာမဟုတ်ဘူးလို့လည်း သူတို့ကိုသတိပေးထားပါတယ်”လို့ ကောင်စီဥက္ကဋ္ဌ အစ်တီရစ် ကင်းလင်းက ဇန်နဝါရီ ၁၂ ရက်က ပြောပါတယ်။

နိုင်ငံရေး တင်းမာမှုများကြောင့် ထိုင်းနိုင်ငံအတွင်းကို နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု သန်းချီပြီး ကျဆင်းခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် ခရီးသွားလုပ်ငန်းကိုထိခိုက်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် နှစ်သစ်ကူးရာသီအတွင်း ခရီးသွားလုပ်ငန်းပတ်ဝန်းကျင်အခြေအနေတွေ တိုးတက်ကောင်းမွန်လာတဲ့အတွက် ခရီးသွားလုပ်ငန်း အခြေအနေက ပုံမှန်ရောက်အောင် ပြန်လည်ကောင်းမွန်လာကြောင်း ချူလာလောင်ကွန်းတက္ကသိုလ်က ပြုစုထားတဲ့ ခရီးသွားလုပ်ငန်းယုံကြည်မှု အညွှန်းကိန်းမှာ ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ်မှာ ခရီးသွားလုပ်ငန်းက ခိုင်ခိုင်မာမာ ဦးမော့လာလိမ့်မယ်လို့လည်းလေ့လာချက်မှာသုံးသပ်ဖော်ပြထားပါတယ်။ TCT ဟာအကြီးမားဆုံး ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းတစ်ခုဖြစ်ပြီးဟိုတယ်နဲ့ ဆက်နွယ်နေတဲ့ အသင်း ၈၀ ပါဝင်ကာ အထူးသီးသန့်အဖွဲ့ဝင် ၁၂၂ ဦး ပါဝင်ပါတယ်။ အခြားအခက်အခဲများလည်း အများအပြား ရှိနေသေးတဲ့အတွက် စိုးရိမ်မှုတွေရှိနေပါတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ယခုနှစ်အကုန်မှာ အပြည့်အဝ အကောင်အထည်ဖော်နိုင်မှာဖြစ်ပေမဲ့ခရီးသွားလုပ်ငန်းကိုတော့ ထူးထူးခြားခြား အကျိုးဖြစ်ထွန်းစေမှာမဟုတ်ဘူးလို့ ပြောပါတယ်။

ပြည်တွင်းနိုင်ငံရေးပြဿနာတွေနဲ့ သဘာဝဘေးအန္တရာယ်တွေဟာလည်း ခန့်မှန်းရခက်တဲ့အတွက် ရှာဖွေဖော်ထုတ်ဖြေရှင်းဖို့ ခက်ခဲပါ တယ်။ ဒါပေမယ့် တစ်နှစ်လုံး ခြုံငုံ တွက်ချက်မယ်ဆိုရင် အခြေအနေ ကောင်းမွန်မယ်လို့ ရှုမြင်ထားပြီး အကျပ်အတည်းပြဿနာ ထပ်ပေါ်မလာဘူးဆိုရင် ထိုင်းနိုင်ငံကို နိုင်ငံခြားသားခရီးသွား ၂၈ သန်း လာရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီအရေအတွက်က ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၁၄ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုတိုးတက်မှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံအတွင်းကို ဝင်ရောက်လာမယ့် ခရီးသည်များထံမှ ရရှိမယ့်ဝင်ငွေက ဘတ်ငွေ ၁ ဒသမ ၂၉ ထရီလီယံရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်နှစ်က ရရှိခဲ့တဲ့ဝင်ငွေက ၆ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ဘတ် ၂၄ ဒသမ ၇၁ သန်းရှိခဲ့ပါတယ်။ အဓိကဝင်ရောက်လာတဲ့ ခရီးသည်တွေက မလေးရှား၊ စင်ကာပူနဲ့ အင်ဒိုနီးရှားတို့မှ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဘာလင်**

ယူရိုဇုန်ထဲမှာ ဂရိနိုင်ငံတည်ရှိနေစေလိုတဲ့ ဆန္ဒရှိကြောင်း ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဇန်နဝါရီ ၁၅ ရက်ကပြောပါတယ်။ သူမရဲ့ ပြောကြားချက်က ဥရောပသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ ချမှတ်ထားတဲ့ခြိုးခြံချွေတာရေးမူတွေကို စွန့်လွှတ်မယ့် လက်ဝဲပါတီတစ်ခုက ဂရိနိုင်ငံမှာ အနိုင်ရနိုင်မယ့်အခြေအနေရှိတဲ့ ရွေးကောက်ပွဲမတိုင်မီ ၁၀ ရက်ခန့်အလိုမှာ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။

**စင်ကာပူ**

ရေနံမပါဝင်တဲ့ စင်ကာပူရဲ့ ပို့ကုန်လုပ်ငန်းက နိုဝင်ဘာမှာ သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ဒီဇင်ဘာမှာ ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း အဓိကအားဖြင့် အီလက်ထရွန်းနစ်နဲ့ အီလက်ထရွန်းနစ် မဟုတ်တဲ့ ပို့ကုန်လုပ်ငန်းများ မြင့်တက်မှုကြောင့်ဖြစ်ကြောင်းInternational Enterprise (IE) Singapore ရဲ့ ဇန်နဝါရီ ၁၆ ရက်ထုတ်ပြန်ချက်ကို ကိုးကားပြီး CNA ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

**ဂျကာတာ**

အင်ဒိုနီးရှားနိုင်ငံမှာ အဓိကကျတဲ့ကုန်စည်တွေကို တင်ပို့တဲ့အခါ ငွေလွှဲစာတမ်း Letter of Credit ပါရမယ်လို့ စည်းမျဉ်းဥပဒေသစ်မှာပြဋ္ဌာန်းထားပြီး ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ငွေလွှဲစာတမ်းလိုတဲ့ကုန်စည်တွေထဲမှာ ကျောက်မီးသွေး၊ စားအုန်းဆီ၊ အုန်းဆီ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့နဲ့ ဓာတ်သတ္တုစတဲ့ပစ္စည်းတွေပါဝင်ကြောင်း ဂျကာတာပို့စ်ဝက်ဘ်ဆိုက်မှာ ဖော် ပြပါတယ်။

**ဟနွိုင်း**

ဗီယက်နမ် အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာနက ဗီယက်နမ် ခရီးသွားလုပ်ငန်းကြော်ငြာတွေကို ယူကျူကနေတစ်ဆင့်လွှင့်တင်တော့မှာဖြစ်ပါတယ်။ ဗီယက်နမ်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းတွေကို https://www.youtube.com/c/vietnam-tourism media မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ကြောင်း TTR weekly ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

## South East Asia

# အင်ဒိုနီးရှား ကျွဲနွားမွေးမြူရေးဖွံ့ ဖြိုးရေးအတွက် အစိုးရက မက်လုံးပေးဖို့လို

ပြည်တွင်းတိရစ္ဆာန်မွေးမြူရေး ထုတ်ကုန်ကို မြှင့်တင်ပြီး သွင်းကုန်များအပေါ် မှီခိုမှုကို လျှော့ချနိုင်အောင် အစိုးရက မက်လုံးများပေးပြီး ဆောင်ရွက်ဖို့ အင်ဒိုနီးရှား ကျွဲနွားတိရစ္ဆာန်မွေးမြူရေးအသင်းက တိုက်တွန်းကြောင်း ဂျကာတာပို့စ်ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

ထောက်ခံတင်ပြထားတဲ့ အစီအမံတွေထဲမှာ မျိုးရနိုင်တဲ့ နွားမဒန်းကြီးတွေအပေါ် ကောက်ခံတဲ့ သွင်းကုန်ခွန် ၅ ရာ ခိုင်နှုန်းကိုဖျက်သိမ်းဖို့နဲ့ သွင်းကုန်စာချုပ်ကို လွယ်ကူရှင်းလင်းစွာဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေပါဝင်ကြောင်း အင်ဒိုနီးရှားကျွဲနွားမွေးမြူသူများအသင်း (Indonesian Cattle Breeders Association-Gappsi) က ပြောပါတယ်။

"ကျွဲနွားမွေးမြူရေးအတွက် ရင်းနှီးမြှုပ်နှံရတာက အချိန်အကြာကြီး ယူရပါတယ်။ ဆုံးရှုံးနိုင်ခြေမြင့်မားပြီး အကျိုးအမြတ်က နည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းမှာ အစကတည်းက ထိုးဖောက်ဝင်ရောက်နိုင်ဖို့လိုပါတယ်။ အစိုးရရဲ့ အကူအညီမပါဘဲနဲ့တော့ လုပ်ငန်းကို ဘယ်သူမှစပြီး လုပ်ချင်မှာမဟုတ်ပါဘူး" လို့ ရင်းနှီး မြှုပ်နှံမှုပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (BKPM) လက်အောက်ရှိ Gappsi ရဲ့ ဥက္ကဋ္ဌဒါယန်းအန်တိုနီကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ မြင့်တက်လျက်ရှိနေတဲ့ အမဲသားဝယ်လိုအားကို ဖြည့်ဆည်းပေးဖို့အတွက် ပြည်ပကသွင်းယူလာတဲ့ ကျွဲနွားတိရစ္ဆာန်တွေအပေါ်မှာ အကြီးအကျယ်မှီခိုနေရပါတယ်။ ဒီ အမဲသားကို အများအားဖြင့် ဩစတြေးလျကရရတာဖြစ်ပြီး ပြည်တွင်းဖူလုံမှုရှိဖို့အတွက် ယခင်ကကြိုးပမ်းဆောင်ရွက်ချက်တွေကလည်း မအောင်မြင်ခဲ့ပါဘူး။

ဩစတြေးလျက တင်သွင်းတဲ့ အမဲသားက အတန်းအစား သုံးခုရှိပါတယ်။ Feedlot လို့ခေါ်တဲ့ နွားကိုမပေါ်မီ လပေါင်းများစွာကျွေးမွေးထားတဲ့ နွား၊ အမဲသား ဝယ်လိုအားကို ဖြည့်ဆည်းပေးရတဲ့ Slaughter-ready နွားနဲ့ မွေးမြူရေးအတွက် သီးသန့်မှာယူလိုတဲ့ နွားအမများဖြစ်ပါတယ်။

ကိုယ်ထူကိုယ်ထ ဖူလုံရေးအစီအစဉ်တွေ ထိရောက်မှုမရှိတာကိုတွေ့ရပြီးနောက်ပိုင်း ယခင်သမ္မတဟောင်း ဆူဆီလိုဘမ်ဘန်ယူဒိုနိုလက်ထက်မှာ နွားမဒန်းတွေ တင်သွင်းဖို့ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် ဒီအစီအစဉ်က အကျိုးအမြတ်ရှိမယ့်ပုံ မပေါ်တဲ့အတွက် ဒီအစီအစဉ်ကို နွားမွေးမြူသူအနည်းငယ်ကသာထောက်ခံခဲ့ပါတယ်။ ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်ဖို့အတွက် ဆူလန် မွေးမြူရေးခြံအပါအဝင် တချို့ မွေးမြူသူတွေက စားအုန်းဆီစိုက်ပျိုးရေးခြံတွေထဲမှာ မွေးမြူခဲ့ကြပါတယ်။

## South Asia

# အစားအစာဈေးနှုန်း မြင့်တက်မှုကြောင့် အိန္ဒိယငွေဖောင်းပွမှုနှုန်း မြင့်တက်

ငါးလအတွင်း ကျဆင်းခဲ့ရာမှ ရပ်တန့်သွားပြီးနောက် အိန္ဒိယနိုင်ငံရဲ့ လက်လီဈေးနှုန်းများရဲ့ ဖောင်းပွမှုက နိုဝင်ဘာမှာ ၄ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာမှာ ၅ ရာခိုင်နှုန်းထိမြင့်တက်ခဲ့ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြထားပါတယ်။

သစ်သီးနဲ့ ဟင်းသီးဟင်းရွက်စားသုံးသူဈေးနှုန်းတွေ မြင့်မားမှုကြောင့် လက်လီဈေးနှုန်းဖောင်းပွမှုတွေ တစ်ဟုန်ထိုး မြင့်တက်ခဲ့ပါတယ်။ သစ်သီးတွေရဲ့ စားသုံးသူဈေးနှုန်းဖောင်းပွမှု နိုဝင်ဘာမှာ တစ်ဟုန်ထိုးကျဆင်းခဲ့ပေမယ့် ဒီဇင်ဘာမှာအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်တွေရဲ့ ဈေးနှုန်း ဖောင်းပွမှုက (-)၁၀ ဒသမ ၉ ရာခိုင်နှုန်းကနေ သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ နို့နဲ့ နို့ထွက်ပစ္စည်းတွေရဲ့ လက်လီဈေးနှုန်း ဖောင်းပွမှုက အနည်းငယ် ကျဆင်းခဲ့ပေမယ့် ၉ ဒသမ ၆ ရာခိုင်နှုန်းထိတော့ မြင့်တက်နေဆဲဖြစ်ပါတယ်။




စားသုံးသီးနှံနဲ့ စားသုံးသီးနှံထုတ်ကုန်တွေရဲ့ ဈေးနှုန်းဖောင်းပွမှုက နိုဝင်ဘာမှာ ၅ ဒသမ ၂ ရာခိုင်နှုန်း ရှိရာမှ ဒီဇင်ဘာမှာ ၃ ဒသမ ၉၈ ရာခိုင်နှုန်းထိ ထပ်မံကျဆင်းခဲ့ပါတယ်။ ပဲမျိုးစုံရဲ့ လက်လီဈေးနှုန်းဖောင်းပွမှုက နိုဝင်ဘာမှာ ၇ ဒသမ ၅၄ ရာခိုင်နှုန်းရှိရာမှ ၇ ဒသမ ၂၄ အထိ အနည်းငယ်ကျဆင်းခဲ့ပါတယ်။

ဒီဇင်ဘာမှာ အကျဘက်ကစခဲ့ပေမယ့် ယခုအခါမှာ လက်လီဈေးနှုန်းဖောင်းပွမှုက ၂၀၁၅ ခုနှစ် ဇန်နဝါရီအတွက် အိန္ဒိယဗဟိုဘဏ်က ခန့်မှန်းထားတဲ့ ၈ ရာခိုင်နှုန်းအတွင်းမှာ ရှိလိမ့်မယ်လို့ခန့်မှန်းထားပါတယ်။ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုက နောက်ထပ်ပြီး သက်သာမှုကို ရရှိစေနိုင်ပါတယ်။

## US

# ယူရိုဇုန် စီးပွားရေးဖွံ့ဖြိုးမှု အနည်းငယ်သာ တိုးတက်

ယူရိုဇုန်စီးပွားရေးဖွံ့ဖြိုးမှုက အနည်းငယ် မြင့်တက်လာပေမယ့် အားနည်းနေဆဲပဲရှိကြောင်း အတိုင်ပင်ခံအဖွဲ့ (Think Tank) သုံးခုရဲ့ ပူးတွဲခန့်မှန်းချက်အစီရင်ခံစာကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

ယူရိုဇုန်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ် ပထမသုံးလပတ်နဲ့ ဒုတိယသုံးလပတ်မှာ သုည ဒသမ ၃ ရာခိုင်နှုန်းအသီးသီးဖွံ့ဖြိုးတိုးတက်မှုနှုန်း ရှိလိမ့်မယ်လို့ ဂျာမနီနိုင်ငံ မြူးနစ်မြို့ အခြေစိုက် IFO Institute; ပြင်သစ် နိုင်ငံမှ Insee Institute နဲ့ အီတလီနိုင်ငံမှ Istat Institute တို့ရဲ့ ပူးတွဲအစီရင်ခံစာမှာဖော်ပြထားပါတယ်။

ယူရိုဇုန်ရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၀၁၅ ခုနှစ်မှာ ပြန်လည်နာလန်ထူလာမယ်။ ဂျာမနီနဲ့စပိန်တို့ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မြင့်မားမယ်။ ပြင်သစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကအနည်းငယ်ရှိမယ်။ အီတလီနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက အားနည်းမယ်လို့ အဖွဲ့သုံးခုရဲ့ ပူးတွဲအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ယခုလိုဖွံ့ဖြိုးတိုးတက်ရတာဟာ အဓိကအားဖြင့် ဒေသတွင်းမှာဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေကြောင့်ဖြစ်ကြောင်း သုံးလပတ်အစီရင်ခံစာမှာ သုံးသပ်ဖော်ပြထားပါတယ်။ အလုပ်သမားဈေးကွက် နာလန်ထူမှုက တဖြည်းဖြည်း အရှိန်ရလာလိမ့်မယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါပေမယ့် လုပ်ခလစာတိုးတက်မှုနှုန်းနှေးကွေးတာနဲ့ ငွေကြေးဖောင်းပွမှုနှုန်းအလွန်ကျဆင်းတဲ့အတွက် ပုဂ္ဂလိကသုံးစွဲမှုကတော့ အကန့်အသတ်ရှိမယ်လို့ခန့်မှန်းပါတယ်။

ယူရိုဇုန်မှာ အခြားသော ဆုံးရှုံးနိုင်ခြေတွေ ရှိနေပါသေးတယ်။ အဲဒီအကြောင်းတရားတွေထဲမှာ ဂရိနိုင်ငံမှာကျင်းပမယ့် ပါလီမန်ရွေးကောက်ပွဲ ရလဒ်နဲ့ ယူရိုဇုန်ရဲ့တည်ငြိမ်မှုအလားအလာ စတဲ့အခြေအနေတွေပါဝင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



၁၂ လတာကာလအတွင်း အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ အာရှငွေကြေးတွေ တန်ဖိုးကျဆင်းမယ့် အလားအလာတွေ ပြသနေပြီး အာရှငွေကြေးတွေအနက် ဖိလစ်ပိုင် ပီဆိုရဲ့ တန်ဖိုးကစွမ်းဆောင်မှုအညံ့ဆုံးအခြေအနေမှာရှိနေပါတယ်။ အာရှဈေးကွက်မှာ ပီဆိုက ၁၇ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး ပီဆိုအပြင် ယွမ်နဲ့ ရင်းဂစ်ငွေကြေးတန်ဖိုးတွေကလည်း ၁၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၁၄ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ရေနံဈေးနှုန်းတွေ ထိပ်ဆုံးအထိမြင့်တက်မလာမီ ၁၂ လအတွင်းမှာ အာရှငွေကြေးတွေက ပျမ်းမျှ ၁၈ ရာခိုင်နှုန်းတန်ဖိုးကျဆင်းခဲ့ပါတယ်။ ရေနံဈေးနှုန်းတွေထိပ်ဆုံးအထိမြင့်တက်လာပြီးနောက်ပိုင်းမှာတော့ ပျမ်းမျှ ၂ ဒသမ ၂ ရာခိုင်နှုန်းတန်ဖိုးမြင့်တက်လာမယ်လို့ လေ့လာချက်အရ ခန့်မှန်းထားပါတယ်။

ဆော်ဒီအာရေဗီးယားအပါအဝင် အိုပက်အဖွဲ့ဝင် နိုင်ငံတွေက ရေနံထုတ်လုပ်မှုလျှော့ချခြင်းမပြုဖို့ ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ရေနံဈေးနှုန်းတွေ အမြင့်ဆုံးကိုရောက်ရှိခဲ့တဲ့ ၂၀၁၄ ခုနှစ် ဇူလိုင်နောက်ပိုင်းမှာ ရေနံစိမ်းဈေးက ၅၆ ရာခိုင်နှုန်းကျဆင်းပြီး ရေနံတစ်စည်ကို အမေရိကန်ဒေါ်လာ ၅၀ အောက်ကို ကျဆင်းခဲ့ပါတယ်။ လာမယ့်လအနည်းငယ်အတွင်းမှာ ရေနံဈေးနှုန်းတွေက တစ်စည်ကို ဒေါ်လာ ၄၀ အထိကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

ယန်းငွေတန်ဖိုးတွေက ကျဆင်းနေပေမယ့် ဂျပန်နိုင်ငံနဲ့ အီလက်ထရွန်းနစ်တင်ပို့မှုမှာ ယှဉ်ပြိုင်နေရတဲ့ တောင်ကိုရီးယားနဲ့ တရုတ်(တိုင်ပေ) တို့ကတော့ သူတို့ငွေကြေးတွေ မြင့်တက်နေတာကို ဝင်ရောက်စွက်ဖက်မယ့် လက္ခဏာကို မတွေ့ရသေးပါဘူး။

**တရုတ်ယွမ်**

ဆွစ်ဇာလန် အမျိုးသားဘဏ်က ယူရိုနဲ့ဖလှယ်ရာမှာ ဆွစ်ဖရန့်တန်ဖိုးထိန်းချုပ်ထားတာကို ရုတ်တရက် စွန့်လွှတ်လိုက်တဲ့အတွက် ဒေါ်လာတန်ဖိုးကို မြင့်တက်လာစေခဲ့ပြီးနောက် ယွမ်ငွေကြေးရဲ့ တန်ဖိုးက ရက်သတ္တပတ်လေးပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ယွမ်ငွေတန်ဖိုးက ရှန်ဟဲမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၂၀၆၆ ယွမ်နှုန်းရှိတဲ့အတွက် သုည ဒသမ ၃ ရာခိုင်နှုန်းတန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၁၈ ရက်နောက်ပိုင်းကျဆင်းမှုအများဆုံးဖြစ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပင်လယ်ရပ်ခြားဒေသမှာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့တဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ဒီဇင်ဘာ ၁၆ ရက်က ရူပီးတန်ဖိုးက သုည ဒသမ ၁၁ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၁၇ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဒေသမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်မှာ အိန္ဒိယရှယ်ယာတွေ တန်ဖိုးကျဆင်းတာကလည်း ရူပီးတန်ဖိုးကျဆင်းဖို့ အထောက်အကူပေးခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ယူရိုနဲ့ဖလှယ်ရာမှာ ဆွစ်ဖရန့်ငွေတန်ဖိုး ကန့်သတ်ချက်ကို ဆွစ်အမျိုးသားဘဏ်က ရုတ်တရက်ဖယ်ရှားပေးပြီးနောက်ပိုင်း လုံခြုံစိတ်ချမှုအတွက် အသုံးပြုတဲ့ငွေကြေးတွေရဲ့ တန်ဖိုးတွေ မြင့်တက်ခဲ့ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို ထိခိုက်စေခဲ့ပါတယ်။ ဂျပန်ယန်းတန်ဖိုးက ဇန်နဝါရီ ၁၆ ရက်မှာ အဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ယန်းငွေတန်ဖိုး မြင့်တက်ခဲ့ပြီး တစ်ဒေါ်လာကို ၁၁၅ ဒသမ ၈၄ ယန်းအထိ ရောက်ရှိခဲ့ရာ တစ်လအတွင်း အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။ ယူရိုနဲ့ ဖလှယ်ရာမှာ ၁၃၅ ဒသမ ၀၅ ယန်းနှုန်းမှ ၁၃၄ ဒသမ ၆၉ ယန်းထိ ယန်းတန်ဖိုး မြင့်တက်ခဲ့ရာ သုံးလအတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းငွေကြေးကို အဝယ်မလိုက်တဲ့အတွက် ဒေါ်လာနဲ့ဖလှယ်တဲ့အခါမှာ ဇန်နဝါရီ ၁၆ ရက်က ရင်းဂစ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးက ဇန်နဝါရီ ၁၅ ရက်ညနေ ၅ နာရီမှာ တစ်ဒေါ်လာ ၃ ဒသမ ၅၅၉၀ ရင်းဂစ်နှုန်း ရှိရာမှ ၁၆ ရက် မနက် ၉ နာရီမှာ တစ် ဒေါ်လာကို ၃ ဒသမ ၅၇၄၀ ရင်းဂစ်နှုန်းထိ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးက တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း တန်ဖိုးကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ရေနံဈေးနှုန်းကျဆင်းမှုက ဒေသတွင်းရှိနိုင်ငံများရဲ့ ကုန်သွယ်မှုရှင်းတမ်းကိုအခြေအနေတိုးတက်ကောင်းမွန်စေမယ့် လက္ခဏာတွေပြသလာတဲ့အတွက် တောင်ကိုရီးယား ဝမ်နဲ့ တရုတ်(တိုင်ပေ) ဒေါ်လာတို့ရဲ့ တန်ဖိုးတွေက ယခုရက်သတ္တပတ်အတွင်း ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ဆွစ်ဇာလန်ဘဏ်က ငွေကြေးတန်ဖိုးထိန်းချုပ်မှုကို စွန့်လွှတ်လိုက်ပြီးနောက်ပိုင်း ဇန်နဝါရီ ၁၆ ရက်နေ့မှာ ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ထိုင်းဘတ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဘတ်ငွေတန်ဖိုးက ဇန်နဝါရီ ၁၅ ရက်က တစ်ဒေါ်လာကို ၃၂ ဒသမ ၇၅ ဘတ်ရှိရာမှ ၁၆ ရက်နေ့လယ် ၁ နာရီ ၅၂ မိနစ်မှာ တစ်ဒေါ်လာကို ၃၂ ဒသမ ၆ ဘတ်နှုန်းထိ မြင့်တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရူဘယ်တန်ဖိုးမြင့်တက်စေရန်အတွက် ရုရှားဗဟိုဘဏ်က ၂၀၁၄ ခုနှစ်အတွင်း ဒေါ်လာ ၇၆ ဘီလီယံကျော် ရောင်းချ

ရုရှားနိုင်ငံသုံးငွေကြေးတန်ဖိုး ဆက်တိုက်ကျဆင်းနေတာကြောင့် ရူဘယ်တန်ဖိုးကို တိုးမြှင့်ပေးနိုင်ရန်အတွက် ရုရှားဗဟိုဘဏ်က ၂၀၁၄ ခုနှစ် အတွင်းမှာ ဒေါ်လာ ၇၆ ဒသမ ၁ ဘီလီယံဖိုးနဲ့ယူရို ၅ ဒသမ ၄ ဘီလီယံဖိုးကို ထုတ်ရောင်းခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက်ကထုတ်ပြန်တဲ့စာရင်းဇယားတွေအရ တွေ့ရပါတယ်။

ယူကရိန်းနိုင်ငံ အကျပ်အတည်းနဲ့ပတ်သက်ပြီးအနောက်နိုင်ငံတွေက စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုနဲ့ ရေနံဈေးနှုန်းများ ကျဆင်းတာတွေကြောင့် ၂၀၁၄ ခုနှစ်မှာ ရုရှားရူဘယ်တန်ဖိုးကဒေါ်လာနဲ့ ဖလှယ်ရာမှာ ၄၁ ရာခိုင်နှုန်း၊ ယူရိုနဲ့ ဖလှယ်ရာမှာ ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ရုရှားနိုင်ငံအနေနဲ့ ကရိုင်းမီးယားဒေသကို ဝင်ရောက်စဉ်က ဒေါ်လာ ၂၂ ဒသမ ၃ ဘီလီယံ၊ အောက်တိုဘာမှာ ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံနဲ့ ရေနံဈေးနှုန်းတွေ အဆမတန်ကျဆင်းစဉ် ဒီဇင်ဘာက ၁၁ ဒသမ ၉ ဘီလီယံဖိုးရောင်းချခဲ့ရတဲ့အတွက် ယခုတစ်ကြိမ်ရူဘယ်တန်ဖိုးမြင့်တက်ဖို့ ယခုတစ်ကြိမ်ရောင်းချမှုက အမြင့်ဆုံးဖြစ်ကြောင်း ဗဟိုဘဏ်မှ ထုတ်ပြန်တဲ့စာရင်းဇယားတွေအရ တွေ့ရပါတယ်။

ရူဘယ်တန်ဖိုးကျဆင်းခဲ့တဲ့ အတွက် တုန်လှုပ်ခြောက်ခြားမှုဖြစ်ကာ ရုရှားလူမျိုးများက သူတို့စုငွေတွေကို ဒီဇင်ဘာလအတွင်းက ဒေါ်လာ သို့မဟုတ် ယူရိုငွေကြေးအဖြစ် အပြေးအလွှားပြောင်းလဲလာကြပါတယ်။ ဒီဇင်ဘာ ၁၅ ရက်နဲ့ ၁၆ ရက်မှာ နှစ်ရက်အတွင်း ရူဘယ်တန်ဖိုးက လေးပုံတစ်ပုံလောက်ကျဆင်းပြီး အမြင့်ဆုံးအခြေအနေကိုရောက်ရှိခဲ့ပါတယ်။

နောက်ပိုင်းမှာ ရူဘယ်တန်ဖိုး ပြန်လည်တည်ငြိမ်သွားပေမယ့် ရေနံဈေးနှုန်းတွေက ဆက်လက်ကျဆင်းနေတဲ့အတွက် ဇန်နဝါရီမှာ ငွေကြေးဖလှယ်နှုန်းမှာ ရူဘယ်တန်ဖိုးက ကျဆင်းနေဆဲဖြစ်ပါ တယ်။

ဇန်နဝါရီ ၁၂ ရက် ဈေးဖွင့်ချိန်မှာ ရူဘယ်တန်ဖိုးကဒေါ်လာနဲ့ ယူရိုတို့နဲ့ ဖလှယ်ရာမှာကျဆင်းခဲ့ပါတယ်။ ရူဘယ် ငွေကြေးရဲ့ဖလှယ်နှုန်းက ယူရိုနဲ့ဖလှယ်ရာမှာ ၇၄ ဒသမ ၄၀ ရူဘယ်နဲ့ ဒေါ်လာ နဲ့ဖလှယ်ရာမှာ ၆၂ ဒသမ ၈၉ ရူဘယ်နှုန်းရှိခဲ့ပါတယ်။ ရုရှားနိုင်ငံရဲ့ အရန်ငွေကြေးပမာဏက ဒေါ်လာဘီလီယံ ၄၀၀ အထိရောက်ရှိခဲ့ရာ ငါးနှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

# အိန္ဒိယနိုင်ငံက အတိုးနှုန်းများကို ရုတ်တရက်လျှော့ချ

ရေနံစိမ်းဈေးနှုန်းများနဲ့ တခြားကုန်သွယ်မှု ဈေးနှုန်းတွေ တစ်ဟုန်ထိုးကျဆင်းမှုကြောင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုလျင် မြန်အောင်ဆောင်ရွက်နိုင်မယ့် အခြေအနေတွေရှိလာပြီဖြစ် တဲ့အတွက် အိန္ဒိယဗဟိုဘဏ်ရဲ့ အခြေခံ ကာလတို အတိုးနှုန်းကို ဇန်နဝါရီ ၁၅ ရက်က သုည ဒသမ ၂၅ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့ကြောင်း ndtv ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။



နောက်တစ်ကြိမ် ဆောင်ရွက်မယ့် အစီအစဉ်က အတိုးနှုန်းတွေ လျှော့ချမှာဖြစ်ပေမယ့် ဖေဖော်ဝါရီ ၃ ရက်မှာ ဆောင်ရွက်မယ့် ဘဏ်ရဲ့ကြီးကြပ်ရေးဆွေးနွေးပွဲ မတိုင်မီ အတိုးနှုန်းလျှော့ချဖို့ အစီအစဉ်မရှိကြောင်း ဇန်နဝါရီ ၁၄ ရက်ကပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဗဟိုဘဏ်ဥက္ကဋ္ဌ ရာဟူးရမ်ဂျီရာ ဂျန်က ပြောကြားခြင်းမရှိခဲ့ပါဘူး။

ဒီဇင်ဘာ ၂ ရက်က ဗဟိုဘဏ်ရဲ့ အတိုးနှုန်းသုံးသပ်မှုအစည်းအဝေးကို နောက်ဆုံးပြုလုပ်ခဲ့ပြီးနောက်ပိုင်း ရေနံဈေးနှုန်းတွေအဆမတန် ကျဆင်းခဲ့ပါ တယ်။ ဒီလိုကျဆင်းမှုကြောင့် ရေနံတင်သွင်းမှုကိုအားပြုနေရတဲ့ အိန္ဒိယနိုင်ငံအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းခဲ့ပါတယ်။ ရေနံဈေးနှုန်းတွေမကျဆင်းမီက ရေနံအတွက် အိန္ဒိယနိုင်ငံရဲ့ အသုံးစရိတ် ဒေါ်လာဘီလီယံ ၁၀၀ ဝန်းကျင်ရှိခဲ့ပါတယ်။ “ဒါပေမယ့် ရေနံဈေးနှုန်းတွေ အကျိုးဖြစ်ထွန်းခဲ့ပေမယ့် ဒီလိုအခြေအနေက ဘယ်လောက်ထိ ကြာမလဲဆိုတာကိုတော့ စဉ်းစားရမှာ ဖြစ်ပါတယ်”ဟု ရာဂျန်က ပြောပါတယ်။

ဝန်ကြီးချုပ်မိုဒီနဲ့ အရန်ဂျိတ်တလေအပါအဝင် သူ့ရဲ့ထိပ်တန်းမိတ်ဖက်တွေက ရာဂျန်ဘက်က ရပ်တည်ခဲ့ပေမယ့် အစိုးရအဖွဲ့အတွင်းမှာရှိတဲ့ စက်မှုပညာရှင်တွေက အတိုးနှုန်းတွေ လျှော့ချပေးဖို့ ဖိအားပေးလျက်ရှိပါ တယ်။

ဇန်နဝါရီ ၁၄ ရက်ကပြုလုပ်တဲ့ မူဝါဒသုံးသပ်မှုအစည်းအဝေးမှာ အတိုးနှုန်းပြောင်းလဲဖို့အတွက် အစိုးရအဖွဲ့က သူ့ကိုဖိအားပေးမှုမရှိကြောင်း ရာဂျန်က ကြိမ်ဖန်များစွာ ပြောပါတယ်။

International Entertainment
Vol: 15, No.3 Monday Jan 19 2015

# မာရီယာကာရေးထံကနေ ကွာရှင်းခွင့် တောင်းခံခဲ့တဲ့ နစ်ကင်နွန်

ဟောလိဝုဒ်ရဲ့ ဟာသသရုပ်ဆောင် ရက်ပါ အဆိုတော် နစ်ကင်နွန်ဟာ သူ့ဇနီးဖြစ်တဲ့ မာရီယာကာရေးထံကနေ ကွာရှင်းခွင့်တောင်းခံထားတယ်လို့ ဆိုပါတယ်။

မာရီယာကာရေးနဲ့ နစ်ကင်နွန်တို့ဟာ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က လက်ထပ်ခဲ့ကြတာဖြစ်ပြီး မော်ရိုကိုကင်နွန်နဲ့ မွန်ရိုးကင်နွန်ဆိုတဲ့ အမြွှာမောင်နှမနှစ်ဦး ထွန်းကားခဲ့ပါတယ်။

နစ်ကင်နွန်ဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၁၂ ရက်က တရားရုံးမှာ တရားဝင်ကွာရှင်းခွင့်ပြုပေးဖို့ လျှောက်ထားခဲ့တာဖြစ်ပါတယ်။ အမြွှာကလေး နှစ်ဦးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ကိုတော့ မာရီယာကာရေးကပဲ ရယူသွားမယ်လို့ဆိုပါတယ်။

"ကျွန်တော် သူနဲ့ဆန့်ကျင်ပြီးတော့ ဘာမှမပြောလိုပါဘူး။ သူကြိုက်တာ လုပ်ပါစေ။ သားနဲ့သမီးကို သူလည်းပိုင်ဆိုင်ခွင့်ရှိတာပဲ။ ကျွန်တော်တို့နှစ်ယောက်ကြားမှာဖြစ်ခဲ့တဲ့ အရှုပ်အထွေးလေးတွေကြောင့် ကလေးနှစ်ယောက်ကို စိတ်မညစ်စေချင်ပါဘူး"လို့ နစ်ကင်နွန်က ပြောကြားခဲ့ပါတယ်။

နစ်ကင်နွန်နဲ့ မာရီယာကာရေးတို့ဟာ ပြီးခဲ့တဲ့နှစ်ဧပြီလကတည်းက လမ်းခွဲဖို့ ပြောနေကြပေမယ့် တကယ်လမ်းမခွဲဖြစ်ခဲ့ကြဘဲ ခုမှသာ တရားဝင်လမ်းခွဲဖို့ကိစ္စတွေ ဖြစ်ပေါ်လာခဲ့တယ်လို့ သတင်းများက ရေးသားဖော်ပြထားကြပါတယ်။





# ပရိသတ်တစ်ဦးထံသို့ အမေရိကန်ဒေါ်လာ နှစ်ထောင်နီးပါးတန်ကြေးရှိ ချက်လက်မှတ်တစ်စောင်ပေးပို့ခဲ့တဲ့ တေလာဆွစ်ဖ်

အမေရိကန် ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ်ဟာ သူမရဲ့ ပရိသတ်တစ်ဦးထံကို အမေရိကန်ဒေါ်လာ ၁၉၈၉ တန်ကြေးရှိတဲ့ ချက်လက်မှတ်တစ်စောင် ပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။

Shake it Off အဆိုတော် တေလာဆွစ်ဖ်ဟာ ခရစ်စမတ်လက်ဆောင်အဖြစ် သူမရဲ့ပရိသတ်တွေထံကို လက်ဆောင်တွေပေးပို့ရာမှာ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ပရိသတ်တစ်ဦးထံကို အဲဒီချက်လက်မှတ်ကို ပေးပို့ခဲ့တာဖြစ်ပါတယ်။

အဲဒီချက်လက်မှတ်ကို လက်ခံရရှိတဲ့ ရီဘက်ကာဘွန်နီကာဆိုသူဟာ သူ့ရဲ့ ပညာရေးအသုံးစရိတ်အတွက် လိုအပ်နေတဲ့ငွေကို တေလာဆွစ်ဖ်ထံကနေ တောင်း ခံခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ဖ်ဟာသူ့ထံကို FedEx မှတစ်ဆင့် အဲဒီချက်လက်မှတ်ကို ပို့ လိုက်တာဖြစ်လို့ FedEx ကို သူက SwiftEx လို့အမည်ပြောင်းပြီး ခေါ်လိုက်တဲ့အကြောင်း တေလာဆွစ်ဖ်ထံ အမှာစကားပါးလိုက်ပါသေးတယ်။

တေလာဆွစ်ဖ်ရဲ့ ခရစ်စမတ်လက်ဆောင်တွေထဲမှာ အစိမ်းရောင်နဲ့အနက်ရောင်တွဲထားတဲ့ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ BEKS လို့ ရေဆေးပန်းချီကားတစ်ချပ်နဲ့ ပန်းမျိုးစုံ ၁၉၈၉ စည်းတွေ ပါဝင်ပါတယ်။ သူ့ရဲ့ချက်လက်မှတ်ကတော့ ဒီနှစ် ခရစ်စမတ်ကာလရဲ့ အထူးခြားဆုံးလက်ဆောင်တစ်ခုပဲဖြစ်တယ်လို့ အမေရိကန်ဒေါ်လာ ၁၉၈၉ကို လက်ခံရရှိခဲ့တဲ့ ဘွန်နီကာက ပြောကြားခဲ့တာဖြစ်ပါတယ်။



# (၈၇) ကြိမ်မြောက်အော်စကာဆုအတွက် ဆန်ကာတင်စာရင်းများ ထုတ်ပြန်ကြေညာ

(၈၇)ကြိမ်မြောက် အော်စကာဆုအတွက် ဆန်ကာတင်စာရင်းများကို ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါတယ်။

အဲဒီဆုတွေထဲမှာ ပြီးခဲ့ရက်သတ္တပတ်အတွင်းက ရွှေကမ္ဘာလုံးဆုကိုဆုအများဆုံး ရရှိသွားခဲ့တဲ့ Boyhood ဇာတ်ကား ပြန်လည်ပါဝင်လာတာကို တွေ့ရပါတယ်။ အဲဒီဆန်ကာတင်ရွေးချယ်ထားတဲ့ ရုပ်ရှင်ကားတွေအနက် ထပ်မံရွေးချယ်မယ့် ဇာတ်ကားတွေရဲ့စာရင်းကို ဖေဖော်ဝါရီ ၂ရက်မှာ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။

ဆုရွေးချယ်ရေးအဖွဲ့ဟာ အဲဒီဆုတွေကို ဖေဖော်ဝါရီ ၆ ရက်မှာ စတင်မဲပေးရွေးချယ်မှာဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက်မှာ ရွေးချယ်မှုကိုအဆုံးသတ်မှာဖြစ်ပါတယ်။

အော်စကာဆုအတွက် ဆန်ကာတင်ဆုရရှိတဲ့သူများစာရင်းကို The Force Awakens ဒါရိုက်တာ ဂျေဂျေအာဘရမ်၊ Gravity ဒါရိုက်တာ အယ်လ်ဖွန်ဆိုကူရွန်နဲ့ The Woods ရဲ့သရုပ်ဆောင် ခရစ်စ်ပိုင်းန်တို့က ဇန်နဝါရီ ၁၆ ရက်မှာ ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။

အော်စကာဆုအတွက် ကြိုတင် တစ်ပေးခြင်းခံထားရတဲ့ ဇာတ်ကားတွေအနက် ရွှေကမ္ဘာလုံးဆုရရှိထားတဲ့ Boyhood ဇာတ်ကား ပြန်လည်ပါဝင်လာတာကြောင့် အဲဒီဇာတ်ကားပဲ အော်စကာဆုရလိမ့်မယ်လို့ ထင်ကြေးပေးနေကြပါတယ်။

ဒါ့ပြင် The Grand Budarpest Hotel ၊ Bridman ၊ The Imitation Game ဇာတ်ကားတွေဟာလည်း အော် စကာဆုရရှိဖို့ တစ်ပေးခံရတဲ့ ဦးစားပေးစာရင်းထဲမှာ ပါဝင်နေတယ်လို့ ဆိုပါတယ်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို ရရှိနိုင်ဖို့ ရေပန်းအစားဆုံး သရုပ်ဆောင်တွေကတော့ American Sniper ဇာတ်ကားမှ ဘရက်ဒလေကူးပါး၊ Foxcather ဇာတ်ကားမှ စတိဗ်ကာရယ်လ်၊ The Imtation Game ဇာတ်ကားမှ ဘီနာဒစ်ကျူပါဘက်ချ်တို့ပဲဖြစ်တယ်လို့ ဆိုပါတယ်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိနိုင်ဖို့ ရေပန်းအစားဆုံး သရုပ်ဆောင်တွေကတော့ Two Days One Night ဇာတ်ကားရဲ့အဓိကသရုပ်ဆောင် မာရီယွန်ကော်တီလက်၊ The Theory of Everything ဇာတ်ကားမှ ဖီလီစီတီဂျုံးစ်၊ Still Alice ဇာတ်ကားမှ ဂျူလီအန်မိုးရ်၊ Gone Girl ဇာတ်ကားမှ ရိုဆာမွန်ပိုက်၊ Wild ဇာတ်ကားမှ ရီးစ် ဝီသာစပွန်းတို့ဖြစ်ပါတယ်။

(၈၇)ကြိမ်မြောက် အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်မှာ ဟောလိဝုဒ်ရဲ့ ဒိုလ်ဘီသီရေတာတွင် ကျင်းပမှာဖြစ်ပါတယ်။

HYPER AUTO

# HYPER AUTO Co., Ltd.











အမှတ်(၃)၊ ရတနာမွန်(၇)လမ်း။ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်။

Ph : 09-73111123, 09-73111166, 09-73250959 gmail : hyperautosalecentre@gmail.com Fax : (951) 01503324

COMMERCE INTERNATIONAL

# ဖိလစ်ပိုင်နိုင်ငံမှာ ဆန်သိုလှောင်လက်ကျန် ၈၉ ရက်စာ အလုံအလောက်ရှိ



ဒီဇင်ဘာမှာပြုစုထားတဲ့ စာရင်းဇယားများအရ ဖိလစ်ပိုင်နိုင်ငံရဲ့ ဆန်သို လှောင်လက်ကျန်က ၈၉ ရက်စာ အလုံ အလောက်ရှိနေကြောင်း ဖိလစ်ပိုင် စာရင်းအင်းအဖွဲ့ (Philippine Statistics Authority-PSA) ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီဇင်ဘာစာရင်းအရ သိုလှောင်လက်ကျန်က မက်ထရစ်တန် ၃ ဒသမ ဝ၃ သန်းရှိခဲ့ရာ ယခင်လကလက်ကျန် မက်ထရစ်တန် ၂ ဒသမ ၉၅ သန်းနဲ့ နှိုင်းယှဉ်ရင် ၂ ဒသမ ၇ ရာခိုင်နှုန်းပိုမိုလာတာကိုတွေ့ရပါတယ်။ နှစ်အလိုက်နှိုင်းယှဉ်ရင် မက်ထရစ်တန် ၂ ဒသမ ၄၉ သန်း ပိုမိုလာပါတယ်။

လအလိုက်နှိုင်းယှဉ်ရင် ကူးသန်းရောင်းဝယ်ရေးသိုလှောင်ရုံတွေမှာရှိတဲ့ ဆန်လက်ကျန်ပမာဏက ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ပါတယ်။ NFA မှာရှိတဲ့သိုလှောင်လက်ကျန်အနက် ၉၆ ဒသမ ၅ ရာခိုင်နှုန်းက ပြည်ပကတင်သွင်းထားတဲ့ဆန်တွေဖြစ်ပြီး ၁၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပါတယ်။ အိမ်ထောင်စုတွေမှာရှိတဲ့ ဆန်လက်ကျန်အဆင့်က ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းနေပါတယ်။

နှစ်အလိုက် နှိုင်းယှဉ်မယ်ဆိုရင် ကဏ္ဍအားလုံးမှာရှိတဲ့ သိုလှောင်မှုအဆင့်က မြင့်တက်လျက်ရှိပါတယ်။ အိမ်ထောင်စုတွေနဲ့ ကူးသန်းရောင်းဝယ်ရေး သိုလှောင်ရုံတွေမှာရှိတဲ့ စတော့လက်ကျန်တွေက ၉ ရာခိုင်နှုန်းနဲ့ ၂၉ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်လျက်ရှိပါတယ်။ NFA သိုလှောင်ရုံတွေမှာရှိတဲ့ ဆန်လက်ကျန်က ၆၂ ရာခိုင် နှုန်းရှိပါတယ်။

အိမ်ထောင်စုတွေမှာရှိတဲ့ သိုလှောင် လက်ကျန်က ၄၆ ရက်စာရှိပြီး ကူးသန်းရောင်းဝယ်ရေး သိုလှောင်ရုံတွေရဲ့ လက်ကျန်က ၂၉ ရက်စာနဲ့ NFA သိုလှောင်ရုံတွေမှာ လက်ကျန်က ၁၄ ရက်စာရှိပါတယ်။

ဒါပေမယ့် ဒီဇင်ဘာစာရင်းအရ တည်ရှိနေတဲ့ ပြောင်းဖူးသိုလှောင်လက်ကျန်က ယခင်လကရှိခဲ့တဲ့ မက်ထရစ်တန် ၂၃၉၅၀၀ နဲ့နှိုင်းယှဉ်ရင် ၉ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး မက်ထရစ်တန် ၂၁၆၀၀၀ ရှိပါတယ်။

ဒါပေမယ့် နှစ်အလိုက်နှိုင်းယှဉ်ရင်တော့ ၁၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

# စက်မှုလုပ်ငန်းအစုအဖွဲ့ ဖွံ့စည်းရေးစီမံချက်ကို ဗီယက်နမ်ဝန်ကြီးချုပ် အတည်ပြု

ကဏ္ဍငါးရပ်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ပြည့်ဝမယ့် အလားအလာရှိတဲ့ ထုတ်ကုန်များအတွက် စက်မှုလုပ်ငန်းအစုအဖွဲ့များ (Industrial clusters) နဲ့ တန်ဖိုးကွင်းဆက် (Value chain) များ ဖွဲ့စည်းမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နဲ့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်တစ်ခုကို ဗီယက်နမ်ဝန်ကြီး ငုယင်တန်ဇွန်းက အတည်ပြုပေးခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

ပါဝင်တဲ့ကဏ္ဍငါးရပ်မှာ အီလက်ထရွန်းနစ်နဲ့ သတင်းအချက်အလက်နည်းပညာ၊ အဝတ်အထည်၊ အစားအစာ ဆင့်တက်ပြုပြင်ရေး၊ လယ်ယာစိုက်ပျိုးရေးသုံး ယန္တရားနဲ့ ခရီးသွားလုပ်ငန်း စတဲ့လုပ်ငန်းကဏ္ဍတွေဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်နိုင်ဖို့နဲ့ ရှေ့ပြေးစီမံကိန်းတွေစတင်နိုင်ဖို့အတွက် ယှဉ်ပြိုင်နိုင်မှု အားသာချက်ရှိတဲ့ စက်မှုလုပ်ငန်းအစုအဖွဲ့တွေနဲ့ ထုတ်ကုန်တွေ ဆောင်ရွက်နေတဲ့ဒေသတွေကို လေ့လာရှာဖွေဖော်ထုတ်တဲ့လုပ်ငန်းကို ၂၀၁၅ ခုနှစ်အကုန်မှာ အပြီးသတ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်နိုင်ရေး၊ အပြန်အလှန် ဆက်သွယ်မှုရှိရေး၊ လူသားအရင်းအမြစ် တိုးတက်ကောင်းမွန်ရေးနဲ့ သိပ္ပံနည်းကျနည်းပညာများ ခေတ်မီတိုးတက်ရေး စတဲ့ ကိစ္စရပ်တွေအတွက် ဘက်စုံယန္တရားနဲ့ မူဝါဒတွေကိုချမှတ်ပြီး အလားအလာရှိတဲ့ဒေသတွေမှာ ရှေ့ပြေးစီမံကိန်းတွေကို ၂၀၂၀ ပြည့်နှစ်က စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြို့ကြီးတွေနဲ့ ပြည်နယ်တွေမှာ စက်မှုအစုအဖွဲ့တွေ တည်ထောင်တဲ့အခါ ဒေသခံတွေအတွက် ယှဉ်ပြိုင်နိုင်မှုအားသာချက်တွေရရှိစေနိုင်တဲ့ ထုတ်ကုန်တွေကို အခြေပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘင်ဒေါင်းမှာ အီလက်ထရွန်းနစ်လူသုံးကုန်များ၊ သိုင်းငုယင်၊ ဘက်နင်း၊ ဘက်ဂျန်း၊ ဟနွိုင်းနဲ့ ဟိုင်ဒေါင်းဒေသတွေမှာ Visual Electronics ပစ္စည်းများ၊ ဟနွိုင်း၊ ဟိုချီမင်းစီးတီးနဲ့ ဒါနန်းမှာ အိုင်တီနဲ့ ဆက်နွယ်နေတဲ့ပစ္စည်းတွေ ထုတ်လုပ်မှာဖြစ်ပါတယ်။

ယခုအစီအစဉ်အရ ပင်လယ်စာ ဆင့်တက်ပြုပြင်ရေး အစုအဖွဲ့များကို မဲခေါင်မြစ်ဝကျွန်းပေါ်မှာ ဆောင်ရွက်မှာဖြစ်ပြီး ပင်လယ်စာနဲ့ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တွေကို ကမ်းခြေဒေသ၊ ဗဟိုကုန်းမြင့်ဒေသ ပြည်နယ်များနဲ့ မြောက်ပိုင်းဒေသတွေမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူလယ်ယာထုတ်ကုန် ယန္တရားအစုအဖွဲ့များနဲ့ ခရီးသွားလုပ်ငန်းအစုအဖွဲ့များကိုလည်း သက်ဆိုင်ရာဒေသတွေမှာ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## စင်ကာပူစီးပွားရေးလုပ်ငန်းများအတွက် လုပ်သားကုန်ကျစရိတ်က ၂၀၁၅ ခုနှစ်မှာ အဓိက စိန်ခေါ်မှုဖြစ်နိုင်

လာမယ့် ခြောက်လမှ ၁၂ လ အတွင်း စင်ကာပူစီးပွားရေးလုပ်ငန်းတို့ ရင်ဆိုင်ရမယ့် အဓိကစိန်ခေါ်မှုများမှာ လုပ်သားကုန်ကျစရိတ်များဖြစ်ကြောင်း စင်ကာပူစီးပွားရေးလုပ်ငန်းဖက်ဒရေးရှင်း (Singapore Business Federation- SBF) ကပြုလုပ်တဲ့ အမျိုးသားစီးပွားရေးစစ်တမ်းမှာ ဖော်ပြထားပါတယ်။ အလုပ်သမားတွေအတွက်ပေးရတဲ့ အခွန်နဲ့ နိုင်ငံခြားလုပ်သားအရေအတွက်ကိုထိန်းချုပ်တာတွေက လုပ်သားဈေးကွက်မှာ အကျပ်အတည်းဖြစ်စေပြီး ကုန်ကျစရိတ်မြင့်တက်စေကြောင်း စစ်တမ်းကောက်ယူခဲ့တဲ့သူတွေရဲ့ ၈၃ ရာခိုင်နှုန်းက ပြောတယ်လို့ စီအင်အေဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

လာမယ့်လတွေမှာ ရင်ဆိုင်တွေ့ကြုံရလိမ့်မယ်လို့ သူတို့ခန့်မှန်းထားတဲ့ စိန်ခေါ်မှုတွေထဲမှာ ယှဉ်ပြိုင်မှုတိုးတက် မှုနဲ့ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်မရေရာမှုက ထိပ်ဆုံးကပါဝင်နေကြောင်း စစ်တမ်းအရတွေ့ရပါတယ်။ ဒီထိပ်တန်းစိန်ခေါ်မှုတွေကို ထိန်းချုပ်ဖို့အတွက် ၂၀၁၅ ခုနှစ်မှာ သူတို့ရဲ့ကုန်ကျစရိတ်ကို သက်သာအောင်ဆောင်ရွက်ပြီး ထုတ်လုပ်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မယ်လို့ စီးပွားရေးလုပ်ငန်းများရဲ့ ၇၃ ရာခိုင်နှုန်းက ပြောပါတယ်။

စီးပွားရေးလုပ်ငန်းတွေက ကုန်ကျစရိတ်လျှော့ချဖို့ အထူးသဖြင့် ငှားရမ်းခတွေနဲ့ နိုင်ငံခြားလုပ်သားတွေအတွက် ကောက်ခံတဲ့အခွန်တွေ လျှော့ကျသွားအောင် စီးပွားရေးလုပ်ငန်းတွေက ကြိုး ပမ်းဆောင်ရွက်ရာမှာ အစိုးရက အကူအညီပေးဖို့ စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေးလုပ်ငန်း ၆၂ ရာခိုင်နှုန်းက ပြောပါတယ်။ နိုင်ငံခြားလုပ်သားပါဝင်မှုအချိုးကို တိုးမြှင့်ပေးဖို့ ကုမ္ပဏီတွေ ကအစိုးရကို တိုက်တွန်းထားပါတယ်။

၂၀၁၅ ခုနှစ်ဘတ်ဂျက်မှာ ငှားရမ်းခတွေကို အစိုးရကထိန်းချုပ်ပေးဖို့ အတွက် စီးပွားရေးလုပ်ငန်း ၃၀ ရာခိုင်နှုန်းကဆန္ဒပြုပြီး နိုင်ငံခြားသားလုပ်သားတွေအတွက် ကောက်ခံတဲ့အခွန်လျှော့ ချဖို့ ၂၀ ရာခိုင်နှုန်းကတိုက်တွန်းထားပါတယ်။ SBF ကစစ်တမ်းကို ၂၀၁၄ ခုနှစ် စတုတ္ထသုံးလပတ်မှာ ကောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းပေါင်း ၉၅၀ ကျော်ကပြန် လည်ဖြေကြားပေးခဲ့တာဖြစ်ပါတယ်။